www.burmeseclassic.com

ငွေနှင်းလုံး သား စာအုပ်အမှတ် (၂)

# မင်းလူ

## အချစ်သက်သက်

(ဝတ္ထုတိုများ)



www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ
မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေနှလုံးသားစာအုပ်အမှတ် ( ၂ )

# မင်းလူ

# အချစ်သက်သက် ဝတ္ထုတိုများ

မြနန္ဒာချိုရေး

GOLDEN HEART
BOOK HOUSE
အမှတ် ၃၀ (၃-အေ)၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

တမူခွင့်ပြုချက်အမှတ် - ၄၇၃ / ၂၀၀၃ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၅၅ / ၂၀၀၃ (၆)

●

မျက်နှာဖုံး
ကာတွန်း–မောင်သီဟ၊
ကွန်ပျူတာ–ကိုဇင် (Star)

●

ကွန်ပျူတာစာစီ
အင်ကြင်း (DTP)

●

အုပ်ရေ
၁၀၀၀

●

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်

●

ထုတ်ဝေခြင်း
ဂျူလိုင်၊ ၂၀၀၃။

●

ထုတ်ဝေသူ
ဦးသက်လှိုင်၊ မိုးစန္ဒာစာပေ၊ ၃/ ၂၆၇၊ ခရေပင်လမ်း၊
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ။

●

ပုံနှိပ်သူ
ဦးမြတ်ကျော် (၀၅၅၅)၊ စာလုပ်ငန်းပုံနှိပ်တိုက်၊
၁၉၄ (မြေညီထပ်)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

●

တန်ဖိုး - ၆၀၀

●

BURMESE CLASSIC .com

## အချစ်သက်သက်ဝတ္ထုတိုများ

ကျွန်တော် ရေးခဲ့သော ဝတ္ထုတိုများအနက်မှ လူမှုရေး၊ ဘဝ၊ အတွေးအမြင်နှင့် မေတ္တာဖွဲ့ ဝတ္ထုတိုများကို ရွေးချယ်၍ 'လမ်းဖြတ်ကူးသော ဝတ္ထုတိုများ' အမည်ဖြင့် ဝတ္ထုတိုပေါင်းစု စာအုပ်တစ်အုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် 'လွန်လေပြီးသော နှလုံးသား' အမည်ဖြင့် မဂ္ဂဇင်းဝတ္ထုရှည်များ စာအုပ်ကို ဆက်လက်ထုတ်ဝေခဲ့ပါသည်။

ယခု ဤစာအုပ်တွင်မူ ချစ်မေတ္တာဖွဲ့ဝတ္ထုတိုကလေးများကို ရွေးချယ်၍ စုစည်းတင်ဆက်လိုက်ပါသည်။

ရိုသေလေးစားလျက်
**မင်းလူ**

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အရောင်ပြောင်းသွားသောနှလုံးသား | ၁ |
| ၂။ | ရွှေဝါရောင်ဥပုသ်နေ့ | ၁၄ |
| ၃။ | တစ်ဖက်သားရှုံးအောင် ပြုရက်လေတယ် | ၂၅ |
| ၄။ | ပြီးခဲ့သော ဇာတ်လမ်းအကျဉ်း | ၄၀ |
| ၅။ | အချစ်ဟုအဓိပ္ပာယ်သက်ရောက်ခြင်းမရှိစေရ | ၅၁ |
| ၆။ | အဖြစ်အပျက် | ၆၅ |
| ၇။ | စာ | ၇၅ |
| ၈။ | အချစ်ကို ပြုပြင်မွမ်းမံခြင်း | ၈၈ |
| ၉။ | အချစ်၏ တစ်နေ့တာ | ၁၀၀ |
| ၁၀။ | ဒါကတော့ ဒါပါပဲ | ၁၀၈ |
| ၁၁။ | မေ့ကျန်ရစ်ခဲ့သောမျက်နှာ | ၁၁၈ |
| ၁၂။ | သူတို့တွေ အလွန်ခက်တယ် | ၁၂၉ |
| ၁၃။ | မာလာနှင်းဆီမြနွယ် | ၁၃၉ |
| ၁၄။ | သူတစ်ယောက်မှာ | ၁၄၈ |
| ၁၅။ | ကံမကုန်လျှင် | ၁၅၈ |
| ၁၆။ | မြတ်ပါတယ်ဦးလေးရယ် | ၁၆၈ |
| ၁၇။ | ပုလင်းချစ်သူ | ၁၇၆ |





www.burmeseclassic.com

www.burmeseclassic.com

# အရောင်ပြောင်းသွားသောနှလုံးသား

( ၁ )

အဝီဝတီလမ်းပေါ်မှနေ၍ သစ်ပုပ်ပင်ကြီးကို လှမ်းကြည့်မိသည်။ သစ်ပုပ်ပင်ကြီး၏ အရွက်မရှိသော အကိုင်းများမှာ ဖဲကြိုးဝါကလေးတွေ ချည်ထားသည်။ လေတွင် တလူလူလွင့်လျက်ပါ။ အို... မိကျော်သည် ကျွန်တော့်ကို ပြန်ချစ်ကြောင်း အသိပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ ကျွန်တော့်ကိုချစ်လျှင် သစ်ပုပ်ပင်ကြီးမှာ ဖဲကြိုးဝါကလေးတွေ ချည်ထားပါဟု ကျွန်တော်မှာထားခဲ့ပါသည် မဟုတ်လား။

သစ်ပုပ်ပင်ကြီးနားကို လျှောက်သွားသည်။ သစ်ပုပ်ပင်ကြီးတွင်သာ မဟုတ်ပါ။ အပင်ခြေရင်းက စက္ကူပန်းပင်ချုံတွင်ပါ ဖဲကြိုးဝါကလေးတွေ ချည်ထားပါသည်။ ခပ်လှမ်းလှမ်းက မြက်ခင်းပေါ်မှာ ဖဲကြိုးဝါတစ်စ၊ ထို ဖဲကြိုးဝါစကလေးကို ကျွန်တော် ကောက်ကိုင်ကြည့်သည်။ ဖဲကြိုးဝါ မဟုတ်တော့ဘဲ ထဘီအထက်ဆင်စကြီး ဖြစ်နေလေသည်။ သစ်ပုပ်ပင်ပေါ်သို့ အလန့်တကြား မော့ကြည့်မိသည်။ အကိုင်းများမှာ ဖဲကြိုးဝါတွေ မရှိတော့ပါ။ အပင်ခွဆုံက သစ်ခေါက်ဘုလုံးကြီးမှာသာ အထက်ဆင်စ အနက်ကြီး ချည်ထားသည်ကို တွေ့ရလေသည်။



( ၂ )

ကျွန်တော် လန့်နိုးလာသောအခါ ချစ်ဝင်းကို သူ့စားပွဲမှာ ထိုင်နေသည်ကို တွေ့ရသည်။ သူသည် မီးသေနေသော ငွေစပယ် ဆေးပေါ့လိပ်ကြီးကို ကိုက်လျက် သူ့ရှေ့က နံရံရှိ ဂျပန်မပုံ ပြက္ခဒိန်ကို ငေးကြည့်နေသည်။ အေးမြင့်၏ အိပ်ရာဆီမှ လူးလိမ့်သံကို ကြားရသည်။

'ဟင်း...'

အေးမြင့်၏ သက်ပြင်းချသံ။

သူတို့နှစ်ယောက်စလုံးသည် နှလုံးသားနှင့် ပတ်သက်၍ ကျဆုံးနေကြသူနှစ်ယောက် ဖြစ်ပါသည်။ ချစ်ဝင်းသည် ချိုချိုကို စာလိုက်ပေးသည်။ ချိုချိုက 'လုပ်မနေပါနဲ့'ဟု ပြောလွှတ်လိုက်သည်။ အေးမြင့်သည် ခင်မြင့်ကြည်ကို စကားလိုက်ပြောသည်။ ခင်မြင့်ကြည်က 'ဖိနပ်ပဲ ရမယ်' ဟု ပြောလွှတ်လိုက်လေသည်။ ထို့ကြောင့် သူတို့ ဆွေးနေကြခြင်း ဖြစ်ပါသည်။

ကျွန်တော်ကဖြင့် မဆွေးသေးပါ။ မဆွေးသေးပါဟုဆိုသောကြောင့် မကြာမီ ဆွေးလိမ့်မည်ဟု မယူဆစေလိုပါ။ လွန်ခဲ့သော နှစ်ရက်ကပင် ကျွန်တော်သည် မိကျော်ကို အောင်မြင်စွာ စာပေးခဲ့ပါသည်။ မိကျော် ကျောင်းကအပြန် ဘတ်စ်ကားပေါ်မှာ ပေးလိုက်ခြင်း ဖြစ်ပါသည်။ ဘတ်စ်ကားပေါ်မှာ ဖြစ်သောကြောင့် မိကျော် ငြင်းလို့မရပါ။ ယူသွားရပါသည်။ ဘယ်လောက်များ ပိုင်လိုက်လှပါသလဲ။ ဟိုနှစ်ကောင်နှင့် တခြားစီပါ။

သူတို့ကို ကျွန်တော့်အိပ်မက်အကြောင်း ပြောပြပါသည်။

'မင်း အိပ်မက်က နိမိတ်မကောင်းဘူးကွ'

ချစ်ဝင်းနှင့် အေးမြင့်က ဝေဖန်ပါသည်။ အမှန်တော့ သူတို့ပြောသလို မဟုတ်နိုင်ပါ။ သူတို့သည် ကျွန်တော်စာပေးဖြစ်သည်ကို မနာလိုဖြစ်နေကြခြင်းပါ။ သူခိုးသော်ဖော်ညို အမြီးပြတ်သော မြေခွေးလို ဖြစ်ပါသည်။ ကျွန်တော်သည် မိကျော်ကို ပေးလိုက်သော စာထဲမှာ ရေးသားထားသည်ကလည်း သိပ်မိုက်လှပါသည်။ ကြည့်ပါလေ...။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းကလေးတွေ ဖူးတဲ့အခါ နေမင်းက ဆေးကု
ဆေးတယ်။ ကြယ်ကလေးတွေ ဖူးတဲ့အခါ လမင်းက
ဆေးကုပေးတယ်။ ကိုယ့်နှလုံးသားဖူးတဲ့အခါ မိကျော်
က ဆေးကုပေးပါနော်။

ဟော့...ဟော့ ...ဒီလိုစာမျိုးကို ဖတ်ရတဲ့အခါ ဘယ်မိန်းကလေးကများ ကျွန်တော့်ကို ချစ်ဘဲ နေနိုင်လိမ့်မှာတဲ့လဲ။

( ၃ )

'သူ့ကို တို့သူငယ်ချင်းလိုပဲ ခင်ချင်တယ်'

မိကျော် ခေါ် ခင်စန်းကျော်၏ အဖြေ။ ကျွန်တော် ဘာပြန်ပြောရ [illegible]

ကျွန်တော့်စိတ်ကူးထဲမှာတုန်းက တစ်မျိုးပါ။ ပုဂံလမ်းထိပ်ကနေပြီး မိကျော့်ကို စောင့်မည်။ မိကျော် ၁၆ ကားပေါ်က ဆင်းလာသောအခါ ကျွန်တော့်စာကိစ္စကို မေးမည်။ ထိုအခါ မိကျော်သည် ရှက်သဖြင့် ခေါင်း [illegible]လိမ့်မည်။ ကျွန်တော်က အတင်းမေးသောအခါတွင်မှ...

ခုတော့ဖြင့် ဒီလိုမဟုတ်ပါ။ မိကျော်သည် ဘတ်စ်ကားပေါ်မှဆင်းပြီး ကျွန်တော့်ကို တွေ့လျှင် ရှက်ကြောက်ခြင်း အလျှင်းကင်းသော မျက်နှာ [illegible] ပြောလိုက်ခြင်း ဖြစ်ပါသည်။ အမှန်တော့လည်း သူ ကျွန်တော့်ကို [illegible]ကြောက်ရန် မလိုပါ။ ကျွန်တော်တို့သည် ဆယ်တန်းမှာတုန်းက တစ်တန်း [illegible] နေလာခဲ့ကြပါသည် မဟုတ်လား။ သို့ရာတွင် ကျွန်တော်ကတော့ [illegible] ကြောက်နေပါသည်။ ကျွန်တော်၏ စိတ်ကူးထဲက စကားများသည် [illegible] တုန်ယင် ထစ်ငေါ့သောစကားများသည်သာ...။

'ဘိုကို...တို့ကိုစိတ်ဆိုးသွား...'

'စိတ်တော့ ဆိုးချင်တယ်၊ ဒါပေမယ့် မဆိုးတော့ပါဘူး'

'အကြွင်းရှင် ...ဟိုဥစ္စာ...'



'နောက်တစ်ခါတော့ ဒီလိုထပ်လုပ်ရင်တော့ စိတ်ဆိုးမိလိမ့်မယ် ထင်တယ်'

( ၄ )

'နင့်အခြေအနေက သိပ်အဆိုးကြီး မဟုတ်သေးပါဘူးဟယ်'

ခင်အေးသန်းက ပြောလေသည်။

ရန်ကုန်တက္ကသိုလ်၏ ပန်းချီခန်းမသည် ကျွန်တော်တို့ စတည်းချရာနေရာဖြစ်သည်။ အတန်းမရှိသောအချိန်၊ အတန်းပြီးသောအချိန်၊ သို့မဟုတ် အတန်းလစ်နေသော အချိန်များတွင် ကျွန်တော်တို့သည် ပန်းချီခန်းမမှာ ထိုင်ကြသည်။

'ဆက်လုပ်စမ်းပါကွာ၊ ဖြစ်ပါတယ်၊ ငါ့တုန်းကဆိုရင် မင်းထက်တောင် အခြေအနေဆိုးသေးတယ်၊ နောက်တော့လဲ ဖြစ်သွားတာပါပဲ'

ဘာဘာကျော်သည် ကျွန်တော့်ကို အားပေးသလိုလိုနှင့် ကြွားပြန်သည်။ ကြွားလည်း ကြွားစရာပါ။ ခုဆိုလျှင် သူ့ကောင်မလေးသည် သူ့ကို ထမင်းဘူးထဲက ထမင်းကိုလည်း ကျွေးသည်။ ပိုက်ဆံကိုလည်း ချေးသည်။ (မှတ်ချက်။ ။ ဘယ်တော့မှ ပြန်မဆပ်ပါ။) ကျွန်တော်တို့ပင်လျှင် သူ့ထမင်းဘူးကို ကပ်စားရသေးသည်။ သူ့ကောင်မလေး ချေးသော ပိုက်ဆံဖြင့် လက်ဖက်ရည်ကပ်သောက်သည်။

တကယ်တော့မူ ကျွန်တော်သည် နာမည်ကြီး ထမင်းငတ် ဖြစ်ပါသည်။ ဒီစကားကလေးသည် ကျွန်တော်တို့ ပန်းချီခန်းမအတွက် အဓိပ္ပာယ်များစွာ ရှိပါသည်။

'အကြွင်းသူတစ်ယောက်သည် မိန်းကလေးတစ်ယောက်၏ အချစ်ကို ရသည်ဖြစ်အံ့၊ ထိုသူသည် ထိုမိန်းကလေး၏ ထမင်းဘူးကိုပါရပေအံ့သည်သာ'

သူတို့သည် ထိုရရှိလာသော ထမင်းဘူးကို တစ်ယောက်တည်း ဘယ်တော့မှ မစားတတ်၊ ပန်းချီခန်းမသို့ မရရအောင် ယူလာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကို ခွဲဝေကျွေးတတ်သည်။

ပန်းချီခန်းက လူများသည် ဆင်းရဲမွဲတေနေကြသူများမဟုတ်ကြပါ။ သို့ရာတွင် ငွေတော့ဖြင့် အမြဲပြတ်လပ်နေတတ်ကြသည်။ ထို့ကြောင့်ပင် တစ်ယောက်ယောက်က မိန်းကလေးတစ်ယောက်ကို လိုက်တော့မည် ဆိုလျှင် အားရဝမ်းသာကူညီတတ်သည်။ ပန်းချီခန်းအတွက် ထမင်းဘူး တစ်ဘူး၊ ပိုက်ဆံချေးမည့် မိန်းကလေးတစ်ယောက် တိုးလာမည်ဖြစ်သော ကြောင့် ဖြစ်ပါသည်။

ခုအချိန်မှာဖြင့် ကျွန်တော်သည် 'နာမည်ကြီး ထမင်းဝတ်' ဖြစ်ပါ သည်။ ကျွန်တော်သည် မိကျော့်၏ ထမင်းဘူးထဲမှ ထမင်းတစ်ဖွန်းကိုမျှ ပင် မစားဖူးသေးပါ မဟုတ်လား။ သို့ရာတွင် စိတ်ဓာတ်ဖြင့် မကျလိုက် လှသေးပါ။

( ၅ )

'မိကျော့်'

'ဘာလဲ'

'တို့...တို့ ပြောစရာတစ်ခုရှိလို့'

'ရိုးရိုးသားသား သူငယ်ချင်းလိုပြောမှာဆိုရင်တော့ ပြောပါ၊ ဒါမှ မဟုတ် ဆန်းဆန်းပြားပြားဆိုရင်တော့ နားမထောင်ချင်ဘူး'

'အဲ...အေးလေ။ သူငယ်ချင်းလိုပဲ ပြောပါ့မယ်'

'ပြောလေ...ဘာလဲ'

'ဟို ဟိုဥစ္စာ၊ ထမင်းဘူးပါလာလား'

'ဒီမှာလေ...မတွေ့ဘူးလား'

'ဘာဟင်းလဲ'

'ငါးရံ့ခြောက်ဟင်း နဲ့ ပဲသီးကြော်'

'သြော်...ဟုတ်လား၊ ဒါဖြင့် သွားတော့မယ်နော်'



( ၆ )၂

'သိပ်ညံ့တဲ့ ကောင်ပဲကွာ၊ မိကျော့်က မပြောနဲ့ ဆိုပေမယ့် အတင်း မရမက ပြောပေါ့ကွ'

'ဟာ... ငါ ကြောက်တယ်ကွ၊ မိကျော့်က သိပ်စိတ်ကြီးတာနော်။ အပြတ်ကောလိုက်ရင် ဒုက္ခ'

'ညံ့ပါပေ့ကွာ။ မင်းနာမည်ကို ဥာဏ်ကိုကိုလို့ မှည့်ဖို့မကောင်းဘူး၊ ညံ့ကိုကိုလို့ မှည့်ဖို့ကောင်းတယ်'

'အံမာ မင်းတို့ကကော၊ အဖြစ်ရှိလို့လား၊ လုပ်မနေပါနဲ့လို့ အပြော ခံရတဲ့ကောင်နဲ့၊ ဖိနပ်ပဲ ရမယ်ဆိုတဲ့ ကောင်တွေကများ'

'ဟ...ငါတို့က ဒီလိုအပြောခံရပေမယ့် ဆက်လက်ကြိုးစားလျက်ပဲ၊ တစ်နေ့ကျတော့ မင်းတွေ့ရမှာပေါ့ကွာ'

( ၇ )

'မိကျော့်'

'ဘာလဲ'

'တို့ပြောစရာ တစ်ခုရှိလို့'

'သူငယ်ချင်းလို ပြောမှာလား'

'မဟုတ်ဘူး'

'ဒါဖြင့် မပြောပါနဲ့'

'ပြောရမယ်မိကျော့်၊ ပြောရမယ် တို့ရင်ထဲမှာ'

'ဒီမှာ ဥာဏ်ကိုကို၊ တို့ကို နောက်တစ်ခါ ဒီစကားမျိုး လုံးဝ ထပ် မပြောပါနဲ့ ပြောခဲ့လို့ရှိရင်တော့ သူငယ်ချင်းအဖြစ်ကပါ ရပ်စဲလိုက်ရလိမ့် မယ် ဒါပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



( ၈ )

**အရောင်ပြောင်းသွားသော နှလုံးသား**

လစ်တမတ်အပြာ
အက်ဆစ်မှာ ထည့်
ပကတိ နီသွားစေသည်။
လစ်တမတ်အနီ
ဖေ့စ်ရည်မှာ ထည့်
ပကတိ ပြာသွားစေသည်။
ပန်းနုရောင် နှလုံးသား
ဘာဂုဏ်များ ပြောက်လို့
အစိမ်းရောင်သို့ ပြောင်းသွားတာလဲကွယ်။

ကျွန်တော်၏ အဆွေးကဗျာများသည် ပန်းချီခန်းမ၏ နံရံကပ်စာစောင်တွင် ပါဝင်လာခဲ့သည်။ ဓာတုဗေဒကျောင်းသူလေး မိကျော့်ကို ရည်ရွယ်စပ်ထားသော ဓာတုဗေဒဆိုင်ရာကဗျာများ။ ကျွန်တော် ဆွေးနေကြောင်းကို ပန်းချီခန်းတစ်ခန်းလုံးက သိကြပါသည်။ အို...သူတို့တင်မဟုတ်ပါ။ ကိုအောင်ရင် လက်ဖက်ရည်ဆိုင်က တင်ဝင်းတို့၊ ဖြူဝင်းတို့လည်း သိသည်။ အအေးဆိုင်က အမေကြည်လည်း သိပါသည်။

( ၉ )

ထိုအတောအတွင်းမှာပင် ချစ်ဝင်းနှင့် အေးမြင့်တို့၏ အချစ်ကိစ္စများ ပြေလည်သွားကြပါသည်။ ချစ်ဝင်းသည် သူ့ကိုမှ ပြန်မချစ်ရင် ကျောင်းမတက်တော့ဘူး၊ အင်းလျားကန်ထဲခုန်ချမည်ဟု ဆိုသောကြောင့် သနားပြီး ချစ်သွားသည်ဟု ဆို၏။ အေးမြင့်ကမူ သူ့ ကတိုးဆံထောက်ဆံပင်ကို နည်းနည်း ပိုရှည်ပေးပါမည်ဟူသော ကတိဖြင့် ခင်ကြည်မြင့်၏ အချစ်ကို ရသွားပါသည်။



သူတို့သည် အဝတ်အစား အသစ်များ ချုပ်ကြပါသည်။ တစ်နေ့လျှင် ရေသုံးခါလောက် ချိုးပါသည်။ ချစ်ဝင်းဆိုလျှင် ပေါင်ဒါဘူးတစ်ဘူးပင် ဝယ်လိုက်ပါသည်။ သူတို့၏ အကြောင်းများကို ကျွန်တော့်အား ပြန်ပြောကြပါသည်။

'ခင်ကြည်မြင့်လက်ကလေးက နုနုကလေးကွ'

'ဟင်...မင်းက ခုမှ လက်ကိုင်တဲ့အဆင့်လားကွ'

'ဟော့ကောင် လက်မကိုင်လို့ ခြေထောက်ကို ကိုင်ရမှာလား'

'ဩော်...အေးမြင့် အေးမြင့်၊ ဆံပင်တိုသလောက် တုံးလှသေးပါလားကွာ။ နှုတ်ခမ်းက ဘာလုပ်ဖို့ထားတာ'

'ထမင်းစားဖို့ပေါ့ကွ'

ဩော်...သူတို့မှာတော့ဖြင့် ပျော်နိုင်ကြပါပေသည်။ ကျွန်တော့်မှာတော့ဖြင့်...

ချစ်ဝင်းနှင့် အေးမြင့်သည် ကျွန်တော့်ကို အားမရကြပါ။

'ဉာဏ်ကြီး ဆက်လုပ်ပါကွာ၊ မင်းကလဲ ပျော့ညံ့လိုက်တာ'

'တော်ပါပြီကွာ၊ ငါ့အဖြစ်နဲ့ငါ ရှိပါစေတော့'

သို့ရာတွင် ကျွန်တော်သည် စာတစ်စောင်ကို ရေးလေသည်။

( ၁၀ )

မိကျော့်...
နောက်ဆုံးအကြိမ် နှောင့်ယှက်တယ်လို့ သဘောထားလိုက်ပါတော့။ ဒီတစ်ခါမှ တို့လိုချင်တဲ့ အဖြေကို မရရင်နောက်ကို ဘယ်တော့မှ မနှောင့်ယှက်တော့ပါ။ မိကျော့် ပြောခဲ့သလို သူငယ်ချင်း အဖြစ်ကပါ ရာသက်ပန် ရပ်စဲချင်ရပ်စဲလိုက်ပါ၊ သန်းခေါင်ထက်တော့ ညဥ့်မနက်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန် မိကျော်တို့ အတန်းပြီးချိန်မှာ တို့လာစောင့်နေမယ်။ တို့ကို ချစ်တယ်ဆိုရင် အင်္ကျီအဖြူရောင်ဝတ်ခဲ့ပါ။ အဖြူရောင်ကို ကြိုဆိုနေပါ့မယ်။

ဥာဏ်

P.S မိကျော် မကြိုက်ဘူးဆိုလို့ တို့ဆေးလိပ်ဖြတ်လိုက်ပါပြီ။

( ၁၁ )

အခန်းအမှတ် ရှေ့က စကြံအုတ်ခုံပေါ်မှာ ထိုင်စောင့်နေသည်။ S.17 သည် ဝင်ပေါက် တစ်ခုတည်းသာရှိသော သီရေတာခေါ် အခန်းကြီးဖြစ်သည်။ တစ်ပေါက်တည်းသော ဝင်ပေါက်ကို ပိတ်ထားသဖြင့် အထဲကို မမြင်ရ။ ဆရာ၏ စာသင်သံသာ ထွက်လာသည်။

စက္ကန့်တို့သည် ပြေးလွှားနေကြသည်။ တစ်နာရီခွဲ အတန်းပြီးသင့်ပါပြီ။ ဆရာသည် သင်လို့ကောင်းတုန်း။

'အစ်ကို ဒူးယားသောက်မလား'

စီးကရက်သည် ကုလားကလေးရောက်လာသည်။ ဝယ်မည်ပြုပြီးမှ မိကျော်ကို ကတိပေးထားတာ သတိရသဖြင့် မဝယ်ဖြစ်တော့။ ကုလားကလေးသည် အင်္ကျီအဖြူ ဝတ်ထား၏။

'မင်း ဘာဖြစ်လို့ အင်္ကျီအဖြူ ဝတ်တာလဲ'

'ကျွန်တော့်မှာ ဒီ အင်္ကျီတစ်ထည်ပဲရှိတာ၊ ဒါပဲ ဝတ်ရမှာပေါ့ဗျ'

တစ်နာရီ မိနစ်လေးဆယ်။ တံခါးပွင့်လာသည်။ ဆရာထွက်လာသည်။ ဆရာသည် တိုက်ပုံအင်္ကျီအနက်ကို ဝတ်ထားသည်။ အထဲက ရှပ်အင်္ကျီမှာ အဖြူ။

အခန်းထဲမှ ကျောင်းသား ကျောင်းသူများ ထွက်လာကြသည်။ ကျွန်တော် မကြည့်ရဲသဖြင့် ခေါင်းငုံ့ထားရသည်။ ကျွန်တော့်ရှေ့က လူတွေဖြတ်သွားကြသည်။ ခြေသံများနှင့် ကျွန်တော့် ရင်ခုန်သံသည် အတူတူ။

နှစ်လက်မ ဒေါက်မြင့်ဖိနပ်အနီကလေးကို စီးထားသည်မှာ မိကျော်၏ ခြေထောက်ကလေး။ မျက်စိကို အပေါ်သို့ တဖြည်းဖြည်းတက်ကြည့်သည်။ ထမိအနီရောင်၊ အင်္ကျီကို ကြည့်သည်။

ဟင်…အနီ။ အနီ ရက်စက်လှစွာသော အနီ။

ငွေသွင်းဌာနကို ဘယ်လိုဖြတ်ခဲ့သနည်း။ သစ်ပုပ်ပင်ကြီးကို ဘယ်လိုကွေ့ရှောင်ခဲ့သနည်း။ ဝိဇ္ဇာခန်းမကို ဘယ်လို ဖြတ်ခဲ့သနည်း။ ပန်းချီခန်းမကို ဘယ်လိုရောက်ခဲ့သနည်း။

( ၁၂ )

စောင့်နေကြသူများက မေးသည်။

'ဘယ်လိုလဲဟေ့'

'အနီတဲ့ကွာ'

ကျွန်တော်သည် စားပွဲပေါ်မှာ မျက်နှာအပ်ထားလိုက်သည်။

'ဘယ်လိုဖြစ်တာလဲဆိုတာ ပြောပါဦးဟယ်'

ယဉ်ယဉ်ထွေး၏အသံကို ကြားရသည်။ ကျွန်တော် ခေါင်းခါလိုက်သည်။ အစ်မကြီး မျိုးမြင့်ခင်က ပြောပြန်သည်။

'ဒီလောက်လဲ ဖြစ်မနေပါနဲ့ဟယ်'

'အစ်မကြီးမှာ ခံစားတတ်တဲ့ နှလုံးသား မရှိပါဘူးဗျာ'

ပန်းချီဆွဲရာတွင် ပုံစံ စံပြအဖြစ်ထားသော အရိုးခေါင်းကြီးကို ငေးကြည့်နေမိပါသည်။ ဒီမှာ…ခင်ဗျားကော လူ့ဘဝတုန်းက အသည်းကွဲဖူးသလား။ ကျုပ်လဲ တစ်နေ့နေ့ ခင်ဗျားလိုဖြစ်မှာပဲ အဲဒီအခါကျရင်…

'ဟေ့…ဟိုမှာကြည့်စမ်း'

ချစ်ဝင်း၏ အလန့်တကြားအော်သံကြောင့် ခေါင်းထောင်ကြည့်မိသည်။ ချစ်ဝင်း ညွှန်ပြရာမှာ…



www.burmeseclassic.com

www.burmeseclassic.com



အို…အဖြူရောင်။ ချစ်လှစွာသော အဖြူရောင်။

မိကျော်သည် လက်မောင်းရင်းနားက ဖောင်းဖောင်းကလေး ဖြစ်နေသော အင်္ကျီအဖြူကလေးကိုဝတ်၍ လာနေပါသည်။ ကျွန်တော် သူ့ဆီထ၍ ပြေးသည်။

( ၁၃ )

အခန်း A.5 နားမှ စွယ်တော်ပင်အောက်က ခုံတန်းကလေးမှာ ထိုင်ကြသည်။ ဘာက စပြောရမှန်း မသိ။

'မိကျော် … အဖြူရောင် … တို့ကိုချစ် … ချစ်လို့'

စကားတို့သည် ကျွန်တော့်လက်ရေးများလိုပင် မညီမညာ ထွက်လာသည်။ မိကျော် ရှက်လို့ခေါင်းငုံ့သွားသည်။

'ခုနတုန်းက အင်္ကျီအနီ ဘာဖြစ်လို့ ဝတ်တာလဲ'

'အိမ်က ထွက်လာတုန်းက နည်းနည်းချမ်းတာနဲ့ အပေါ်က ထပ်ဝတ်လာတာ'

'တို့နဲ့တွေ့တဲ့ အချိန်မှာတော့ အင်္ကျီအနီကြီးကို ချွတ်ထားဖို့ကောင်းပါတယ်ဟာ'

'တို့လေ…တို့ ရှက်လို့'

ဘာဆက်ပြောရမှန်း မသိတော့ပြန်။ ချွေးပြန်လာသည်။ ချွေးပြန်လာသည်။ ချွေးသုတ်မည်ဟု လွယ်အိတ်ထဲက လက်ကိုင်ပဝါကို ထုတ်သည်။ ဟော…ဘယ်အချိန်က လက်ကိုင်ပဝါကြားထဲ ညပ်နေမှန်းမသိရသော ခပေါင်းစီးကရက်တစ်လိပ်သည် လက်ကိုင်ပဝါနှင့်အတူ ခုန်ထွက်လာပြီး ကျွန်တော့်ပေါင်ပေါ် လာတင်နေသည်။ မိကျော်က မိသွားပါသည်။

'ဟင်…ဟင် ဒါက ဘာလဲ'

'ခပေါင်း'

'ဒါတော့ သိတာပေါ့၊ ဒါ ဘယ်သူသောက်တာလဲ'

'တင်…တင်ဝင်း သောက်တာ။ အဲ…မဟုတ်ပါဘူး။ နန္ဒသောက်တာ'



'နန္ဒ…ခပေါင်း ဘယ်တော့မှ မသောက်ဘူး၊ ဒူးယားမှသောက်တာတို့ သိတယ်၊ ဟင်း …ဆေးလိပ်ဖြတ်ပြီလေး ဘာလေးနဲ့ တို့ကို သက်သက်ညာတာပေါ့လေ'

'မ … မဟုတ်ရပါဘူးဟာ။ နောက်ကို တကယ် မသောက်တော့ပါဘူး'

ကျွန်တော်သည် အယောင်ယောင် အမှားမှား ဖြစ်ပြီး စီးကရက်ကို လွှင့်ပစ်ရန် နောက်သို့ လှည့်ကြည့်မိသည်။ စကြံအုတ်ခုံအောက်သို့ ခေါင်းနှစ်လုံး ရိပ်ခနဲ ဝင်ပုန်းလိုက်သည်ကို တွေ့ရသည်။ မောင်စံရှားနှင့် ကင်းကောင်ကြီးတို့ လာချောင်းနေကြကြောင်း ကျွန်တော် သိလိုက်ပါသည်။

သူတို့ကို ကြွားလိုက်ရဦးမည်။ မိကျော်၏ ထမင်းဘူးထဲက ထမင်းကို အားရပါးရ စားပြလိုက်မည်။ ဒီနှစ်ကောင် သွားရည်ယိုကျသွားအောင်။

မိကျော်၏ ထမင်းဘူးကို ဖွင့်လိုက်သည်။ အထဲမှာ ထမင်းတစ်ဝက်လောက်သာ ကျန်တော့သည်။ ဟင်း လုံးဝ မရှိ။ မိကျော်က ခစ်ခနဲရယ်သည်။

'နက်ဖြန်ကျရင် တို့ ထမင်းပိုထည့်ခဲ့မယ်'

မည်သို့ပင်ဖြစ်ပါစေ။ ထိုနေ့မှစ၍ ပန်းချီခန်းမအတွက် ထမင်းဘူးတစ်ဘူး တိုးလာခြင်းသည် 'ဝမ်းမြောက်ဖွယ်သတင်း'ပင် ဖြစ်ပါသည်။ ကောင်းချီးသြဘာ ပေးကြပါကုန်။

(ရန်ကုန်တက္ကသိုလ် ပန်းချီမိသားစုသို့ အမှတ်တရ)

ရုပ်ရှင်ပဒေသာမဂ္ဂဇင်း၊ ၁၉၇၇၊ ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com



# ရွှေဝါရောင် ဥပုသ်နေ့

## ( ၁ )

ဆီးရေးကျခြင်းသည် ကျွန်တော့်အတွက် သိပ်မကောင်းလှချေ။ ရှင်းပါမည်။ ကျွန်တော်၏အိပ်ခန်းသည် မီးဖိုချောင်နှင့် ကပ်လျက်ရှိ၍ မနေ့သော်လည်း မည်သို့မည်ပုံ ဆက်သွယ်နေမှန်းမသိ။ မီးဖိုချောင်မှ တစ်စုံတစ်ခု ကြော်လှော်လိုက်သည်နှင့် ညှော်နံ့သည် ကျွန်တော့်အခန်းထဲသို့ တန်းခနဲ ရောက်ရှိလာလေတော့သည်။

အရင်ကဆိုလျှင် ဆီးရေးကြီးသောကြောင့် ကျွန်တော်တို့အိမ်တွင် ကြော်လှော်ခြင်းကို သိပ်မပြုနိုင်။ မေမေပြောလေ့ရှိသော 'လုံးချက်'ခေါ် ဆီနည်းနည်းဖြင့် ချက်သည့်ဟင်းများဖြင့်သာ ပြီးခဲ့ရသည်။ ယခုအခါတွင်မူ မေမေသည် 'ဆီးရေးတွေ ကျပဟဲ့' ဟုဆိုပြီးလျှင် နံနက်တိုင်း ဝမ်းမြောက်ဝမ်းသာ ကြော်၍သာ နေတော့သည်။ ကျွန်တော့်မှာလည်း နံနက်တိုင်း ညှော်၍သာ နေတော့သည်။

ယနေ့နံနက်တွင်လည်း ညှော်နံ့သည် ကျွန်တော့် ကောင်မလေးက 'ကိုကို ထတော့လေ' ဟု လာပြောနေသကဲ့သို့ ကျွန်တော့်ကိုလာနှိုးနေလေသည်။ နာရီကို ကြည့်လိုက်ရာ ခုနစ်နာရီပဲ ရှိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

'မေမေရယ် အစောကြီးရှိသေးတယ်၊ ညှော်က ကြော်နေပြီလား'

'ဒီနေ့ ဈေးမသွားဘူးလေ၊ မနေ့က ညနေကတည်းက တောသည်တွေဆီက အမဲသား ဝယ်ထားတယ်၊ မင်းပဲ အမဲသားကိုမျှင်ပြီး ငရုတ်သီးနဲ့ ကြော်တာ စားချင်တယ်ဆို'

မေမေက ဒယ်အိုးထဲသို့ အချိုမှုန့်ကို ချိန်ဆ၍ထည့်ရင်း ပြန်ပြောသည်။ ကျွန်တော်ကလည်း အစကတည်း မေမေ့ကို အပြစ်ဆိုရန် ရည်ရွယ်၍ ပြောခဲ့ခြင်းမဟုတ်သောကြောင့် ဘာမျှ ပြန်မပြောတော့ဘဲ မျက်နှာသစ်ရန် ထွက်လာခဲ့သည်။

မျက်နှာသုတ်ပြီး၍ အိမ်ရှေ့ခန်းသို့ ထွက်လိုက်သောအခါ စားပွဲပေါ်တွင် လက်ဖက်ရည်ပန်းကန်ကို အဆင်သင့် တွေ့လိုက်ရသည်။ ကျွန်တော်သည် အိပ်ရာမှနိုးလျှင်နိုးချင်း လက်ဖက်ရည်ခွက်ကို အဆင်သင့်မြင်လိုက်ရမှ ကျေနပ်တတ်ကြောင်းကို မေမေသည် မပြောဘဲနှင့် သိ၍နေလေသည်။ ထို့ကြောင့်ပင် မေမေသည် 'အမေ'ဖြစ်နေခြင်း ဖြစ်ပါလိမ့်မည်။

'ဟဲ့...နည်းနည်း မြည်းကြည့်စမ်း၊ ဘယ်လိုနေသလဲလို့'

မေမေက အမဲသားကြော် နည်းနည်းထည့်ထားသော အကြွမ်းပန်းကန်လုံးကလေးကို ရှေ့မှာလာချ၏။ အဖတ်တစ်ဖတ်ကိုယူ၍ မြည်းနေတုန်း မေမေက ကျွန်တော့်ကို စိုက်ကြည့်နေလေသည်။

'ဆံပင်က ရှည်လှပြီကွယ်၊ သွားညှပ်လိုက်ပါလား'

အိပ်ရာမှနိုးနိုးချင်း ခေါင်းမဖြီးမိသောကြောင့် ဖွာဆန်ကြဲနေသော ဆံပင်များကို ကြည့်၍ မေမေက ပြောလိုက်ခြင်း ဖြစ်သည်။ အမှန်အားဖြင့်လည်း လူကြီးတွေက ရှည်လှပြီဟုထင်ပြီး လူငယ်တွေက မရှည်သေးပါဘူးဟုထင်၍ ကျွန်တော့်ကောင်မလေးက အနေတော်ပဲဟု ထင်မည့် အံခြေအနေမှာ ရှိသည်။



'ပိုက်ဆံ မရှိတော့ဘူး မေမေရဲ့။ မနေ့ညက သူငယ်ချင်းတွေကို ရုပ်ရှင်ပြလိုက်ရလို့ ကုန်ပြီ'

'မေမေ ပေးပါ့မယ်'

အဝတ်အစားလဲ၍ မေမေပေးသော ပိုက်ဆံနှစ်ကျပ်ကိုယူ၍ ထွက်လာခဲ့သည်။

( ၃ )

ကျွန်တော် ဆံပင်ညှပ်ရန် ထွက်လာခဲ့ခြင်း မဟုတ်ပါ။ လက်ရှိကျွန်တော့်ဆံပင်၏ အခြေအနေလောက်ဖြင့် ကျွန်တော် မညှပ်လိုသေး။ အမှန်တိုင်း ဝန်ခံရလျှင် ဆံပင်ရှည်ရခြင်းကို ကျွန်တော်က ကြိုက်သည်။ ဆံပင်ရှည်ရခြင်း၏ အရသာကို နားလည်အောင် ပြောပြရန် ခက်လှသည်။ နောက်ဖက်က ကော်လာသည်အကျီကော်လာ တစ်ဝက်လောက်ထိ ဖုံးအုပ်၍ မနေလျှင် ကိုယ့်ကိုယ်ကို ပုံမကျပန်းမကျဟု ထင်သည်။ ဘေးက ဆံပင်သည် နားရွက်၏ အဖျားများကို တစ်စွန်းတစ်စ ဖုံးအုပ်၍ မနေလျှင် ကိုယ့်ကိုကိုယ် မလုံခြုံဟု ထင်သည်။ ကျောကုန်းတစ်ဝက်လောက် အထိ ဖုံးအုပ်လောက်အောင် ရှည်လျားသော ဆံပင်ကိုမူ ကျွန်တော်လည်း မကြိုက်။ ထို့အတူ ကုပ်သားပြောင်၍ နားကွင်းကျယ်သော ဆံပင်တိုနန့်နန့်ကိုလည်း မကြိုက်ကြောင်းဝန်ခံပါ၏။

အမှန်အားဖြင့် ယခုထွက်လာခဲ့ခြင်းမှာ ကျွန်တော်၏ ကိုယ်ရေးကိုယ်တာကိစ္စအတွက် ဖြစ်လေသည်။ အချစ်ကိစ္စ။ ကျွန်တော်၏ ကောင်မလေးဖြစ်သော မိစံက ကျွန်တော့်ကို ချိန်းထားသည်။ ဈေးထဲမှာ။ ဤမျှလောက် လူရှုပ်သောဈေးထဲမှာ ချိန်းထားသောကြောင့် ခပ်ကြောင်ကြောင်အတွဲပဲဟု မထင်ကြပါနှင့်။ ကျွန်တော်တို့မှာ ချိန်းစရာ နေရာသည် တစ်နေရာသာ ရှိသောကြောင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

ကျောင်းမှာတုန်းက ဆိုလျှင် နေ့တိုင်းတွေ့နိုင်သည်။ တက္ကသိုလ်စာမေးပွဲတွေစစ်ပြီး၍ ကျောင်းပိတ်လိုက်သောအခါ ကျွန်တော်တို့နှစ်ယောက် နီးလျက်နှင့် ဝေးကြရလေသည်။

မိစံ၏ မိဘများက ကျွန်တော့်အပေါ် သိပ်ကြည်ဖြူပုံမရဟု ဆိုလေသည်။ ဘာကြောင့်မှန်းတော့မသိ။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်စစ်ကြည့်သောအခါ အပြစ်တစ်စုံတစ်ရာ မရှိဟု ထင်မိသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့နှစ်ယောက်သည် ချိန်းတွေ့ရန် အခွင့်အလမ်းမသာကြ။ သူ့ကို အလွန်အမင်း လွမ်းဆွတ်လာသောအခါ သူ မနက်ဈေးအလာကို သွားစောင့်ရသည်။ ထိုအခါ တွေ့ကြလေသတည်းဟုထင်လျှင် မှားပေလိမ့်မည်။

သူဈေးလာလျှင် သူ့အစ်မတစ်ယောက်ကတော့ ပါမြဲဖြစ်ပါသည်။ ကျွန်တော်က ဆိုက်ကားဂိတ်အနီးရှိ အနေးယာဉ်လုပ်သားများ၏ ကောင်းမှုဖြစ်သော တဲကလေးထဲမှာ ထိုင်စောင့်သည်။ သူတို့ ညီအစ်မနှစ်ယောက် တဲရှေ့က ဖြတ်သွားသောအခါ သူ့အစ်မမမြင်အောင် ပြုံးပြသည်။ ကျွန်တော်ကလည်း အတန်ငယ်ပြန်ပြုံးပြပါသည်။ သူတို့ဈေးဝယ် ပြီး၍ ပြန်ထွက်လာသောအခါတွင်လည်း အပြန်အလှန် ပြုံးတုံ့လှယ်ကြပြီးလျှင် တစ်နေ့တာအတွက် ဇာတ်ထုတ်ပြတ်လေသတည်း။ သူ့အစ်မသည် ကျွန်တော့်ကို သေသေချာချာ မမြင်ဖူးသောကြောင့် မမှတ်မိခြင်းအတွက် ဝင် ကျေးဇူးတင်ရဦးမည်။

သည်နေ့တွင် တော်တော် ထူးခြားလေ၏။ သူသည် မနေ့က ကျွန်တော့်သူငယ်ချင်း မြင့်သောင်း၏ အဒေါ်ဆိုင်မှာ ဂေါ်ရခါးသီးဝယ်ရင်း စာတိုထလေးတစ်စောင် ပေးခဲ့သည်။ မြင့်သောင်းက ကျွန်တော့်ဆီ ယူလာသောကြောင့် ဖတ်ကြည့်လိုက်ရာ သည်နေ့ သူဈေးအလာတွင် လာတွေ့ရန် မှာစရာရှိသည်။ တစ်ယောက်တည်းလာခဲ့မည်ဟူ၍...။



( ၅ )

အမှတ် တစ်ဆယ့်သုံး ဘတ်စ်ကားမှတ်တိုင်သည် ဈေးရှေ့မှာ မရှိ။ ဈေးလွန်ပြီးမှ ကားရပ်သည်။ ဈေးရှေ့တွင် လူရှုပ်သောကြောင့် ကားအရှိန်နှေးသွားသောအခါ ကျွန်တော် နောက်ပေါက်မှ ခုန်ချလိုက်လေ၏။

'လုပ်လိုက်လေ။ အကြော်နဲ့ နှစ်ပွဲ"

ကတ္တရာလမ်းနှင့် ခြေထောက်အထိတွင် အသံတစ်သံကို ကြား၍ လှမ်းကြည့်လိုက်ရာ ချစ်ဝင်းဖြစ်နေလေသည်။

'ဟေ့ကောင်... မင်းသေသွားလို့ ငါတို့ မုန့်ဟင်းခါး အကြော်နဲ့နှစ်ပွဲ စားနေရဦးမယ်'

'ချစ်ဝင်း...သူ လာသွားပြီလား'

'ဘယ်သူလဲ၊ မောင်လွင်လား၊ အိမ်သာတက်နေတယ်'

'မင်းကလဲကွာ...သိရက်သားနဲ့'

'မိစံ မလာသေးဘူးကွ၊ ဝင်ရှိသရွေ့တော့ စောင့်လိုက်ဦးပေါ့၊ ငါ လစ်တော့မယ်၊ အဘိုးကြီး ခိုင်းထားလို့။ ဩော်...ချစ်ဒုက္ခ၊ ချစ်ဒုက္ခ'

ချစ်ဝင်းသည် ကျွန်တော့်ကိုလှောင်ပြီး ထွက်သွားလျှင် ကျွန်တော်လည်း ဆိုက်ကားတဲထဲ ဝင်ထိုင်နေလိုက်သည်။

မိစံသည် ကျွန်တော့်ကို အဘယ့်ကြောင့် ချိန်းသနည်း။ ပြောစရာဆိုသည်မှာ အဘယ်နည်း။ သူ့မိဘက အခြားလူတစ်ယောက်နှင့် လက်ထပ်ရန် အတင်းအကျပ် စီစဉ်သောကြောင့်ပင်၊ ခုပင်ကျွန်တော်နှင့် ခိုးရာလိုက်တော့မည်ဆိုလျှင် ဘယ်လိုလုပ်မည်နည်း။ ခိုးပြီဆိုလျှင် ဘယ်သူ့အိမ် ခေါ်သွားရမည်နည်း။ အစ်ကိုကြီး ငြိမ်းကျော်၊ မြင့်သောင်း၊ ခင်မော်၊ သန်းသန်းဦး၊ အေးမြင့်တို့ဘကြီးရှိရာ သိမ်ကျောင်းရွာ။

'ဆံတော်ရှင် ကျိုက္ကဆံစေတီတော်မြတ်မှာဦး ဆောက်လုပ်ရန်အတွက် အလှူခံနေပါသည် ခင်ဗျား"

ဈေးအလယ်ပေါက်အနီးတွင် မဏ္ဍပ်ထိုး၍ အလှူခံနေသောနေရာမှ အသံချဲ့စက်သံ ထွက်လာသည်။ မဏ္ဍပ်ရှေ့တွင်လည်း ဆောက်လုပ်မည့်

www.burmeseclassic.com

www.burmeseclassic.com



မှန်ဦးပုံစံကို ဆိုင်းဘုတ်အကြီးကြီးဖြင့် ဆွဲပြထား၏။ ဩော်...ဒီနေ့ ဥပုသ်နေ့ပေကိုး။

အသံချဲ့စက်မှ သီချင်းသံ ထွက်ပေါ်လာပြန်သည်။

'အလှူဒကာ ... အလှူဒကာ ... သီရိမင်္ဂလာ အာသောကရာဇ'

မဏ္ဍာပ်ဆီသို့ ငေးကြည့်နေမိသောကြောင့် မိစံကို စောင့်ကြည့်ရန် ခေတ္တမျှ မေ့သွား၏။ အပြင်ဈေးတန်းဆီသို့ မျက်လုံးကို ကစားလိုက်ရပြန်သည်။ ဈေးသွားဈေးပြန်တို့ ရှုပ်ထွေးနေသောနေရာမို့ မျက်စိညောင်းလှသည်။ သို့ရာတွင် လူအုပ်ကြားထဲ၌ ပလတ်စတစ်ခြင်းတောင်း အနီကလေးကို ဆွဲထားသော လက်မောင်းဖြူဖြူတုတ်တုတ် ကလေးကို တွေ့လိုက်ရသဖြင့် ဆတ်ခနဲ ထလိုက်သည်။ လက်မောင်းကလေးကိုပင် မြင်ရသည်ဖြစ်စေ သူဖြစ်မှန်း ကျွန်တော် သိနိုင်သည်။

( ၆ )

ချက်ချင်းလိုက်သွားလျှင်ကောင်းမလား။ ပြန်ထွက်လာအောင် စောင့်ရမလား၊ သူ့အစ်ကိုတွေ မောင်တွေကများ တစ်နေရာရာက စောင့်ကြည့်မလား စိတ်ထဲ၌ ဒွိဟဖြစ်နေ၏။ ခုပဲ လိုက်သွားပါတော့မည်ဟု လမ်းကို ဖြတ်ကူးလိုက်သည်။

ဈေးအပေါက်ဝတွင် နှင်းဆီပန်းတွေ ရောင်းနေသည်ကို တွေ့ရသောကြောင့် အဖြူတစ်ပွင့် ဝယ်လိုက်သည်။ ပြားသုံးဆယ်။ ဈေးထဲရောက်သောအခါ သူ့ကို ဘယ်မှာ သွားရှာရမှန်းမသိ ဖြစ်နေပြန်သည်။ ဈေးထဲမှာ ပန်းအဖြူပွင့်တစ်ပွင့်ကိုင်၍ ယောင်တိယောင်တဖြစ်နေသော ကျွန်တော်သည် လူရယ်စရာ ဖြစ်ချင်ဖြစ်နေလိမ့်မည်။

သူသည် မုန့်ဟင်းခါးကြိုက်၏။ ထို့ကြောင့် မုန့်ဟင်းခါးဆိုင်ဘက် သွားကြည့်မည်ဟု ထွက်လာခဲ့သည်။ မုန့်ဟင်းခါးဆိုင်တွင် လူတွေ အုံနေကြသည်။ ထိုင်နေသူများထဲမှာများ ရှိနေမလားဆိုပြီး ဆိုင်နားသို့



မယောင်မလည် ကပ်သွားမိသည်။

'ဟဲ့...မုန့်ဟင်းခါးစားမလို့လား၊ လူရှုပ်နေရင် ငါ့ဆိုင်ပေါ်မှာ ထိုင်စားပါလား'

မြင့်သောင်းတို့ အဒေါ်၏ဆိုင်သည် မုန့်ဟင်းခါးဆိုင်နှင့် ကပ်လျက်ရှိမှန်း ကျွန်တော် သတိမရမိခဲ့။ အဒေါ်သည် ကျွန်တော့်လက်ထဲမှ ပန်းပွင့်ကို မြင်သွားပြီးလျှင်...

'အမယ်...ပန်းတွေ ဘာတွေနဲ့ပါလား ငါ့တူက...'

'ဟို...ဥစ္စာ... မေမေ့ဖို့ပါ ဒေါ်ဒေါ်ရဲ့'

'အလိုတော် မင့်အမေကြီးက ဒီအရွယ်ကြီးကျမှ ပန်းပန်သတဲ့လား။ ယုတ္တိရှိအောင်လဲ လိမ့်စမ်းပါဦးကွယ်'

ကျွန်တော် ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး 'သွားမယ် ဒေါ်ဒေါ်'ဟု အမြန်နှုတ်ဆက် ထွက်လာခဲ့၏။ ငါးတန်းထဲသို့ ဝင်လိုက်သောအခါတွင်မှ သူ့ကို တွေ့ရလေသည်။ မိစံသည် ငါးသလောက်ရောင်းသော အဒေါ်ကြီးနှင့် တစ်စုံတစ်ခုပြောနေသည်။ ကျွန်တော် အနားရောက်သွားသောအခါ ငါးသည်၏ အသံကို ကြားရသည်။

'လတ်ပါတယ်...ကဝက်ကင်းဟဲ့ ကလေးမရဲ့၊ ရေခဲရိုက်မဟုတ်ဘူး'

အခြား ဝယ်သူ တစ်ယောက်ရောက်လာသောကြောင့် စကားစပြတ်သွားသည်။ မိစံသည် ကျွန်တော့်ကို မြင်သောအခါ ပြုံးပြလေသည်။

'ရှာလိုက်ရတာဟာ'

'တို့လဲ လျှောက်ကြည့်နေတာပဲ၊ ဈေးထဲမှာက ဒီလိုပဲ လာနေကျမဟုတ်ရင် ရှာရတာ မလွယ်ဘူး'

'ကဲ...ပြောစရာရှိတယ်ဆို ပြောလေ'

သူ့လက်ထဲသို့ နှင်းဆီပန်းကို ထည့်ပေးရင်းက မေးလိုက်သည်။ သူသည် ပန်းပွင့်ကလေးကို ချည်ပေါင်ရွက်အစည်းများကြားသို့ ထိုးထည့်လိုက်ပြီးမှ ဘာစိတ်ကူးပေါက်သွားသည်မသိ။ ခေါင်းမှာပင် ပန်လိုက်သည်။

'ဒီနေ့ မနက်စာထမင်း အိမ်မှာလာစားဖို့ပြောမလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ…ဖြစ်ပါ့မလား၊ မိစံတို့အိမ်က…'

'ဖြစ်လို့ပြောနေတာပေါ့။ ပြီးတော့ … အဖေနဲ့ အမေကလဲ သူ့ကို တွေ့ချင်လို့တဲ့'

'ဘာ…အဖေနဲ့အမေက'

'ဟုတ်တယ်လေ၊ သူနဲ့ စကားပြောကြည့်ချင်လို့တဲ့၊ နည်းနည်းပါးပါး မေးမှာပေါ့၊ 'အဆင်ပြေမှာပါလေ'

'ဒါဆို ကောင်းတာပေါ့'

'အင်း… ဒါပေမယ့် လာမယ်ဆိုရင် ဆံပင်တော့ ညှပ်ခဲ့နော်။ အဖေက ဆံပင် ရှည်တာမကြိုက်ဘူး၊ တို့ကတော့ ကြိုက်ပါတယ်၊ အဖေတို့နဲ့က ပထမဆုံးအကြိမ် တွေ့မှာ ဆိုတော့'

'အင်းပါ၊ ခု ဒီကအပြန် ဝင်ညှပ်လိုက်မယ်လေ'

'ဟဲ့…ကလေးမ၊ အကောင်လိုက် ချိန်ရမှာလား၊ ခုတ်သားချိန်မှာလား'

ငါးသည်ကြီးက စကားကိုဖြတ်၍ မေး၏။ ဟုတ်သားပဲ။ ကျွန်တော်တို့က သူ့ဆိုင်ရှေ့မှာ ရပ်နေကြပေသကိုး။

'ဟင့်အင်း…မချိန်နဲ့တော့ အဒေါ်၊ မယူတော့ဘူး'

မိစံသည် ခြင်းတောင်းကို ကောက်ကိုင်၏။ သူ့ခြင်းတောင်းကို ယူ၍ ဆွဲခဲ့လျှင် ကောင်းမလားဟု တွေးမိသည်။ သို့ရာတွင် မယူဖြစ်။

'ဘယ်လိုဖြစ်တာလဲ မိစံရဲ့ သေသေချာချာ မေးပြီးမှ ဘာလို့မဝယ်ရတာလဲ'

'ဒီနေ့မနက် သူ ထမင်းလာစားမယ် မဟုတ်လား။ သူက ငါးသလောက်ကို ညှီလို့မကြိုက်ဘူး၊ ဒါကြောင့် မဝယ်တာ၊ ငါးရှူပဲ ဝယ်တော့မယ်'

'အို…အလိုက်သိတတ်လှချည်လား၊ ဒါကြောင့် ကိုယ်က မစံကို…'

'တကတဲတော်… ဈေးထဲမှာများ ရုပ်ရှင်ရိုက်နေတာကျနေတာပဲ၊ အလွမ်းသယ်နေလိုက်ကြတာ ခေတ်ကာလသားသမီးတွေများ…'



သူ့ငါးသလောက်ကို မဝယ်သောကြောင့် မကျေမနပ်ဖြစ်ကျန်ခဲ့သော ငါးသည်အဒေါ်ကြီး၏ အသံကျယ်လောင်လောင်ကို ကြားလိုက်ရသဖြင့် စကားကို ရှေ့မဆက်ဝံ့တော့ချေ။

( ၃ )

မိစံကို ဘတ်စ်ကားပေါ်သို့တင်ပေးလိုက်ပြီးနောက် ဆံပင်ညှပ်ဆိုင်ဘက်သို့ လျှောက်လာခဲ့သည်။ ကျွန်တော်သည် အူမြူး၍ နေလေသည်။ အိမ်မှာသာဆိုလျှင် သီချင်းအော်ဆိုမိလိမ့်မည်။ လမ်းလျှောက်ရင်း အသိတစ်ယောက်ယောက်များ တွေ့မလားဟု ဟိုဒီကြည့်မိသည်။ တွေ့လျှင် ပြုံးပြချင်သောကြောင့် ဖြစ်သည်။ ရပ်နေသော ကုလားမကြီးတစ်ယောက် ဘေးမှဖြတ်သွားစဉ် သူက ကွမ်းတံတွေး လှမ်းထွေးလိုက်သည်။ ကျွန်တော့်ခြေထောက်တွင် ကွမ်းတံတွေး အနည်းငယ် ပေကျံသွား၏။ သို့ရာတွင် ကိစ္စမရှိပါဘူးဟူသော သဘောဖြင့် ကျွန်တော် ပြုံးပြလိုက်သည်။ ကုလားမကြီးကား ဘာမျှမသိလိုက်ဘဲ သူ့ကုလားကြီးကိုသာ စကားတွေပြောနေသည်။

လျှောက်လာရင်း ဈေးအလယ်ပေါက်ကို ဖြတ်မိသောအချိန်တွင် အသံချဲ့စက်သံကို ကြားရပြန်သည်။

'ဆံတော်ရှင် ကျိုက္ကဆံစေတီတော်မြတ်ကြီးမုခ်ဦး ဆောက်လုပ်ရန် အလှူခံနေပါသည်ခင်ဗျား'

ထိုအသံကိုကြားရသောအခါ ကျွန်တော့်တွင် လှူချင်တန်းချင်စိတ်များ ပေါက်လာလေသည်။ အိတ်ထဲတွင် ပိုက်ဆံတစ်ကျပ် ပြားခြောက်ဆယ်သာရှိသည်။ ဆံပင်ညှပ်ခ တစ်ကျပ်ခွဲ၊ ကားခဆယ်ပြား။ အတိပဲ။ မလှူတော့ပါဘူးဟု စိတ်ကို လျှော့၍ ဆက်လျှောက်ခဲ့သည်။ လေးငါး လှမ်းမျှ လှမ်းလိုက်စဉ်တွင်…

'ဆိုက်ကားဆရာ ကိုလင်းဦးက လုပ်အားခငွေ တစ်ကျပ်တိတိကို လှူဒါန်းပါသည်ခင်ဗျား၊ ထိုသို့လှူရသော အကျိုးအားကြောင့်…'

www.burmeseclassic.com

www.burmeseclassic.com

# တစ်ဖက်သားရှုးအောင် ပြုရက်လေတယ်

( ၁ )

သူ့ရှေ့ရှိ စားပွဲပေါ်သို့ ရေခဲသုပ်ခွက်ကို ခွပ်ခနဲချပြီး ထွက်ခွာသွားသောကြောင့် လှမ်းပြောမည် ပြုလိုက်စဉ်ပင် ဟိုဘက်စားပွဲမှ အသံတစ်သံ ထွက်လာသည်။

'ဘာလီချည်းပဲ နှစ်ခွက်ဖြစ်နေပြီ၊ ကျွန်မတို့မှာတာက ဘာလီတစ်ခွက်၊ ရေခဲသုပ်တစ်ခွက်လေ'

ထို့ကြောင့် ဟိုဘက်စားပွဲနှင့် ဒီဘက်စားပွဲ မှားပြီး ချမိကြောင်းကို သိလိုက်၏။ သူကလည်း 'ကျွန်တော်က ဘာလီမှာတာဗျ' ဟု ပြောလိုက်ပြန်သည်။ အအေးဆိုင်မှ ဦးယမ်းဘီလူးသည် 'မှားသွားလို့ပါ၊ ဆရာ့ဘာသာ လဲယူလိုက်ပါတော့။ ကျွန်တော် ဖွဲ့တွေကိုင်ထားလို့' ဟု ပြောပြန်သည်။ သူ့ကို ဆရာဟု ခေါ်သောကြောင့် ကျောင်းဆရာဟု မထင်ကြပါနှင့်။ ဤတက္ကသိုလ် စားသောက်ဆိုင်မှ လူများသည် ကျောင်းသားများကိုလည်း တစ်ခါတစ်ရံ ဆရာဟု ခေါ်တတ်သည်။ သူ သို့တည်းမဟုတ် အောင်ချစ်ဝင်းသည် ဘူမိဗေဒကျောင်းသားတစ်ယောက်သာ ဖြစ်၏။



ဟိုဘက်စားပွဲကို သူ ကြည့်လိုက်သည်။ ကျောင်းသူနှစ်ယောက်။ သူ တို့ကလည်း အောင်ချစ်ဝင်းကို ကြည့်နေသည်။ တစ်ယောက်ကတော့ သူနှင့် မျက်လုံးချင်းဆုံမိသောအခါ မျက်နှာလွှဲသွားသည်။ ကျန်တစ်ယောက်ကတော့ သူ့ကို ပြုံးစိစိကြည့်နေဆဲ။ အောင်ချစ်ဝင်းသည် ရေခဲသုပ်ကိုယူ၍ ဟိုဘက်စားပွဲဆီသို့ ထသွားသည်။ ရေခဲသုပ်ခွက်ကို စားပွဲပေါ်တင်လိုက်ပြီး ဘာလီရည်ခွက်ကို ယူသည်။ ရှက်ကိုးရှက်ကန်းဖြစ်နေသောကြောင့် 'ဆောရီးပဲဗျာ' ဟု လွတ်ခနဲ ပြောမိသည်။ ခုန သူ့ကို ပြုံးစိစိကြည့်သော ကျောင်းသူက 'ခစ်ခနဲ' ရယ်သည်။ သူ ပို၍ရှက်သွားပြီး စားပွဲဆီသို့ ခြေလှမ်းအမှားမှားနဲ့ ပြန်လာထိုင်သည်။ ဟုတ်တော့ဟုတ်သား။ ဆိုင်က ခွက်မှားပြီး ချမိတာ၊ သူက ဘာဆိုင်လို့ ကြားထဲက ဝင်ပြီး တောင်းပန်ရမှာလဲ။

သူသည် အအေးဆိုင်ရှင်ဦးယမ်းဘီလူးကို မကျေမနပ် လှမ်းကြည့်သည်။ ဟင်း ... နာမည်ကိုက ယမ်းဘီလူးတဲ့။ တို့မီးရှို့မီး လုပ်တာ။

အမှန်မှာ သူ့ဘာသာသူ ရှက်ပြီး ဦးယမ်းဘီလူးကို ဘာမဆိုင်ညာမဆိုင် ဒေါကန်နေခြင်းဖြစ်သည်။ တကယ့် တကယ်တော့ ဦးယမ်းဘီလူးကို သူကျေးဇူးတင်ဖို့ပင် ကောင်းသည်။ ခုလို အအေးခွက်ချင်း မှားချမိသည့် အတွက်ကြောင့်ပင် စိတ်ဝင်စားဖွယ်ကောင်းသော မိန်းကလေး တစ်ယောက်ကို သူ စတင် တွေ့ရှိခြင်းဖြစ်သည်။ ပြီးတော့လည်း ဦးယမ်းဘီလူးသည် အချစ်ချိန်ကိုက်ဗုံးတစ်လုံးကို ယနေ့ပင် ဖောက်ခွဲလိုက်ပြီ မဟုတ်လား။

( ၂ )

တင်အောင်ခိုင်ကို တွေ့အောင် ရှာရမည်။ ဒီကောင်က အမြင်ကျယ်သည်။ ကျောင်းဝင်းတစ်ခုလုံး အနှံ့လျှောက်သွားနေတတ်သူ ဖြစ်သောကြောင့် မိန်းကလေး အတော်များများကို သိနေသည်။ သူ့ကို မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေက မသိသော်လည်း သူက မိန်းကလေးတွေကို သိနေခြင်းကို ဆိုလိုပါသည်။

ဒီလောက်ပြောလျှင်ပင် အခြေအနေကို သိလောက်ပြီ ထင်သည်။ သူ စိတ်ပင်စားနေပြီ ဖြစ်ကြောင်းကို။ ဘယ်သူ့ကိုလဲဆိုတော့ ဟိုတစ်နေ့က ရေခဲသုပ်နှင့် ဘာလီရည်ခွက်ချင်းမှားတဲ့ ကောင်မလေးကိုပါ။ ပြုံးစိစိ ကြည့်နေသော ကောင်မလေးကို မဟုတ်ပါ။ မျက်လုံးချင်း တစ်ခါလောက်ဆုံပြီး မျက်နှာလွှဲသွားသော ကောင်မလေးကို ဖြစ်ပါသည်။

ဖြူနုံးခနဲ ကြည့်လိုက်လျှင် သူလိုငါလို အဆင့်လောက်သာရှိသည်ဟု ထင်ရသည်။ အိုလီဗီယာ နယူတန်ဂျွန်တို့၊ လင်ဒါကာတာတို့၊ ဆူဇီကွာထရိုတို့လို အင်တာနေရှင်နယ် ဆံပင်မျိုးနှင့် မဟုတ်သောကြောင့်လည်းကောင်း၊ သုံးဆင့်ဟုခေ ဘား၊ လေ့ကားသုံးထစ်ဟု ခေါ်မလား မသိရသော သရီးစတက်ဆံပင်မျိုးနှင့် မဟုတ်သောကြောင့်လည်းကောင်း သတိမထားမိဘဲ အမှတ်မဲ့ ဖြစ်ချင်ဖြစ်နေကြလိမ့်မည်။ ခုခေတ်တွင် အလွန်ရှိုးနေပြီဖြစ်သော သာမန် ဆံပင်ဖားလျားကလေးနှင့် ကောင်မလေးကို သေချာစွာကြည့်မိလျှင် (အောင်ချစ်ဝင်း၏ အဆိုအရ) စိတ်ဝင်စားဖွယ်အတိ ပြီးနေကြောင်း တွေ့ရပါလိမ့်မည်။

သူ့နာမည်နှင့် တတိယနှစ်လား၊ နောက်ဆုံးနှစ်လား ဆိုသည်ကို မသိရသော်လည်း အဓိကဘာသာရပ်ကိုမူ သိလိုက်ရ၏။ ဟိုတစ်နေ့က အအေးဆိုင်မှာ သူတို့ပြောနေသော စကားကို တစ်ခွန်းစ ကြားမိသည်။ ဒေါက်တာတင်အောင်၊ ဦးမြင့်ဝေ စသော အမည်များကို ထည့်သွင်းပြောကြားနေသည်ကို ထောက်၍ ရူပဗေဒအဓိက ကျောင်းသူဖြစ်ကြောင်း သိရသည်။ ကျန်အချက်အလက်များကို တင်အောင်ခိုင်၏ အကူအညီဖြင့် သိအောင် ကြိုးစားရပေတော့အံ့။

တင်အောင်ခိုင်ကို မန္တလေးဆောင်မှာပင် ရှာတွေ့သည်။ ဒီကောင်က မဟာသိပ္ပံတက်နေသူ ဖြစ်သည်။ အဆောင်အလယ်ထပ်ရှိ နမ္မနာကျောက်များထားသောနေရာနားမှာ တွေ့ခြင်း ဖြစ်ပါသည်။ လှေကားမှတက်လာခဲ့ကပင် သူ့အသံကျယ်လောင်လောင်ကို ကြားနေရလေသည်။



'ဟော့...ဒီသလင်းကျောက်ကြီးသာ စိန်တုံးကြီးဖြစ်သွားရင် ဘယ်လောက်ကောင်းမလဲ၊ ကမ္ဘာပေါ်မှာ အကြီးဆုံး စိန်တုံးကြီး ဖြစ်သွားမှာပဲ၊ ဒါကြီးကို ထက်ပိုင်းဖြတ်ပြီး ငါ့ကောင်မလေးကို နားကပ်လုပ်ပေး၊ ဟော့...ဟော့ နားရွက်ကြီး ရှည်ထွက်လာမှာပဲ'

တင်အောင်ခိုင်ကို အတင်းဆွဲခေါ်လာရသည်။ 'ဘာလုပ်မလို့လဲကွ' ဆိုပြီး ကန့်လန့်ကန့်လန့် ပါလာ၏။

'ဘာကိစ္စလဲကွ၊ မင်းက အရေးတကြီး၊ လက်ဖက်ရည်တိုက် မလို့လား'

'ပြီးတော့ တိုက်ပါ့မယ်ကွာ၊ ခုမင်းကို ပြစရာတစ်ခုရှိလို့'

'ဘာလဲ ယူရေနီယမ်သိုက် တွေ့ထားလို့လား'

'အဲဒါထက် အဖိုးတန်တယ်'

'သိပြီ သူငယ်ချင်း၊ ရတနာသိုက်ပဲ'

ရူပဗေဒဌာန စာသင်ခန်းများအနီးတွင် တဝဲဝဲရယ်တဲ့ တလည်လည် ဖြစ်နေကြသည်။

'မင်း အချိန်စာရင်းတော့ ကူးပြီးပြီလား'

'အေး...ပြီးပြီ၊ သတ်ယီးယား ပရက်တီကယ် ရှိတယ်၊ လေးနာရီခွဲလောက်မှ ပြီးမှာ၊ ဖိုင်တယ်တွေက နှစ်နာရီခွဲပြီးမယ်'

'ဒါဆို အကြာကြီး စောင့်ရမှာပဲ၊ ခုမှ နှစ်နာရီတောင် မထိုးသေးဘူး၊ လက်ဖက်ရည်သွားသောက်မယ်ကွာ၊ နှစ်နာရီခွဲခါနီးတော့ ပြန်လာတာပေါ့'

'ဟာ...နေဦးကွာ၊ ကလပ်စ်က စောလွှတ်ရင် လွဲနေပါဦးမယ်'

'မင်းဟာက မသေမချာကြီးပါကွာ၊ နှစ်နာရီခွဲအတန်းပြီးလို့ မတွေ့ရင် သတ်ယီးယား ပရက်တီကယ်ကို ဆက်စောင့်ရဦးမှာပေါ့'

'မင်းကလဲကွာ၊ တစ်နေ့တလေပဲဟာ'

www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီခွဲအထိ ရုပ်ဖေဒခန်းမရှေ့က စကြံအုတ်ခုံပေါ်မှာ ထိုင်စောင့်နေရသည်။ အတန်းလွှတ်ချိန်ကျတော့လည်း ထွက်လာသူတွေထဲမှာ သူမပါချေ။ တင်အောင်ခိုင်က ဟိုဟာလား ဒီဟာလား လျှောက်မေးနေပြန်၏။

'မပါဘူးကွာ'

'ဒါဖြင့်ရင် ပရက်တီကယ်ပြီးအောင် စောင့်ရဦးမှာပေ့ါ'

'အဲဒါပဲ ရှိတာပဲ'

တင်အောင်ခိုင်က ခဏစဉ်းစားလိုက်ပြီး...

'ဟော့ကောင်...ပရက်တီကယ်ခန်း အပြင်ကနေ ကြည့်မယ်ကွာ၊ တံခါးအချို့တော့ ဖွင့်ထားမှာပေ့ါ'

'ဟာ အပြင်ကနေ ချောင်းကြည့်ရတာ ကြောင်တောင်တောင်နဲ့'

'ဘာဖြစ်လဲကွာ၊ သူများတွေလဲ ဒီလိုပဲဟာ၊ လာပါကွာ'

တင်အောင်ခိုင်က ဦးဆောင်၍ လက်တွေ့ခန်းများအနီးသို့ သွားကြပြန်သည်။ တံခါးပေါက်တစ်ပေါက်မှာ တစ်ခြမ်းပွင့်နေသည်။ အထဲသို့ ကြည့်သော်လည်း သူမတွေ့ရ၊ အတန်ငယ်ဟနေသော နောက်တံခါးတစ်ပေါက်မှ ချောင်းကြည့်ပြန်သည်။ အောင်ချစ်ဝင်းသည် ထိတ်ခနဲ ဝမ်းသာသွားလေ၏။ တတိယနှစ် ကျိန်းသေပြီ။

'ဟော့ကောင်... ဟိုမှာ ဟိုမှာ'

'ဘယ်မှာလဲ'

'ဟိုမှာ...အနီရောင်နဲ့'

'ဟင် ကုလားမကြီးပဲ'

'ဟာ...အဲဒါမဟုတ်ဘူး၊ ဒီဘက်ကကွ၊ ဆံပင်ဖားလျားနဲ့'

'ဪ ... ဒါလား'

'မင်း သိလား'

'သိတာပေ့ါကွ၊ သူ့နာမည်က ဇာဇာတဲ့'

အို...ဇာဇာ၊ ဘယ်လောက်လှတဲ့ နာမည်လေးလဲကွယ်။



( ၃ )

'ဒီမှာ...ဒီမှာ'

နှစ်ယောက်စလုံး လှည့်ကြည့်သည်။

'ကျွန်တော် ဂျီအော်လော်ဂျီ ဖိုင်နယ်က အောင်ချစ်ဝင်းပါ'

'ဘယ်သူက မေးလို့လဲ'

အအေးဆိုင်မှာ တွေ့တုန်းက ပြုံးစိစိလုပ်နေသော ကောင်မလေးက ပြန်မေးသည်။ အောင်ချစ်ဝင်း နည်းနည်း 'နာကစ်'သွားသည်။

'ကျွန်တော်ကလဲ ခင်ဗျားကို ပြောတာမဟုတ်ပါဘူး၊ ဒီက ဇာဇာ့ကို...'

'ဘယ်က ဇာဇာလဲ'

'သူလေ...'

ဇာဇာဘက်သို့ သူ မေးငေါ့ပြသည်။ ပြုံးစိစိမကလေးက ....

'သူ့နာမည် ဇာဇာမှမဟုတ်ဘဲ'

'ခင်ဗျာ...'

သူ အံ့ဩသွားသည်။ ရှက်လည်းရှက်သွားသည်။

'ဆောရီးပဲဗျာ'

သူ လှည့်ထွက်လာခဲ့သည်။ 'ကြောင်လိုက်တာ'ဟု လှမ်းပြောလိုက်သောအသံသည် သူ့နောက်ကို ပြေးလိုက်လာ၏။

လှေကားပေါ်သို့ တက်မည်ပြုသော တင်အောင်ခိုင်၏ ကုပ်ကို ဖမ်းဆိုင်လိုက်သည်။

'ခွေးကောင် တင်အောင်ခိုင်'

'ဟ ...ဟ ...ဘာဖြစ်တာလဲ'

'ခွေးကောင် မင်းငါ့ကို ချောက်တွန်းတယ်'

'ဘာလဲကွာ'

'သူ့နာမည် ဇာဇာမှမဟုတ်ဘဲ မင်းသက်သက်မဲ့...'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်'

'ငါ ဆွဲထိုးမိမယ်နော်...မင်း'

'ဟဲ...ဟဲ... ဆောရီးပဲကွာ။ သူ့နာမည်ကို ငါမှမသိဘဲ၊ ပါးစပ်ကဲတွေ့တဲ့ နာမည်ကို ပြောလိုက်တာပဲကွာ'

'မင်းလုပ်တာ ငါဘယ်လောက် အရှက်ကွဲတယ် မှတ်သလဲ'

'ကဲပါကွာ ...သူ့နာမည်ကို မသိသိအောင် ငါပဲ စုံစမ်းပေးပါ့မယ်'

'လာပြန်ပြီ'

ထိုနေ့က တင်အောင်ခိုင်က လက်ဖက်ရည် တိုက်သွားသည်။

တင်အောင်ခိုင်သည် သူ့ဒုက္ခနှင့်သူ တော်တော်ပင်ပန်းသွားရရှာသည်။ ငွေသွင်းဌာနရှေ့တွင် သုံးရက်တိတိ သွားစောင့်သည်။ ကျောင်းသူတို့သည် ကျောင်းလခကို စောစောစီးစီး သွင်းတတ်ကြသည်မဟုတ်လား။ လဆန်းတစ်ရက်နေ့မှ သုံးရက်နေ့ထိ မနက်ဆယ်နာရီနှင့်နေ့လယ်တစ်နာရီလောက်ထိ ယောင်လည်လည်လုပ်ရင်း စောင့်ရသည်။ သုံးရက်နေ့ကျမှ ဟိုနှစ်ယောက် ငွေလာသွင်းသည်။ သူလည်း ငွေသွင်းဖို့တန်းစီသလိုလုပ်၍ နောက်နားက ကပ်ရပ်လိုက်သည်။ ငွေသွင်းပုံစံကိုလှမ်းတင်လိုက်သောအခါကျမှ မသိမသာ ခိုး၍ ကြည့်ရ၏။ အမလေး... နာမည်လေးသိရဖို့ ပင်ပန်းလိုက်တာ။ ပင်ပန်းရကျိုးနပ်အောင် ပြန်လုပ်ယူရမည်။ ဒါတောင် ဟိုကောင် အောင်ချစ်ဝင်းက မယုံချင်သေးချေ။

'ဟေ့ကောင် ... မင်းစကား ငါမယုံဘူး'

'တကယ်ပါကွာ၊ ငါ ကက်ရှ်မှာ သုံးရက်တိတိ စောင့်ပြီး စုံစမ်းလာတာပါ'

'ဒါဖြင့် သူ့နာမည်ဘယ်သူလဲ...ပြောလေ'

'ဒီလိုတော့ ဘယ်ရမလဲကွာ၊ အရှည်ကြီးဆိုင်ကျမှ ပြောမယ်'

'ဒီတစ်ခါ မင်းချောက်တွန်းရင်တော့ ခေါင်းကွဲပြီသာမှတ်'



( ၄ )

'မခင်သန်းမြင့် တစ်ယောက်တည်းလား'

လန့်သွားသည်။ လှည့်ကြည့်သည်။ အံ့ဩသွားသည်။

'နာမည်သိလို့ အံ့ဩသွားသလားဗျာ။ ကျွန်တော် အပင်ပန်းခံပြီး စုံစမ်းထားရတာပါ'

ဘာမျှပြန်မပြောချေ။ အောင်ချစ်ဝင်းသည်လည်း ပြောသာပြောနေရသည်။ နာမည်အမှန် ဟုတ်မဟုတ်ပါ့မလားဟု သံသယရှိနေဆဲပင်။

'ကျွန်တော့်ကို စကားတစ်ခွန်းလောက် ပြောခွင့်ပြုပါ'

'မနှောင့်ယှက်ပါနဲ့'

အသံကို သေသေချာချာ ကြားဖူးပြီ၊ သာယာသံစာရင်းဝင်အသံမျိုး။

'နှောင့်ယှက်တယ်လို့ ထင်ချင်လဲ ထင်ပါ၊ ဒါပေမယ့် အတန်းချိန်တွေ အပျက်ခံပြီး မခင်သန်းမြင့်ကို လာလာစောင့်ရတဲ့အချိန်အတွက် ကျွန်တော့်ရဲ့ စွဲလမ်းမှုကိုတော့ အသိအမှတ်ပြုစေချင်ပါတယ်'

ခင်သန်းမြင့်၏ မျက်နှာတွင် ရှက်သွေးဖြာသွားသော အရောင်ကိုမြင်ရသည်။ သူ့စကား ထိရောက်ကြောင်း သိရသဖြင့် အောင်ချစ်ဝင်း ဝမ်းသာသွား၏။ ဒီလောက်ပဲပြောဖို့ လိုမည်ထင်သည်။ သူလည်း တက္ကသိုလ်ကျောင်းသူတစ်ယောက်ပေပဲ။

ဒါ...ပထမအဆင့်။

( ၅ )

'ဒီမှာ...မပြုံးပြုံး'

'ကျွန်မနာမည် မပြုံးပြုံး မဟုတ်ဘူး'

'ဩော်...ဇာဇာလား၊ ဒါဖြင့်'

'ပေါလှချည်လား'

'ဒီလိုပါဗျာ၊ ခင်ဗျားက ကျွန်တော့်ကိုမြင်ရင် ပြုံးစိစိနဲ့ ကြည့်တတ်လို့ မပြုံးပြုံးလို့ ခေါ်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ထားပါတော့၊ ခု ဘာကိစ္စရှိလို့လဲ'

'ဟို…မခင်သန်းမြင့် မပါဘူးလား'

'ဟင့်အင်း'

'တွေ့ရင် ကျွန်တော်က မေးတယ်လို့ ပြောလိုက်ပါနော်'

'ကျွန်တော်ဆိုတာပဲ ပြောရမှာလား၊ ရှင့်နာမည်မှ မသိဘဲ'

'ကျွန်တော့်နာမည် သိချင်ရင် ကျွန်တော် ကျောင်းလခသွင်းတဲ့အခါ လာစောင့်နေပေါ့၊ ငွေသွင်းပုံစံထဲကို ခိုးကြည့်ရင် အောင်ချစ်ဝင်းဆိုတာ တွေ့လိမ့်မယ်'

( ၆ )

'မခင်သန်းမြင့်ရယ် ကျွန်တော် စောင့်နေရတာ သုံးလတောင်ကျော်ခဲ့ပါပြီ'

ဘာမျှ ပြန်မပြောချေ။

'ကျွန်တော့်မှာ လက်မခံနိုင်လောက်တဲ့ အပြစ်တွေ ရှိနေလို့လား ဟင်'

ခေါင်းညိတ်ခြင်း၊ ခေါင်းခါခြင်းမပြု။

'ကျွန်တော့်ကို စကားတစ်ခွန်းတော့ ပြန်ပြောပါဦး'

'ကျွန်မ မပြောတတ်ဘူး'

ခင်သန်းမြင့်ထံမှ စကားတစ်ခွန်းကို ကြားရဖို့ အလွန် ခက်ခဲလှဘိသည်။

( ၇ )

'လာမယ့် ဆယ်ရက်နေ့ဆိုရင် ခြောက်လ ပြည့်ပြီနော်'

'ရှင်'

'ကျွန်တော် စောင့်ခဲ့ရတာကို ပြောတာပါ'

'ကျွန်မ … မသိဘူး'



'ကျွန်တော်ကတော့ သေသေချာချာ မှတ်ထားတာပါ'

ခင်သန်းမြင့်သည် ဘယ်လိုနည်း။ အောင်ချစ်ဝင်း သူ့ကို ချဉ်းကပ်ခဲ့သည်မှာ ခြောက်လပင် ပြည့်တော့မည်။ ခုထိ သူ ရဲဝံ့စွာ စကား မတုံ့ပြန်သေးချေ။ 'အရှက်အကြောက်ကြီးသူဟု ဆိုရမလား။ လူမြှေကြီးသူဟု ဆိုရမလားမသိ။

'ဒီလောက်ကြာမှတော့ ကျွန်တော့်အပေါ် တစ်ခုခုဆုံးဖြတ်ချက် ချသင့်ပါပြီဗျာ'

အောင်ချစ်ဝင်းသည် ခင်သန်းမြင့်ကို အကဲခတ်ကြည့်သည်။ တစ်ခုခု ပြန်ပြောမည့် အရိပ်အယောင်ကို မမြင်ရ။ အောင်ချစ်ဝင်းပင် စကားကို ဆက်ရသည်။

'ကျွန်တော့်ကို အခွင့်အရေး တစ်ခုတော့ ပေးပါ မခင်သန်းမြင့်ရယ်၊ ဆယ်ရက်နေ့က စနေနေ့နော် မခင်သန်းမြင့်တို့ ကာလပ်စ်က ဆယ့်တစ်နာရီပြီးမှာ မဟုတ်လား၊ ပြန်ရင် ဒီလမ်းအတိုင်း ပြန်ပါဗျာ၊ ကျွန်တော် ဟို…ညောင်ကြတ်ပင်အောက်က စောင့်နေပါ့မယ်၊ အဲဒီနေ့ကျရင် ကျွန်တော့်ကို အဖြေပေးပါတော့ဗျာ'

ခင်သန်းမြင့်က တစ်ခုခုပြန်ပြောရန် ဟန်ပြင်သည်။ အောင်ချစ်ဝင်းက အခွင့်မပေး။

'ကျွန်တော့်ကို လက်ခံနိုင်သည်ဖြစ်စေ၊ လက်မခံနိုင်သည်ဖြစ်စေ၊ ဒီလမ်းအတိုင်း ပြန်ဖြစ်အောင် ပြန်ပါနော်'

( ၈ )

ဆယ်နာရီ ခွဲပြီးကာစကပင် ညောင်ကြတ်ပင်အောက်မှ ခုံတန်းကလေးမှ ထိုင်စောင့်နေသည်။ အောင်ချစ်ဝင်းဟု ထင်လျှင်မှားပါလိမ့်မည်။ တင်အောင်ခိုင်ပင် ဖြစ်ပါသည်။

ဖြစ်ပုံမှာ ဤသို့တည်း။ အောင်ချစ်ဝင်းသည် တင်အောင်ခိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



မနေ့က အရေးတကြီး ရှာဖွေခဲ့လေသည်။ ပြီးတော့ ခင်သန်းမြင့်အား သူ့ကိုယ်စား သွားတွေ့ပေးရန် တင်အောင်နိုင်ကို တောင်းပန်သည်။

'ဟ ငါ့ကို ချိန်းတာမှ မဟုတ်ဘဲ'

တင့်အောင်နိုင်က ငြင်းသည်။

'ဒီလိုကွာ ခင်သန်းမြင့်နဲ့ ချိန်းထားတဲ့အချိန်က မနက်ဖြန် ဆယ့်တစ်နာရီ မဟုတ်လား။ ငါ့အဘိုးကြီးကလဲ နက်ဖြန် ဆယ်နာရီ လေးဆယ့်ငါး ရထားနဲ့ ရန်ကုန်ကို လာမှာကွ။ ငါ သွားကြိုရမှာ။ ခင်သန်းမြင့်ဆီ ဘယ်လိုမှ သွားလို့ရမှာ မဟုတ်ဘူး'

'မင်းအဘိုးကြီးကို ငါသွားကြိုမယ်လေကွာ'

'မင်းမှ ငါ့အဘိုးကြီးကို မမြင်ဖူးဘဲ'

'အေး...ဟုတ်သားပဲ။ ခက်တာပဲကွာ'

'မတတ်နိုင်ဘူးကွာ။ မင်းပဲ ကူညီပေါ့ကွာ၊ ငါ့ကိုယ်စားခင်သန်းမြင့်ကို သွားစောင့်ပေးပါကွာ၊ တွေ့ရင် ငါမလာနိုင်တဲ့ အကြောင်းပြောပြပြီး...'

'တော်တော့် ကြောင်စီစီ နိုင်တာပဲ'

'ဒီလိုမှ မလုပ်ရင် မဖြစ်လို့ပါကွာ။ ကူညီပါ သူငယ်ချင်းရာ။တောက် အဖေကလဲ ဒီရက်ကျမှ လာရတယ်လို့'

ထို့ကြောင့် တင်အောင်နိုင် ဒီမှာ လာစောင့်နေရခြင်း ဖြစ်လေသည်။ သူ့လက်မှ နာရီကို ကြည့်သည်။ ဆယ့်တစ်နာရီ။

တင်အောင်နိုင်သည် သူ့အဖြစ်ကို ပြန်စဉ်းစားပြီး ရယ်သည်။ ဘယ်လောက် ကြောင်သနည်း။ ခင်သန်းမြင့်လာလျှင် သူ့ကိုယ်သူ အရင်မိတ်ဆက်ရမည်။ ပြီးတော့ အောင်ချစ်ဝင်း မလာနိုင်ကြောင်းကို နားလည်အောင် ရှင်းပြရမည်။ အောင်ချစ်ဝင်း၏အဆိုအရ ခင်သန်းမြင့်သည် ရှက်တတ်သတဲ့။ တကယ်လို့များ သူ့စကားကို ဆုံးအောင် နားမထောင်ဘဲ ရှက်ရှက်နှင့် ထွက်သွားခဲ့လျှင်...



ခုမှပင် သူဆောင်ရွက်ရမည့် တာဝန်၏ပမာဏကို ခန့်မှန်းမိသည်။ မလွယ်ပါလား။

ဆယ့်တစ်နာရီ ဆယ့်ငါးမိနစ်။ ခင်သန်းမြင့် မလာသေး။

အင်းလေ ... အတန်းပြီးတော့ အိမ်သာများ ဝင်နေလို့လားတော့ မသိ။ ဒါမှမဟုတ် လာရမှာရှက်နေလို့ ချီတုံချတုံ ဖြစ်နေတာများလား။ သို့ရာတွင် ဆယ့်တစ်နာရီခွဲသည်အထိ ခင်သန်းမြင့် အရိပ်အယောင်ကိုပင် မမြင်ရ။

တင်အောင်နိုင်စိုးရိမ်စပြုလာသည်။ ဆရာက နောက်တစ်ချိန်ဆက်ပြီး သင်နေလို့များလား။ အတန်းရှိရာသို့ သွားနေတုန်း ဟိုက ဒီကို ရောက်နေလျှင် ခက်မည်ဟု စဉ်းစားမိသောကြောင့် မသွားဖြစ်။ အောင်ချစ်ဝင်းကိုယ်စား စိုးရိမ်ရခြင်းပင်ဖြစ်သော်လည်း သူ့ တာဝန်ယူလာသော ကိစ္စဖြစ်သောကြောင့် သူ့ကိုယ်တိုင် စိုးရိမ်နေရသည်နှင့်မခြား ရှိသည်။

ဆယ့်တစ်နာရီ လေးဆယ့်ငါးမိနစ်။ အခြေအနေ မထူးခြားသေး။ စိတ်ထဲက ဟိုဟိုဒီဒီလျှောက်တွေးစ ပြုလာသည်။ ခင်သန်းမြင့် လှည့်စားပြီလော။

ဆယ့်နှစ်နာရီ။ စနေနေ့ဖြစ်သောကြောင့် နောက်ထပ် အတန်းချိန် မရှိတော့။ ပတ်ဝန်းကျင်၌ အိမ်ပြန်သူ စားသောက်ဆိုင်တန်းသွားသူတို့ဖြင့် စည်ကားနေပြီ။ ဗိုက်ထဲက ဆာလာသည်။ ထို့အတူ စိတ်လည်း တိုလာသည်။

ဆယ့်နှစ်နာရီဆယ်မိနစ်။ ဒေါသဖြစ်သည့်အဆင့်သို့ ရောက်ရှိသွားလေတော့သည်။ ကြည့်။ ဘယ်လောက် ယုတ်မာသနည်း။ ချိန်းထားပြီးမှ မလာဘဲနေသည်။ ဒါသက်သက်လှည့်စားတာ။ စော်ကားတာ။ အောင်ချစ်ဝင်းကတော့ ကာယကံရှင်မို့ ထားပါတော့။ သူက ဘာမဆိုင်ညာမဆိုင် ကြားထဲက အချောင်ခံရသည်၊ ထမင်းဆာခြင်း၊ စိတ်မောခြင်း။

ဆယ့်နှစ်နာရီခွဲသောအချိန်တွင် ဒီနေရာကို စွန့်ခွာဖို့ သူ ဆုံးဖြတ်လိုက်သည်။ မလာတော့သည်မှာ သေချာပြီ။ စိတ်ထဲက အလွန်အမင်း

www.burmeseclassic.com

www.burmeseclassic.com



မခံချိမခံသာ ဖြစ်နေရသည်။ အောင်ချစ်ဝင်းကတော့ ဘယ်လိုနေမလဲ မသိ။ သူကတော့ ခင်သန်းမြင့်ကို တွေ့ရာနေရာမှာ 'ချဲ'ဖို့ ဆုံးဖြတ်ပြီးသား။

မတ်တပ်ရပ်လိုက်သည်။ သူထိုင်ခဲ့သော ခုံတန်းကို လက်ဝါးစောင်းဖြင့် တစ်ချက်ရိုက်သည်။ သူ လှည့်ထွက်လာခဲ့ပြီး လေးငါးလှမ်းလောက် လျှောက်မိချိန်တွင် နောက်မှ 'ဒီမှာ'ဟု ခေါ်သံကြားသောကြောင့် ဝမ်းမြောက်စွာ လှည့်ကြည့်လိုက်သည်။ သို့ရာတွင် ခင်သန်းမြင့် မဟုတ်ချေ။ အမျိုးသမီးတစ်ယောက်။ မြင်ဖူးသလိုလိုတော့ ရှိသည်။ ဘယ်သူမှန်းမသိ။

'ဒီမှာ...လူတစ်ယောက်လာတာ မတွေ့မိဘူးလားဟင်...'

'ဘာပြောတယ်။ ကျုပ်လဲလူပဲဗျ'

'အို...'

အမျိုးသမီးမှာ ရှက်ရွံ့အားနာသွားပုံရသည်။ တင်အောင်ခိုင်သည် သူ့ကိစ္စနှင့်သူ ဒေါသဖြစ်နေသောကြောင့် မဆိုင်သူကို သွားဟောက်မိသည့်အတွက် အားနာသွားသည်။ သူကလေးကကော ချိန်းထားတဲ့သူ မလာလို့ပေလားမသိ။

'ဆောရီးပဲဗျာ... ကျွန်တော် တောင်းပန်ပါတယ်၊ ဘာကိစ္စရှိလို့လဲ'

အမျိုးသမီးမှာ ပြောသင့်မပြောသင့် စဉ်းစားနေပြီးမှ–

'ရှင်က ကိုအောင်ချစ်ဝင်းရဲ့ သူငယ်ချင်း မဟုတ်လား'

'ခင်ဗျာ'

သူ အံ့သြသွားသည်။ 'ဟုတ်ပါတယ်'ဟု ဖြေသည်။

'ကျွန်မက မခင်သန်းမြင့်ရဲ့ သူငယ်ချင်းပါ'

'ဗျာ'

'ကိုအောင်ချစ်ဝင်း မလာဘူးလား'

တင်အောင်ခိုင်က အောင်ချစ်ဝင်းအကြောင်းကို ရှင်းပြသည်။ ပြီးတော့ 'ခင်သန်းမြင့် မလာဘူးလား'ဟု ပြန်မေးသည်။ အမျိုးသမီးက ပြုံးစိစိနှင့် လုပ်နေသည်။ အောင်ချစ်ဝင်းပြောသော မပြုံးပြုံးဆိုတာ ဖြစ်မည်။ သူက မခင်သန်းမြင့် မလာနိုင်ကြောင်း ကိုယ်စားလာခြင်း ဖြစ်သည်။



အောင်ချစ်ဝင်းအား မခင်သန်းမြင့်က ပေးခိုင်းလိုက်သော စာအိတ်ကလေးကို ပေးသည်။ စာကို ဖွင့်ဖတ်ကြည့်ရန် မလို။ စာအိတ်ပေါ်က လိပ်ပြာကလေးနှစ်ကောင်ပုံကို ကြည့်ခြင်းအားဖြင့် အခြေအနေကို သိသာနိုင်သည်။

ကဲ...ဘယ်လောက် ထူးဆန်းသနည်း။ ဒါ ဘာဟုတ်သေးလဲ၊ ဒါ့ထက် ထူးဆန်းတာ ရှိသေးသည်။ ခင်သန်းမြင့် မလာနိုင်သောအကြောင်းမှာ...

ခင်သန်းမြင့်၏အဖေသည် ဒီနေ့ ဆယ်နာရီလေးဆယ့်ငါး ရထားဖြင့် နယ်မှလာရောက်မည်ဖြစ်သောကြောင့် ဘူတာရုံသို့ သွားကြိုနေရလို့ပါတဲ့။

(တက္ကသိုလ်များပုံနှိပ်တိုက်၊ နှစ် ၂၀ မြောက်မဂ္ဂဇင်း ၁၉၈၀)

www.burmeseclassic.com

www.burmeseclassic.com




## ပြီးခဲ့သော ဇာတ်လမ်းအကျဉ်း

'တိုက်ဆိုင်မှု' ဆိုသည်ကို မယုံကြည်ဘဲနေရန် ခက်သည်။ နဖူးစာ၊ ကံတရား။ ဘဝက ရေစက် စသည်တို့ကို ဖယ်ထားလိုက်ပါ။ ထိုအရာများကို မယုံကြည်သည်ပင်ဖြစ်စေ ထူးခြားတိုက်ဆိုင်မှုကို တစ်ကြိမ် ော့တ် တစ်ကြိမ် ကြုံဖူးကြမည်ပင်ဖြစ်သည်။ တစ်ချိန်က ဖြစ်ပျက်ခဲ့ဖူးသော ကိစ္စတစ်ခုတွင် ပါဝင်ပတ်သက်နေသူများကို တစ်နေ့တည်းတွင် တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်တွေ့နေခဲ့လျှင် ထူးခြားစွာ တိုက်ဆိုင်မှုဟု ဆို၍ ရကောင်းသည်ထင်၏။ 'မ' နှင့်ပတ်သက်သောကိစ္စ။ 'မ' ဆိုသည်မှာ ခင်မမ။ ပြီးတော့ ထိုစဉ်က အဝန်းအဝိုင်း။

◆ ◆ ◆

နက်ဖြန်လုပ်ရမည့်ကိစ္စများကို စဉ်းစားနေရာမှ ဘတ်စ်ကား၏အရှိန် ရုတ်တရက်နှေးသွားခြင်း၊ စက်သံ ပိုမိုဆူညံလာခြင်းတို့ကြောင့် တာမွေ့ ခံတံတားကို ကျော်ဖြတ်နေရပြီဟု သိလိုက်သည်။ ဆင်းရမည့်မှတ်တိုင် ကပ်လာပြီဖြစ်သောကြောင့် ထိုင်ရာမှ ကြိုတင်၍ထသည်။ ကျပ်ညပ်နေသော ခရီးသည်များကို တိုးဝှေ့ထွက်ရ၏။ ဘတ်စ်ကားပေါ်မှ ဆင်းပြီး

www.burmeseclassic.com



နောက် ဆေးလိပ်ဝယ်ဖို့ သတိရသည်။ ကိုဟန်ခင်တို့ဆိုင်ဝင်၍ 'သူဇာ ဆေးပေါ့လိပ်'ဝယ်သည်။ ကိုဟန်ခင့်မိန်းမမချိုက 'နင့်အမေတောင် ခုန လာသွားသေးတယ်၊ ဒီနေ့ ဧည့်သည်များလို့ ဟင်းကုန်သွားတာနဲ့ ဘဲဥ လာဝယ်တာတဲ့၊ နင်တော့ ဒီနေ့ ဘဲဥပဲပေါ့'ဟု ဆိုးပြောသည်။ အစိမ်း ကြော် တစ်ခွက်ဝယ်သွားမှပဲဟု စဉ်းစားပြီး လမ်းကို ဖြတ်ကူးမည်အပြု...

'ဟော့ ... ဖိုးလူအေး'

'ဟာ ...ကိုသန်းဝင်း'

ကိုသန်းဝင်းသည် ဈေးမှတ်တိုင်နားတွင် ကွမ်းယာဆိုင်ဖွင့်ထားသူဖြစ် သည်။ သူ့အကြောင်းပြောလျှင် 'မ' အကြောင်းသည် မလွှဲမရှောင်သာ ပါဝင်လာရပေတော့မည်။ အမှန်တော့ ဟိုယခင် အခါဆီက ဖြစ်ပျက်ခဲ့ သော 'မ' ဇာတ်လမ်းတွင် သူသည် ဇာတ်ရံတစ်ဦးသာ ဖြစ်ပါသည်။

'မ'သတ်မှတ်ထားသော စည်းကမ်းများအရ ရုံးသွားချိန်တွင် သူ့အိမ် အနီးရှိ မှတ်တိုင်မှာ လာမစောင့်ရ။ ရုံးဆင်းချိန်တွင် ရုံးရှေ့မှတ်တိုင်က မစောင့်ရ။ 'မ'သည် ရုံးသွားရုံးပြန် ကားနှစ်ဆင့်စီးရ၏။ ကားပြောင်းစီးရ သော မှတ်တိုင်မှာသာ စောင့်ခွင့်ရသည်။ ထိုမှတ်တိုင်ကား ဈေးမှတ်တိုင်။ ထို့ကြောင့် ကိုသန်းဝင်းဆိုင်က ခုံတန်းကလေးမှာ ထိုင်၍ 'မ'ကို စောင့်ခဲ့ ရာမှ သူနှင့်ခင်မင်သွားခြင်း ဖြစ်ပါသည်။

'မတွေ့တာတောင် ကြာပါပကောလားကွ'

'အေးဗျာ ကျွန်တော်လဲ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေလို့ ခင်ဗျားဆိုင် ဘက်တောင် မရောက်ဖြစ်ဘူး'

'ခုချိန်ကျမှ လာဖို့လဲ လိုမှမလိုတော့ဘဲကွာ၊ ဟဲ ...ဟဲ'

'မ'သည် ယခုအခါ သူ့ခင်ပွန်းသည်နှင့်အတူ ရုံးသွားရုံးပြန် ပြုလုပ် နေပြီဖြစ်ကြောင်းကို ရည်ရွယ်၍ ပြောခြင်း ဖြစ်သည်။ ပြောပြီးမှ သူ့စကား ကြောင့် ကျွန်တော့်စိတ် ထိခိုက်သွားသလားဟု စိုးရိမ်သွားဟန်တူသည်။ ကျွန်တော့်မျက်နှာ အမူအရာမပြောင်းလဲကြောင်း သိသွားတော့မှ...



'အေးကွာ မင်းတို့အဖြစ်ကလဲ နှစ်နဲ့ချီ တွဲခဲ့ပြီးမှ'

'ပြောမနေပါနဲ့တော့ဗျာ ပြီးခဲ့ပြီပဲ'

'မင်းတို့ပြတ်သွားတာ အင်း အဲဒီတုန်းက ငါ့သားအငယ်ကောင် မွေး ခါဆိုတော့ ခု...တစ်နှစ်နဲ့ ရှစ်လဆိုတော့ နှစ်နှစ်နီးပါးရှိပြီပေါ့ကွ'

'ဟုတ်မှာပေါ့ဗျာ'

'မ'နှင့် ခွဲခွာခဲ့ရစဉ်က ဆိုင်မှာ တစ်နေ့လုံးသွားထိုင်ပြီး လွမ်းလွမ်း ဆွတ်ဆွတ် ရင်ဖွင့်ခဲ့သော ကျွန်တော်သည် ခုအခါ သူ့အကြောင်းကို ပြော နေသော်လည်း မတုန်မလှုပ် နိုင်နေသည်ကို ကိုသန်းဝင်း အံ့သြနေမည် လားမသိ။

'ကဲ...သွားမယ်ကွာ တွေ့ကြသေးတာပေါ့၊ ငါလဲ ဝက်ဆီဖတ်လာ သယ်ရင်းနဲ့ ဒီဘက်ရောက်လာတာ။ ငါနဲ့ ငါ့မိန်းမနဲ့ကတော့ မင်းအ ကြောင်းကို မကြာခဏပြောဖြစ်ကြတာပဲကွ'

ကိုသန်းဝင်းသည် ဒီနေ့အဖို့ ဒုတိယတွေ့သူ ဖြစ်သည်။ ပထမ တွေ့ သူမှာ ခင်မောင်တင်။ ဘတ်စ်ကားပေါ်မှာ တွေ့ခဲ့ခြင်းဖြစ်၏။ ကျွန်တော့် ဘက်မှ ကြည့်၍ပြောလျှင် သူသည် ဇီလိန်ခေါ် လူကြမ်း၏တပည့်ပင်။ 'မ'တို့ရုံးမှ အရာရှိ(ယခု 'မ'၏ခင်ပွန်း)၏ တပည့်ရင်း ဖြစ်သည်။ 'မ'နှင့် ကျွန်တော်တို့အကြားတွင် အကွဲအပြဲဖြစ်အောင် ခလောက်ဆန်ပေးရသူ ပင် ဖြစ်သည်။ သူနှင့်ကျွန်တော်သည် မူလကတည်းက သိကျွမ်းမှုမရှိ ခဲ့သောကြောင့် ဘတ်စ်ကားပေါ်မှာ တွေ့သော်လည်း စကားမပြောဖြစ် ကြ။ သူ့ကို မြင်သောအခါ အော့နှလုံးနာစိတ် ဖြစ်သင့်သော်လည်း အထက်အရာရှိဆီက မျက်နှာကောင်းလိုချင်လို့ လုပ်ရတာဖြစ်မှာပါ လ'ဟု ကျွန်တော် ခွင့်လွှတ်လိုက်သည်။ ကျောက်မြောင်းဈေးမှတ်တိုင် မှာ သူ ဆင်းသွားသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



လမ်းကိုဖြတ်ကူးပြီး ကိုလှဝင်းဆိုင်ထဲသို့ ဝင်သည်။ အစိမ်းကြော် တစ်ခွက် မှာသည်။ ဆိုင်တွင် ရောက်နှင့်ပြီးသူများအတွက် ကြော်ရဦးမည်ဖြစ်၍ ခဏစောင့်ပါဟု ဆိုသည်။ ကျွန်တော်တို့ ရပ်ကွက်မှ ခေါက်ဆွဲကြော်ဆိုင်ကလေးဖြစ်သောကြောင့် ဖိုက တစ်ခုတည်း ရှိသည်။ နာရီဝက်ကျော်ကျော် လောက်စောင့်ရမည်ဟု ခန့်မှန်းလိုက်၏။ အိမ်ကို ခဏပြန်ရင် ကောင်းမလား စဉ်းစားနေဆဲမှာပင် ဆိုင်ရှေ့က ဖြတ်သွားသော ခင်ဦး နှင့် တင်မောင်ဝင်းကို တွေ့လိုက်ရသည်။ တတိယတိုက်ဆိုင်မှုပင် ဖြစ်၏။ ကျွန်တော် လက်ခုပ် လှမ်းတီးသည်။ ဆိုင်ထဲသို့ ဝင်လာကြသည်။ သူတို့က လက်ဖက်ရည်ဆိုင်သွားဖို့ ခေါ်သည်။ အစိမ်းကြော်ကို ပြန်မှ ဝင်ယူမည်ဟု မှာခဲ့ပြီး ထလိုက်သွား၏။

'မင်းတို့နှစ်ယောက်က ဒီဘက်ကို ဘာလာလုပ်တာလဲ'

'ရုပ်ရှင်ကြည့်ပြီး ပြန်လာတာကွ။ မင်းနဲ့မတွေ့တာလဲကြာလို့ မင်းဆီဝင်မယ်ဆိုပြီး ဆယ့်လေးမစီးဘဲ ဆယ့်သုံးစီးလာတာ'

တင်မောင်ဝင်းက ဖြေသည်။ သူက 'မ'နှင့် ဆွေမျိုးနီးစပ်တော်သည်။ သူကတစ်ဆင့် ကျွန်တော်နှင့်မတို့ သိကျွမ်းခဲ့ကြခြင်း ဖြစ်ပြီး သူ၏ကြားဝင်ဆောင်ရွက်မှုကြောင့်ပင် 'မ'နှင့် ကျွန်တော် ချစ်ခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော်တို့၏ အကွဲအပြဲတွင် သူက ကျွန်တော့်ဘက်မှ ရပ်တည်ခဲ့သူပင်။

'ကျူးကျော်လက်ဖက်ရည်ဆိုင်'မှာ ထိုင်သည်။ ထိုဆိုင်မှာ မူရင်းနာမည် ရှိကောင်းရှိမည်။ သို့ရာတွင် ကျွန်တော်တို့ မသိတော့။ ဆိုင်ရှေ့တည့်တည့်တွင် ကျူးကျော်ရပ်ကွက် (၁၆) ဆိုသော ဆိုင်းဘုတ်ရှိသည်။ ခပ်ဝေးဝေးက ကြည့်လျှင် ဆိုင်နာမည် ဆိုင်းဘုတ်ထူထားသည်နှင့် အလားတူ၏။ ထို့ကြောင့် ကျွန်တော်တို့က ကျူးကျော်လက်ဖက်ရည်ဆိုင်ဟု ခေါ်လိုက်ကြခြင်း ဖြစ်သည်။

'မင်းက ငါတို့ဘက်တောင် မလာဘူး'

'လာဖို့မှ မလိုတော့ဘဲကွ ဟဲဟဲ'



ကိုသန်းဝင်းပြောသွားသော စကားအတိုင်း ကျွန်တော် ပြန်ဖြေလိုက်သည်။ တင်မောင်ဝင်းက ကျွန်တော့်မျက်နှာကို အကဲခတ်ကြည့်လိုက်ပြီးမှ 'ဘာလဲ မင်းက ငါတို့ရပ်ကွက်ကို စိတ်နာသွားပြီလား'ဟု ရယ်ရင်းပြောသည်။ ခင်ဦးသည် ပြုံးလိုက်ပြီး ကျွန်တော့်ဆီက ဆေးပေါ့လိပ်တစ်လိပ်ကို ဆွဲယူသည်။

'မင်းအလုပ်အကိုင်ရော အဆင်ပြေတယ် မဟုတ်လား'

'အင်း...မဆိုးပါဘူးကွာ၊ မိဘဆီက လက်ဖြန့်တောင်းစရာ မလိုတော့တာလောက်ပါပဲ'

'အိမ်ခန်းသန့်သန့်ကလေးတစ်ခု ငှားဖို့လောက်အထိတော့ ဝင်ငွေမကောင်းသေးဘူးပေါ့လေ'

သူ့အမေးကို ကျွန်တော် ပြန်မဖြေဘဲ ပြုံးရုံသာပြုံးပြလိုက်၏။ သူက 'မင်းရဲ့ မ၊ ပြောနေကျစကားပဲလေ' ဆက်ပြောပြန်သည်။ ခင်ဦးက 'ကြောင်တာပါ'ဟု ပြောပြီး လှောင်ပြုံးပြုံးသည်။

'မင်းကလဲ အဲဒါပဲပြောနေတာပဲ၊ စကားကို ကောင်းကောင်း မပြောရဘူး'

ကျွန်တော်၏ ဟန့်တားမှုကြောင့် စကားလမ်းကြောင်းကို ပြောင်းကြပြန်သည်။ ကျွန်တော့်အလုပ်ဖြစ်သော စာပေရေးရာကိစ္စများအကြောင်း၊ တင်မောင်ဝင်း၏ အလုပ်ဖြစ်သော တေးသံသွင်းအကြောင်း၊ ခင်ဦး၏အလုပ်ဖြစ်သော ဆယ်တန်းစာမေးပွဲအကြောင်း၊ သို့ရာတွင် ကြာကြာ မပြောဖြစ်။

'ဟိုအကြောင်း'သို့ တစ်ပတ် ပြန်လည်သွားကြသည်။

'တလောကတောင် ဟိုအိမ်ကို ငါ ရောက်သေးတယ်'

'ဘယ်အိမ်လဲကွ'

'မင်းရဲ့မ, အိမ်ကိုပေါ့'

သူသည် 'မင်းရဲ့မ'ဆိုသော စကားကိုပြောနေသော်လည်း ခပ်ငေါ့ငေါ့ လေသံမျိုးဖြစ်သည်။ သူ့အမျိုးဖြစ်သော 'မ'အတွက် ကျွန်တော့်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



အားနာနေသောကြောင့် ဖြစ်ဟန်တူသည်။ 'မ'ကို အပြစ်တင်သော စကားများကို အရင်ကလည်း သူ ပြောခဲ့ဖူးသည်။

'အဲဒါ ငါလဲ သူတို့အိမ် သိပ်မသွားပါဘူး၊ သူ့ယောက်ျားကြီးကို မကြည်လို့၊ အဲဒီတုန်းကတော့ ဦးလေးက ခေါ်လို့ သွားတာ'

ဦးလေးဆိုသည်မှာ 'မ'၏အဖေ ဖြစ်သည်။ တင်မောင်ဝင်းသည် စကားကို ဆက်ပြန်သည်။

'မင်းရဲ့ 'မ'က ငါ့ကို မေးသေးတယ်၊ အိမ်ကို မလာတာကြာပြီနော် တဲ့၊ ငါကလဲ မမြင်ချင်တဲ့ မျက်နှာတွေ တွေ့နေရမှာစိုးလို့ လို့ ပြန်ပြောလိုက်တယ်'

'မင်းကလဲကွာ...အဲဒါတွေ သွားမပြောပါနဲ့'

'မဆိုင်ပါဘူးကွာ။ ငါတော့ သူ့ကိုတွေ့တိုင်း ရိတာပဲ၊ မင်းသာ အမြဲတမ်း အေးစက်စက် လုပ်နေတာ၊ သူကတော့ မင်းကို အပြတ်တွယ်လိုက်တာလေ။ အဲဒီတုန်းက မင်းစားပွဲကို လက်သီးနဲ့ထိုးတာ မှတ်မိသေးလား'

'ဟုတ်တယ်... ဟုတ်တယ်၊ ကျွန်တော် ပြောတုန်းကသာ အပြတ်လုပ်လိုက်ရင် ပြဿနာက ရှင်းနေပြီ'

ခင်ဦးက ဝင်ပြောသောကြောင့် စားပွဲကို လက်ချောင်းကလေးများဖြင့် စန္ဒရားတီးသလို ခေါက်နေရာမှ သူ့ကို ကျွန်တော် ကြည့်လိုက်သည်။ ခင်ဦးသည် ဂျစ်ကန်ကန်အကောင်။ မဟုတ်တာ မမှန်တာကို ဘယ်တော့မှ မလုပ်။ သူ့ကို လာကျော်လျှင်လည်း ဆတ်ဆတ်ထိမခံ။ ထူးခြားသည်မှာ သူ ခင်မင်လေးစားသူများအပေါ် တစ်ယောက်ယောက်က မဟုတ်မဟုတ်လုပ်လျှင် သူက ကိုယ်စားဝင်၍ ချဲတတ်ခြင်း ဖြစ်သည်။ ကျွန်တော့်ကို အလွန်ခင်မင်လေးစားသည်။ ကျွန်တော်နှင့်မတို့ ပြဿနာတွေရှိပြီး ခင်ကင်းကင်းဖြစ်နေသောအချိန်၊ ဟိုလူက အခွင့်သာမိုက်ဝင်ကပ်နေသောအချိန်။ 'မ'ကို ရုံးကအပြန် အိမ်လိုက်ပို့တာတွေ ဘာတွေ လုပ်နေသောအချိန်။ ရုံးသွားရုံးပြန် ခင်ဦးတို့အိမ်ရှေ့က ဖြတ်သွားရသည်။ ခင်ဦးသည် ဟိုလူ'မ'တို့အိမ်ကအပြန် ရိုက်ပါမည်တကဲကဲ လုပ်နေသည်ကို



ကျွန်တော်က တားထားရသည်။ ခုထိ သူ အခဲမကျေ ဖြစ်နေပုံရသည်။

'အဲဒီတုန်းက အစ်ကိုသာ ပတ်စ်ပေးလိုက်ရင် ဒီငနဲကြီးနောက်ကို လာရဲအောင် နှိပ်ပစ်လိုက်မလို့ဗျ။ ခုထိကြည့်လို့ မရသေးဘူး၊ ဟိုတစ်နေ့ကတောင် သူတို့အိမ်က ခွေးကြီး ကျွန်တော်တို့အိမ်ရှေ့လာလို့ ခဲနဲ့ ထောက်ထုလိုက်သေးတယ်'

ခင်ဦး၏စကားကို သဘောကျသဖြင့် ကျွန်တော် ရယ်လိုက်သည်။

'ပြီးခဲ့တဲ့ကိစ္စတွေ ပြီးပါစေတော့ကွာ။ သူတို့ဟာသူတို့နေပါစေ၊ သွားနှောင့်ယှက်ကြပါနဲ့'

'မင်းက ခွင့်လွှတ်နိုင်တယ်ပေါ့'

တင်မောင်ဝင်းက မေးသည်။ ကျွန်တော်က ဖြေသည်။

'ခွင့်လွှတ်တယ်ရယ် ဘာရယ် မဟုတ်ပါဘူးကွာ၊ သူလဲ သူ့အိမ်ထောင်နဲ့သူ နေသားကျနေလောက်ရောပေါ့၊ ငါလဲ ငါ့လမ်း ငါသွားနေပြီပဲ။ အကောင်းဆုံး ဥပေက္ခာပြုထားလိုက်ဖို့ပဲ၊ အရင်တုန်းက ကိစ္စတွေ အားလုံး မေ့ထားလိုက်ပြီကွာ'

◆ ◆ ◆

သူတို့နှင့် လမ်းခွဲခဲ့ပြီးနောက် အစိမ်းကြော်ထုပ်ကို ဝင်ယူပြီး အိမ်ဘက်သို့ လျှောက်လာခဲ့သည်။ ထိုအချိန်မှာပင် နောက်ထပ်တစ်ယောက်နှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ရပြန်သည်။ ဘယ်လောက် ထူးဆန်းသနည်း။ 'မ'၏ အစ်မဝမ်းကွဲတစ်ယောက်ပင် ဖြစ်သည်။ အစ်မကြီးသည် ကျွန်တော့်ကို မြင်မြင်ချင်း ဝမ်းသာအားရ နှုတ်ဆက်ရှာသည်။

'ဟယ်...ဖိုးလူအေး'

'အစ်မကြီး နေကောင်းတယ်နော်'

'အေး ကောင်းပါတယ်ကွယ်၊ မတွေ့တာလဲ ကြာလှပေါ့'ဆိုပြီး စကားသုံးလေးခွန်းပြောဖြစ်သေးသည်။ ပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့...ဒါနဲ့ နင်က စာရေးဆရာဖြစ်နေပြီဆို'

'ဟုတ်ကဲ့၊ ဒါပေမယ့် ဖြစ်ဖြစ်မြောက်မြောက် မဟုတ်သေးပါဘူး အစ်မကြီးရာ'

'ဟယ်...ဒီလိုလဲ ဘယ်ဟုတ်မလဲ၊ စာရေးတယ်ဆိုတာ လွယ်တာ မှတ်လို့၊ ငါတို့များ ခုချိန် စာစီစာကုံးတစ်ပုဒ် ရေးခိုင်းရင်တောင် တစ်မျက်နှာပြည့်အောင် မနည်းရေးရမှာ'

'မ'သည် စာရေးခြင်းတစ်ခုတည်းနှင့် လူ့ဘဝဖူလုံသည်ဟု ယူဆသူ မဟုတ်ချေ။ တခြားအလုပ်တစ်ခုခု (အထူးသဖြင့် အစိုးရအလုပ်) လုပ်ရင်း ဝါသနာအလျောက်သာ စာရေးသင့်သည်ဟု ဆိုခဲ့သူဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်တော်တို့နှစ်ယောက် အခြေအတင်ဖြစ်ခဲ့ကြသေးသည်။ ခု 'မ'၏အစ်မက စာရေးဆရာတစ်ယောက်အပေါ် အထင်တကြီး ရှိနေပြန်သည်။

'သွားဦးမယ် အစ်မကြီးရယ်၊ ထမင်းဆာလှပြီ'

အစ်မကြီးသည် 'အေးအေး...ငါ့မောင်လဲ ပိန်လိုက်တာကွယ်'ဟု စိတ်မကောင်းသံဖြင့် ပြောပြီး သနားသဖြင့် ကြည့်သွားသေး၏။

◆ ◆ ◆

အိမ်ရောက်ရောက်ချင်း သတိရသည်မှာ ထမင်းစားဖို့ ဖြစ်သည်။ ဆာလှပြီ။ ထမင်းစား ခဏနားပြီးမှ ရေချိုးရသည်။ ရေးလက်စဝတ္ထုတိုကလေးကို ဆက်ရေးမည်ဟု စားပွဲတွင်ထိုင်ပြီးမှ စာအုပ်တစ်အုပ်ရှာဖို့ သတိရသည်။ ဆရာမောင်ထင်၏ 'မြို့အုပ်ပုံပြင်စာအုပ်'။ စာအုပ်တွေထည့်ထားသော ဗီရိုကြီးကို ဖွင့်၍ ရှာယူသည်။ ထိုစာအုပ်ထဲမှာ 'လပ်'ဆိုသော ဝတ္ထုတိုကို ပြန်ဖတ်လိုသောကြောင့် ဖြစ်သည်။ မာတိကာတွင် ရှာပြီး ထိုဝတ္ထုရှိသည့် စာမျက်နှာကို လှန်ကြည့်လိုက်သည်တွင်...



အထူးဆန်းဆုံးနှင့် နောက်ဆုံးတိုက်ဆိုင်မှုဖြစ်သော စာကလေးတစ်စောင်ကို ဘွားခနဲ တွေ့လိုက်ရလေသည်။ စာကို ဖွင့်၍ ကြည့်လိုက်သည်။ 'မ'ထံမှ နောက်ဆုံးပေးပို့လိုက်သောစာ၊ ဖြတ်စာ။ ဟိုတစ်ချိန်က အိပ်ရာခေါင်းရင်းရှိ ဗျာအောက်တွင် အမြဲထား၍ မကြာခဏထုတ်ဖတ်ခဲ့သော၊ ဖတ်မိတိုင်းလည်း တနင့်နင့် ခံစားရသောစာ။ ဘယ်အချိန်က ဘယ်လို ဒီစာအုပ်ကြားထဲ ရောက်နေမှန်းမသိတော့။

'မောင်နဲ့မနဲ့ဟာ ဘယ်တော့မှ စိတ်သဘောထားချင်း တိုက်ဆိုင်တယ်လို့ မရှိခဲ့ဘူး၊ မောင်နဲ့ ချစ်ခဲ့ရတဲ့ အချိန်တွေမှာ မကြာခဏ စိတ်ဆင်းရဲခဲ့ရတယ်။ ဟိုကိစ္စတုန်းကလဲ မောင့်ဘက်က လုံးဝ အလျော့မပေးခဲ့ဘူး။ အဲဒီကတည်းက မောင်နဲ့ လမ်းခွဲဖို့ စဉ်းစားခဲ့တယ်၊ အကြောင်းကြောင်းတွေကို ထောက်ထားနေရလို့သာ ခုထိ...'

သူနှင့်ကျွန်တော် လမ်းခွဲခဲ့ကြခြင်း၏ အကြောင်းရင်းမှာ သူ့စာထဲတွင်ပါသော 'ဟိုကိစ္စ'ကြောင့်ပင် ဖြစ်လိမ့်မည်။ သို့ရာတွင် ခုအခါ သူ့စာထဲက 'ဟိုကိစ္စ'ဆိုသည်မှာ ဘာကိုဆိုလိုမှန်း သေသေချာချာ သတိရတော့ချေ။ စာရေးဆရာ လုပ်သင့်မလုပ်သင့်ဆိုသော ကိစ္စ ဖြစ်ကောင်းဖြစ်မည်။ တခြားတစ်ခုခုလည်း ဖြစ်ချင်ဖြစ်မည်။ တိတိကျကျ မမှတ်မိတော့။ စိတ်မရှည်နိုင်သောကြောင့် ...

'ဟာ...အဲဒါပဲ ဖြစ်မှာပါ'ဟု ဆုံးဖြတ်လိုက်သည်။

ကျွန်တော်နှင့် 'မ'တို့သည် ချစ်ခဲ့ကြ၏။ ထို့နောက် ကွဲကွာခဲ့ကြ၏။ သူ့ဘဝထဲတွင် ကျွန်တော် မရှိတော့သလို၊ ကျွန်တော့်ဘဝထဲ၌လည်း သူမရှိတော့။ သို့ရာတွင် ထိုစဉ်က အဆက်အဆံပြုခဲ့သော အသိုင်းအဝိုင်းထဲ၌ ကျွန်တော်တို့နှစ်ယောက်သည် ရှိနေဆဲပင်။

ကိုသန်းဝင်းတို့လင်မယားသည် စကားစပ်မိတိုင်း ကျွန်တော်တို့နှစ်ယောက်အကြောင်းကို စုတ်တသပ်သပ်ပြောစမှတ် ပြုနေလေ့ရှိသည်ဟု ထင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ တင်မောင်ဝင်းသည် ‘မ’ ကို တွေ့တိုင်း အထေ့အငေါ့ စကားများကို ပြောနေတုန်းပင် ဖြစ်သည်။ ခင်ဦးသည်လည်း သူတို့နှစ်ယောက်ကို မြင်တိုင်း အံတကြိတ်ကြိတ်၊ တက်တခေါက်ခေါက် ဖြစ်နေတုန်း။ ကျွန်တော်သည်...

နက်ဖြန်ဆောင်ရွက်ရမည့်အလုပ် အစီအစဉ်များကို စာရွက်ပေါ် တွင် ချရေးလိုက်၏။

ဖေဖေခိုင်းထားသော ကိစ္စ၊ ရှမဝသွားရန်။

စစ်ပြန်မဂ္ဂဇင်း စာမူပို့ရန်။

စာပေစိစစ်ရေးသွားရန်။

မဦးအတွက် မျက်နှာခုံးမွှေးဆွဲ ခဲတံဝယ်ရန်။

(ရှမဝ၊ ၁၉၈၇၊ ဖေဖော်ဝါရီ)




www.burmeseclassic.com

www.burmeseclassic.com

## အချစ်ဟု အဓိပ္ပာယ်သက်ရောက်ခြင်း မရှိစေရ

( ၁ )

သူနှင့် ကျွန်တော်သည် အကြီးအကျယ် စကားများခဲ့ကြသည်။ ထုံးစံအတိုင်းပင် ကျွန်တော်သည် စကားကို ဖြည်းဖြည်းမှန်မှန် ပြောသည်။ အမူအရာသည်လည်း အေးစက်စက်ရှိသည်။ သူကမူ စကားကို အော်ကြီးဟစ်ကျယ်ပြောသည်။ စားပွဲကို လက်သီးဖြင့် ထု၍ထု၍ ပြောသည်။ ကျွန်တော့်စကားလုံးတစ်လုံးသည် သူ့ကို အထိနိုက်ဆုံးဖြစ်ပြီး၊ သူ့ဒေါသကို အစွန်းရောက်သွားစေသည်။ ကျွန်တော့်ကိုစိုက်ကြည့်လိုက်တော့ သူ့ဒေါသမျက်လုံးများသည် စတော်ဘယ်ရီသီးကဲ့သို့ ရဲရဲနီနေ၏။ ကျွန်တော့်အင်္ကျီရင်ဘတ်စကို ဆုပ်ကိုင်ဆွဲပြီး လက်သီးဖြင့် ရွယ်သည်။ ကျွန်တော်၏ တည်ငြိမ်ဆဲဖြစ်သော ဟန်ပန်ကြောင့် ထင်သည်။ သူ ကျွန်တော့်ကို မထိုးဖြစ်တော့။ အင်္ကျီစကိုလွှတ်လိုက်ပြီး တောက်တစ်ချက် ခေါက်သည်။ ချာခနဲ လှည့်ထွက်သွား၏။ ထိုအခါမှစ၍ သူ့ကို နောက်ထပ် မတွေ့ရတော့။ ကျွန်တော် သူ့ကို အနာကျင်ဆုံးဖြစ်အောင် ပြောခဲ့သည်မှာ 'မင်းကြောက်လို့ပဲ မျိုးဇော်' ဟူသော စကားဖြစ်လေသည်။



( ၂ )

သူသည် ခရစ်ယာန်သာသနာပြုကျောင်းတစ်ကျောင်းမှ ကျွန်တော်တို့ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းလာခြင်းဖြစ်သည်။ ကျွန်တော်တို့ကျောင်းသို့ သူရောက်လာသောအခါ ကျောင်းသားသစ်တို့ထုံးစံအတိုင်း ယောင်လည်လည်ဖြစ်နေသော သူ့ကို ကျွန်တော်က အကူအညီပေးခဲ့သည်။ ထိုအခါမှစ၍ မျိုးဇော်နှင့် ကျွန်တော်သည် သူငယ်ချင်းဖြစ်သွားခဲ့သည်။

ကျွန်တော်က ဆယ်တန်းကို တစ်နှစ်တည်းနှင့် အောင်ပြီး တက္ကသိုလ်ရောက်သွားသည်။ သူကမူ သုံးလေးနှစ်ဆက်ကျသဖြင့် မဖြေတော့ဘဲ သူ့မိဘလက်ငုတ်ဖြစ်သော စီးပွားရေးလုပ်ငန်းကို ဆက်လုပ်သည်။ သူ့မိဘလုပ်ငန်းမှာ ရိုးရိုးကုန်စုံဆိုင်မျှသာ ဖြစ်သည်။ သူ့လက်ထက်တွင် တောင်ဥက္ကလာ၊ ဆယ်ရပ်ကွက်ဈေး၊ စိန့်ဂျွန်းဈေး၊ လဟာပြင်ဈေး၊ ဗိုလ်ချုပ်ဈေး၊ မြေနီကုန်းဈေးတို့သာမက မုတ္တမ၊ မော်လမြိုင်အထိ လုပ်ငန်းကို ဖြန့်ကြက်ပစ်လိုက်သည်။

ကျွန်တော် ဘွဲ့ရပြီး စာရေးဆရာပေါက်စ ဖြစ်လာသောအချိန်တွင် သူသည် စီးပွားရေးသမားပေါက်စကလေး ဖြစ်နေလေပြီ။ သူ့ကို စီးပွားရေးသမား 'ပေါက်စ' ဟု ပြောရခြင်းမှာ သူသည် ငွေရင်းလေးငါးသောင်းလောက်သာကိုင်၍ အလုပ်လုပ်နိုင်သောကြောင့် ဖြစ်သည်။

မျိုးဇော်နှင့် ကျွန်တော်သည် သူငယ်ချင်းဆိုသော်လည်း အသွင်ချင်းသိပ်တူကြသည်မဟုတ်ချေ။ ကျွန်တော်က အေးအေးဆေးဆေးသမား။ စကားနည်းသည်။ သူ့စကားအရဆိုလျှင် ကျွန်တော်သည် သိပ်စဉ်းစားလွန်းသည်။ ထက်ထက်မြက်မြက်မရှိ။ ဆယ်တန်းစာမေးပွဲကို တစ်နှစ်တည်းနှင့် အောင်ခဲ့သည်ကိုပင် တစ်ခါတစ်ရံ သူက လှောင်ချင်သည်။

မျိုးဇော်ကတော့ လူသွက်တစ်ယောက်။ သူနှင့်ပတ်သက်၍ ကျွန်တော်မကြိုက်သော အချက်များမှ စကားများလွန်းခြင်း၊ သူ့ကိုယ်သူ

www.burmeseclassic.com

www.burmeseclassic.com



လူအများနှင့် ဝင်ဆံ့အောင်ဆိုပြီး သိသိ မသိသိ ဝင်ရောတတ်ခြင်း၊ ဆုံးဖြတ်လွယ်ခြင်းတို့ ဖြစ်သည်။ အဆိုးဆုံးကား သူ့ကိုယ်သူ အထင်ကြီးတတ်ခြင်း ဖြစ်သည်။ သူ လုပ်သော အလုပ်တစ်ခုသည် အမြဲမှန်သည်ဟု ထင်တတ်သည်။ အဝေဖန်မခံ။ သူက စကားတတ်သောကြောင့် ဆင်ခြေပေးတတ်သည်။ သူ့ဆင်ခြေများသည် အမှန်စင်စစ် အခြေအမြစ်ရှိလှသည်တော့မဟုတ်။ သူ့ကို စကားဖြင့်နိုင်အောင် ပြောနိုင်ဖို့ခဲယဉ်းသည်။ သူ ပြောသောစကားများသည် မခိုင်လုံကြောင်း သိသော်လည်း လက်ငင်းအခြေအနေတွင် ငြင်းဆိုဖို့ မလွယ်အောင် သူလှည့်ပတ်ပြောတတ်သည်။

မည်သို့ပင်ဖြစ်စေ မျိုးဇော်နှင့် ကျွန်တော်သည် သူငယ်ချင်းသာဖြစ်၍ ဆက်လက်လို့ ပေါင်းသင်းမြဲ။ ပြီးတော့ သူ့မှာ ကောင်းသောအချက်တွေလည်း ရှိနေသေးသည်။ သူတစ်ပါးကို အကူအညီပေးတတ်ခြင်း၊ တစ်ကိုယ်ကောင်းမဆန်တတ်ခြင်းတို့ ဖြစ်သည်။ အထူးသဖြင့် ကျွန်တော့်အပေါ် သူတော်တော် ခင်မင်ရှာသည်။

( ၃ )

ကျွန်တော် တက္ကသိုလ်ရောက်ခါစတွင်လည်း သူနှင့် မကြာခဏတွေ့ဖြစ်သေးသည်။ ညနေတိုင်းကျပြီဆိုလျှင် ရွှေစပါးနံ့လက်ဖက်ရည်ဆိုင်မှာဖြစ်စေ၊ ရောဝတီရုပ်ရှင်ရုံရှေ့က မန်ကျည်းဖျော်ရည်ဆိုင်မှာဖြစ်စေ ထိုင်ကြသည်။ ကျွန်တော်က ကျောင်းကအကြောင်း။ သူက သူ့အလုပ်အကြောင်း၊ တစ်ခါတစ်ရံ တခြားအကြောင်းတွေ ပြောကြသည်။ ညကိုးနာရီလောက်တွင် လူခွဲသည်။

ထိုအချိန်ထိ ကျွန်တော်တို့နှစ်ယောက်စလုံးမှာ ရည်းစားတွေဘာတွေ မရှိကြသေး။ မျိုးဇော်၏ ထူးခြားချက်တစ်ခုမှာ မိန်းကလေးများအပေါ် စိတ်ဝင်စားမှုနည်းပါးခြင်းပင် ဖြစ်သည်။ လူအများနှင့် အရောတဝင်နေတတ်သော်လည်း မိန်းကလေးများနှင့်ပတ်သက်၍မူ သာမန်



ထက် မပိုခဲ့။ သူ့နှလုံးသားထဲတွင် အချစ်ဆိုသောအရာ မရှိသေးချေ။ ရှိကော ရှိပါရဲ့လားဟု ကျွန်တော် သံသယဖြစ်ခဲ့ဖူးသည်။ မျိုးဇော်ကတော့ ဝါသနာအတိုင်း ခပ်ကြွားကြွားပြန်ပြောခဲ့လေ၏။

'ငါ့ဆီမှာ အချစ်စိတ်ရှိလား၊ မရှိဘူးလားဆိုတာ မင်းကို ပြောပြလို့ မင်း နားလည်မှာ မဟုတ်ပါဘူး။ လောလောဆယ်မှာတော့ အချစ်စိတ်မရှိအောင် ငါလုပ်ထားတယ်။ ဝင်မလာအောင် တားထားတယ်ဆိုပါတော့ကွာ'

အချစ်စိတ်ဆိုသည်မှာ အကန့်အသတ်နှင့် ထားလို့ရသည်။ လိုချင်တဲ့အချိန်ကျမှ ခေါ်ယူလို့ရသည်ဟု သူ ယူဆဟန်တူသည်။

သူ့အကြောင်းကို ပြောသောအခါ အနှိုင်းယှဉ်ခံဖြစ်သော ကျွန်တော့်အကြောင်းကိုလည်း တစ်စွန်းတစ်စတော့ ပြောပြရပေလိမ့်မည်။ ထိုအချိန်၌ ကျွန်တော်သည် 'မလေးမေ'ကို စိတ်ပါဝင်စားနေပါပြီ။ သူသည် ကျွန်တော်တို့တက္ကသိုလ်က ကျောင်းသူတစ်ယောက်ပင် ဖြစ်ပါသည်။ နှစ်ချင်းတူသော်လည်း အဓိကဘာသာရပ်ချင်း မတူပါ။ သူ့ကို စိတ်ဝင်စားနေကြောင်း လေးမေကလည်း သိနေပြီ ထင်သည်။ ဖွင့်တော့ မပြောရသေးပါ။ မျိုးဇော်ကတော့ ကျွန်တော့်ကို ကြောင်သည်ဟု ပြောလေသည်။

ကျွန်တော်က တက္ကသိုလ်တွင် အတန်းကြီးလာသည်နှင့်အမျှ မျိုးဇော်က စီးပွားရေးနယ်ပယ်တွင် ဝင်ဆံ့လာသည်နှင့် တစ်ယောက်နှင့်တစ်ယောက်တွေ့ကြသော ရက်တွေခြားလာသည်။ အချိန်အားရလျှင်တော့ အရင်လိုပင် **လက်ဖက်ရည်**ဆိုင်၊ အအေးဆိုင် ထိုင်တတ်ကြမြဲ။

ကျောင်းမှာ နောက်ဆုံးနှစ် အစပိုင်းရောက်သောအခါ လေးမေကို ကျွန်တော် ဖွင့်ပြောဖြစ်သည်။ နှစ်လယ်လောက်တွင် လေးမေထံမှ အဖြေရခဲ့သည်။ မျိုးဇော်ကမူ အချစ်နှင့် ပတ်သက်၍ လှုပ်ရှားမှု မရှိသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



## ( ၄ )

ထို့နောက်ပိုင်းတွင် သူနှင့်ကျွန်တော် ပို၍ အဆက်ပြတ်နေခဲ့သည်။ ကျောင်းက ကဗျာစာပေ အသိုင်းအဝိုင်းတွင် ကျွန်တော် ကျင်လည်နေသည်။ ပြီးတော့ လေးမေနှင့် တွဲတွဲသွားသွားနေခဲ့သော အချိန်များသည်လည်း မျိုးဇော်နှင့် ကင်းကွာနေရသော အကြောင်းရင်းတစ်ခုဖြစ်သည်။

ကျွန်တော် ဘွဲ့ရပြီးနောက် မျိုးဇော်က သူနှင့်အတူတူ အလုပ်လုပ်ဖို့ ပြောသေးသည်။ အစစအရာရာ သူကူညီမည်ဟု ဆိုသည်။ သူ့စေတနာကို ကျွန်တော် နားလည်၏။ သို့ရာတွင် အရောင်းအဝယ်လုပ်ငန်းကို စိတ်မဝင်စားသောကြောင့် တစ်ကြောင်း၊ စာပေနယ်သို့ ခြေတစ်လှမ်း ဝင်ပြီးပြီ ဖြစ်သောကြောင့်တစ်ကြောင်း ငြင်းလိုက်သည်။ သူ့ကိုမူ 'ငါက သိပ်အားနာတတ်တာကွ၊ မင်းသိတဲ့အတိုင်းပဲ၊ နှုတ်စလျှာစလဲ မရှိဘူး မဟုတ်လား၊ မင်းတို့အလုပ်နဲ့ မဖြစ်ပါဘူးကွာ' ဟု ပြောခဲ့ရ၏။ သူနှင့်ကျွန်တော်သည် သိပ်မတွေ့ဖြစ်ကြသော်လည်း တစ်ခါတစ်ရံဆုံမိလျှင် အရင်ကလိုပင် တရင်းတနှီး ရှိနေမြဲပင် ဖြစ်ပါသည်။

တစ်နေ့သောအခါတွင် မျိုးဇော်နှင့်ပတ်သက်သော ထူးထူးခြားခြား အကြောင်းတစ်ခုကို ကြားလိုက်ရသည်။ လေးမေက ပြန်ပြောပြခြင်းဖြစ်သည်။ မျိုးဇော်နှင့် အမျိုးသမီးတစ်ယောက်ကို ဘားလမ်းက ကိုတင်အုန်း အအေးဆိုင်ထဲ ဝင်သွားတာ တွေ့လိုက်သည်တဲ့။ ကျွန်တော် အံ့ဩသွားရသည်။ မျိုးဇော်သည် အသိအကျွမ်းများသူဖြစ်သော်လည်း မိန်းကလေးတွေနှင့် နှစ်ယောက်တည်းတွဲ၍ ဘယ်တော့မှ မသွားတတ်။ တစ်ခုခု ထူးခြားနေပြီဟု ကျွန်တော်သိလိုက်၏။

မျိုးဇော်နှင့်တွေ့၍ မေးမြန်းကြည့်သောအခါ သူက ငြင်းသည်။ လူမှားတာ ဖြစ်ပါလိမ့်မည်ဟု ရယ်ရယ်မောမော ပြောဆိုသွား၏။ လေးမေကို သေသေချာချာ ပြန်မေးကြည့်သည်။ သူသေသေချာချာ မြင်တာပါဟု အခိုင်အမာ ဆိုသည်။ မျိုးဇော်သည် ကျွန်တော့်ကို အဘယ့်ကြောင့် လိမ်ညာခဲ့ရသနည်းဟု စဉ်းစားလို့မရဘဲ ရှိနေသည်။



ထို့နောက် ရက်သတ္တ နှစ်ပတ် သုံးပတ်လောက်အကြာတွင် ကျွန်တော်ကိုယ်တိုင်ပင် တွေ့ခဲ့ရလေတော့သည်။ တွေ့တာမှ ပက်ပင်းကြီး၊ ပြီးတော့ ဘယ်လိုမှ လှည့်ပတ်ပြောဆို ငြင်းဆန်လို့ မဖြစ်နိုင်သော အခြေအနေ။

ထုတ်ဝေသူတစ်ယောက်က ကျွန်တော်နှင့် စာအုပ်ကိစ္စ ပြောချင်သည်ဆိုပြီး ကုက္ကိုင်းလမ်းဆုံက တရုတ်ဘုံကျောင်းစားသောက်ဆိုင်သို့ ခေါ်သွားသည်။ ထိုနေရာမှာ သူတို့ကို တွေ့ရခြင်းဖြစ်သည်။ မျက်နှာချင်းဆိုင်တိုးနေသဖြင့် မလွှဲသာဘဲ မိတ်ဆက်ပေးလိုက်ရဟန် ရှိသော်လည်း မျိုးဇော် မျက်နှာပျက်၍ မနေ။

'ဒါ ... မနှင်းဆီတဲ့...'

အသက်သုံးဆယ်လောက် ရှိမည်။ မျိုးဇော်ထက် သုံးလေးနှစ်လောက် ကြီးပုံရလေသည်။ အလုံးအရပ်ကောင်းသည်။ ရုပ်ရည်ကတော့ အသင့်အတင့်သာ ရှိသည်။ ဟန်ပန်အမူအရာက ဆွဲဆောင်မှုရှိသည်။ အထူးခြားဆုံးက အသံ။ ဆွဲငင်အား အလွန်ကောင်းသောအသံမျိုး။ ပြီးတော့ မျက်လုံး။ ထွက်ခွာခါနီးတွင် ကျွန်တော့်ကိုတစ်ချက် စူးခနဲ ကြည့်သွားပုံမှာ တစ်မျိုးကြီး။ ထိုအကြည့်ကို ကျွန်တော် သိပ်သဘောမကျ။ ဘာကြောင့်လဲတော့ ကျွန်တော်လည်း သေသေချာချာ မသိချေ။

## ( ၅ )

'မင်း ငါ့ကို ဘာဖြစ်လို့ လျှို့ထားရတာလဲ မျိုးဇော်...'

'မလျှို့ပါဘူးကွ၊ ငါ မင်းနဲ့ အေးအေးဆေးဆေး မတွေ့ရသေးလို့ မပြောဖြစ်တာပါ'

သူ့မျက်နှာသည် တစ်ခုခု ထူးခြားနေသည်ဟု ကျွန်တော်ထင်သည်။ သူသည် ကျွန်တော့်ဘက်သို့ ထိုင်ခုံကို နည်းနည်းရွှေ၍ ပြုံးသည်။ လေသံကို ပို၍ တိုးလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ငါ့အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်အနေနဲ့ တိုင်ပင်စရာရှိတယ်ကွာ'

သူ့ပါးစပ်မှ အရက်နံ့ နည်းနည်းရသည်။

◆ ◆ ◆

မျိုးဇော်နှင့် မနှင်းဆီတို့သည် စိန်ပွန်းဈေးမှာ တွေ့ကြသည်။ မနှင်းဆီသည် ယိုးဒယားသကြားလုံး၊ အချိုမှုန့်၊ ဘီစကွတ်၊ ဆပ်ပြာ၊ ကော်ဖီမှုန့်စသည်တို့ ကိုင်သည်။ လက်လီမဟုတ်။ ဈေးအတွင်းရှိ ဆိုင်ငယ်ကလေးများနှင့် မြို့ထဲကိုပါ တစ်ဆင့်ဖြန့်သော လက်ကားဆိုင်၊ မျိုးဇော်နှင့် မနှင်းဆီတို့ ပစ္စည်းအပေးအယူရှိသည်။ ငွေအပေးအယူရှိသည်။ လုပ်ငန်းချင်းဆက်သွယ်နေသောကြောင့် ရင်းနှီးကျွမ်းဝင်မိကြသည်။

မနှင်းဆီက မျိုးဇော်ကို အရေးပေးသည်။ သူ့ဟန်အမူအရာတို့သည်လည်းကောင်း၊ သူ့ရယ်သံ လွင်လွင်သည် လည်းကောင်း၊ မျိုးဇော်အဖို့ စိတ်ဝင်စားစရာ ဖြစ်လာသည်။ ဤသို့ဖြင့် အလွန်ရှင်းလင်းသော ဇာတ်ရှုပ်တစ်ခု ဖြစ်လာလေ၏။

တစ်နေ့ ပစ္စည်းတွေအတွက် ငွေပေးချေရန် ငွေအရေးတကြီးလိုလာသည်။ မျိုးဇော်က မနှင်းဆီထံ ခဏလှည့်ဖို့ပြောသည်။ မနှင်းဆီက ဆိုင်မှာ ငွေများများမရှိ။ သူနေသော တိုက်ခန်းမှာ လိုက်ယူဖို့ပြောသည်။ ဆိုင်ကို လူစောင့်ထားခဲ့ပြီး သူတို့နှစ်ယောက်ထွက်သွားကြသည်။

မနှင်းဆီ၏တိုက်ခန်းတွင် အခြားမည်သူမျှ မရှိ။

◆ ◆ ◆

သူပြောပြသည့်အခါ ကျွန်တော် မအံ့ဩချေ။ စပြောကတည်းက ဒီလိုဖြစ်လာမည်ကို ကြိုသိခဲ့ပြီးသား။ ကျွန်တော် ဘာမျှထင်မြင်ချက် မပေးဘဲ နေသည်။ သူတို့လိုလူမျိုးတွေအဖို့ လက်ထပ်ကြရန် သုံးနှစ်သုံးမိုး



စောင်းနေစရာမလို။ ငွေက အဆင်သင့်။ ထို့ကြောင့် ဒီအခြေဆိုက်ခဲ့ခြင်းအတွက် ကျွန်တော် မအံ့ဩ။ အမျိုးသမီးသည် ကောင်းကောင်းမွန်မွန်ဆိုပါက ကျွန်တော် ကန့်ကွက်ရန် မရှိပါ။ သို့ရာတွင် မျိုးဇော်ဆက်ပြောသောစကားကို ကြားရသောအခါ ကျွန်တော် ပြင်းထန်စွာ တုန်လှုပ်သွားရသည်။

'တစ်ခုတော့ရှိတယ်ကွာ။ သူက လွတ်လွတ်လပ်လပ်မဟုတ်ဘူး'

ကျွန်တော်က သူ့ကို ရုတ်တရက် ဘာမျှမပြောနိုင်။ တအံ့တဩကြည့်နေမိသည်။ မျိုးဇော်ကမူ ထိုစကားကို ပြောလိုက်ရသည့်အတွက် သိပ်ထူးထူးခြားခြား အမူအရာ ပြောင်းလဲမသွားချေ။ သူ ဆက်ပြော၏။

'ဒါပေမယ့် သိပ်အရေးမကြီးပါဘူး၊ သူ့ယောကျ်ားက နယ်မှာ ရောက်နေတာပဲ'

'ဘာကွ'

ခုမှ ကျွန်တော် တစ်ခွန်းပြောမိသည်။ သူ ကျွန်တော့်ကို ကြည့်၍ တစ်ချက် ပြုံးသည်။

'အေးကွ၊ နယ်ကို ပြောင်းသွားရတာ နှစ်နှစ်လောက် ရှိပြီ၊ လေးငါးလနေမှ တစ်ခေါက်လောက် ရန်ကုန် ပြန်လာနိုင်တာ၊ သူတို့လင်မယားလဲ သိပ်အဆင်မပြေကြဘူးလို့ မနှင်းဆီက ပြောတယ်၊ ပြီးတော့ ငနဲကြီးက ခပ်တုံးတုံးပါ'

'တော်ကွာ မျိုးဇော်၊ မင်း...မင်း သူများသားမယားကို'

မျိုးဇော်နှင့် ကျွန်တော် စကားအချေအတင် ပြောကြရသည်။ သူသည် ထုံးစံအတိုင်းပင် 'စကားအားဖြင့်' အနိုင်ရအောင် လှည့်ပတ်သိုင်းဝိုင်းပြီး ပြောသည်။ ကျွန်တော်ကတော့ ခပ်ရိုးရိုးပင်...။

'ဒီမှာ မျိုးဇော်၊ မင်း ဒီကိစ္စကြီးကို ရပ်တန်းက ရပ်လိုက်ပါကွာ'

သူ့မျက်နှာသည် ရုတ်တရက်တည်သွား၏။ ခေါင်းကို ယမ်းသည်။

'မဖြစ်ဘူးကွာ၊ ငါ သူ့ကို တကယ်ချစ်နေပြီ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာစကားမှ ပြန်မပြောဖြစ်သေးဘဲ သူ့မျက်နှာကို ငေးကြည့်နေမိသည်။ သူ့ဟန်သည် အတန်ငယ် လေးနက်နေပြန်သည်။ တဖြည်းဖြည်း ပြန်လည်၍ ပြုံးယောင်သမ်းလာသောအခါ ကျွန်တော် အလျင်အမြန် ဝင်ပြောသည်။

'ချစ်လို့မရဘူးကွ၊ ဒါ မဖြစ်နိုင်ဘူး...ဒု သ န သော ကွ၊ မရဘူး'

သူ ရယ်ဖြစ်သွားသည်။

'သူငယ်ချင်းရာ မင်း တော်တော် အစိုးရိမ်ကြီးတဲ့ကောင်၊ ပြီးတော့ သိပ်ရှေးရိုးဆန်တယ်၊ နေရာတကာတိုင်းမှာ ဥပဒေတို့ လူမှုစည်းကမ်းတို့ဘက်ကချည်း ကြည့်လို့မရဘူး'

ကျွန်တော့်ကို လှောင်သလိုကြည့်၍ ရယ်ပြီး...

'တစ်ခါတလေ အချစ်တစ်ခုတည်းဘက်ကနေ ကြည့်သင့်တဲ့အခါ ကြည့်ရတယ်'

'အဲဒါ အချစ် မဟုတ်ဘူး'

'အချစ်ဆိုတာကို မင်းသေသေချာချာ နားမလည်သေးပါဘူး။ ငါပြောပြရင်လဲ မင်းသိမှာ မဟုတ်ဘူး၊ မင်းသိတဲ့အချစ်ဆိုတာက လေးမေနဲ့သာ ဆိုင်တာပါ'

သူ ကျွန်တော့်ပခုံးကို ပုတ်လိုက်သည်။ 'ဒီမှာ ဖိုးတေ'ဟု ကျွန်တော့်ငယ်နာမည်ကို ခေါ်သည်။

'အချစ်ဆိုတာ လက်ထပ်ဖို့ ငွေစုနေတာ တစ်ခုတည်းမဟုတ်ပါဘူး ကွာ'

ကျွန်တော် သူ့ကို ဆတ်ခနဲ ကြည့်လိုက်သည်။ သူသည် ကျွန်တော်နှင့်လေးမေတို့ လက်ထပ်ဖို့ငွေစုနေကြသည်ကို ပြက်ရယ်ပြုလေပြီ။ ကျွန်တော် စိတ်ဆိုးသွားသည်။

'မျိုးဇော်...ငါတို့နှစ်ယောက် ငွေစုနေကြတာ မင်းလိုကောင်မျိုးအတွက် ရယ်စရာဖြစ်ချင် ဖြစ်နေလိမ့်မယ်၊ ဒါပေမယ့် ငါ သူများ သားမယားကို ပြစ်မှားနေတာ မဟုတ်ဘူး၊ အေး...ငါ့ဘက်ကကြည့်ရင်လဲ မင်းဟာ ရယ်စရာအကောင်တစ်ကောင်ပဲ၊ ဒါ့ထက်ပိုပြောရရင် စက်ဆုပ်စရာကောင်းတဲ့ကောင် တစ်ကောင်ပဲ၊ မင်း ကြာကူလီပဲ မျိုးဇော်'



သူ့မျက်နှာသည် မကြုံစဖူးအောင် တင်းမာသွားသည်။

## ( ၆ )

ထို့နောက်တွင် သူနှင့် ကျွန်တော် အဆက်အသွယ်ပြတ်သွားသည်။ မှတ်မှတ်ရရ တစ်ခါတည်းသာ လမ်းမှာဆုံဖူးသည်။ ဗိုလ်ချုပ်ဈေးထဲမှာ ကျွန်တော်နှင့်လေးမေ ဈေးအလယ်ပေါက်အတိုင်း လျှောက်အလာတွင် ရွှေဆိုင်တစ်ဆိုင်ကို ဝင်ကြည့်ခါနီးဆဲဆဲဖြစ်သော သူတို့ကို တွေ့ရခြင်း ဖြစ်သည်။ မျိုးဇော် ကျွန်တော်တို့ကို မြင်သည်။ နှုတ်မဆက်။ ကျွန်တော်ကသည်း နှုတ်မဆက်။ သူသည် မထီတရီပြုံးပြီး မျက်နှာလွှဲလိုက်သည်။ မနှင်းဆီကမူ ကျွန်တော်တို့ကို မမြင်။ ရွှေဆိုင်က အမျိုးသမီးနှင့် တစ်စုံတစ်ရာ ပြောဆိုနေသည်။

မျိုးဇော်သည် သူ့ကိုယ်သူ အထင်ကြီးစွာ အချစ်အကြောင်းတွေ ပြောသွားခဲ့သည်။ အမှန်စင်စစ် သူ နားမလည်ချေ။ သူ့မှာ ဘာအတွေ့အကြုံမှ မရှိ။ ထိုအချိန်တွင် မနှင်းဆီကို တွေ့သည်။ မနှင်းဆီ၏ကောင်းသော ဆွဲဆောင်အားကြောင့် သူ အရူးအမူးပါသွားသည်ဟု ထင်သည်။ ကျွန်တော့်အထင် မှန်လိမ့်မည်ဟုလည်း ယူဆသည်။ မနှင်းဆီနှင့် သူ့ယောကျ်ားကွဲကြခြင်း၊ နောက် သူတို့နှစ်ယောက် လက်ထပ်လိုက်ကြခြင်းသော သတင်းများကို ဆက်လက်ကြားခဲ့ရသောကြောင့်ပင်။

မနှင်းဆီနှင့် သူ့ယောကျ်ားကွဲကြပြီးမှ မျိုးဇော်နှင့်လက်ထပ်ခဲ့ခြင်းဖြစ်သည် မှန်သော်လည်း ထိုသို့အကွဲအပြဲဖြစ်အောင် မျိုးဇော်က ဖန်တီးခဲ့ခြင်းဖြစ်သည်ဟု ထင်သည်။

ကျွန်တော်နှင့် လေးမေတို့ ငွေစုနေကြသည့်အကြောင်းကို သူ လှောင်ပြောင်ခဲ့သည်။ တကယ်တော့ ကျွန်တော်တို့နှစ်ယောက်သည် စိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ဆန်လွန်းခြင်း ဖြစ်ချင်ဖြစ်မည်။ သို့တည်းမဟုတ် လက်တွေ့ကျလွန်းခြင်း ဖြစ်ချင်ဖြစ်မည်။

အဘယ့်ကြောင့်ဆိုသော် လေးမေသည် သူရရှိသောလခ တစ်ရာ့ရှစ်ဆယ်ခန့်မှ တစ်လလျှင် သုံးဆယ်ခန့်စုပြီး ကျွန်တော်ကလည်း ဝတ္ထုရေးခရရှိသော ငွေအတန်အသင့်ထဲမှ အနည်းအကျဉ်းဖဲ့စုနေကြသောကြောင့် ဖြစ်သည်။

( ၇ )

ကျွန်တော် မမြင်ချင်ယောင် ဆောင်လိုက်သော်လည်း သူအတင်းလိုက်ခေါ်သည်။ တစ်နေရာရာသွားရအောင်ဟု ဆိုပြီး သူငှားစီးလာဟန်တူသည့် ကားပေါ် တက်ခိုင်းသည်။ သမ္မတဟိုတယ်ကို မောင်းခိုင်းသည်။ စားပွဲတွင် ထိုင်မိသောအခါ 'ဘီယာလား၊ ဘာသောက်မလဲ'ဟု သူ မေးသည်။ ကျွန်တော် ခေါင်းခါသည်။

'သောက်လို့မဖြစ်ပါဘူးကွာ။ ညနေကျရင် လေးမေတို့အိမ်မှာ ထမင်းသွားစားရမယ်၊ အအေးတစ်ခုခုပဲ သောက်တော့မယ်'

သူ ပြုံးသည်။ သွက်လက်သော အပြုံးမဟုတ်။ သူနှင့် ကျွန်တော် လုံးဝမတွေ့ခဲ့သည်မှာ တစ်နှစ်ကျော်ကျော်တော့ရှိမည်။ ထိုအချိန်အတွင်း သူတော်တော် ပြောင်းလဲသွားသည်။ ဝလာသည်ဟု ထင်ရသည်။ သေသေချာချာကြည့်မှ မျက်နှာတစ်ခုတည်းကွက်၍ ဝနေခြင်းဖြစ်ကြောင်း တွေ့ရသည်။ သူ အရက်စွဲသောအဆင့်သို့ ရောက်နေပေလိမ့်မည်။ သူ့မျက်နှာသည် ပို၍ ရင့်လာသည်။ ဟန်အမူအရာသည် ခပ်ထိုင်းထိုင်း ဖြစ်နေသည်။

မျိုးဇော်က ကျွန်တော့်အလုပ်ကိုင် အခြေအနေကို မေးသည်။ လေးမေနှင့် ကျွန်တော် ဘယ်တော့လောက် လက်ထပ်ဖြစ်မလဲ မေးသည်။ ကျွန်တော်က ဖြေသည်။ သို့ရာတွင် ကျွန်တော့် အဖြေများကို သူ သိပ်စိတ်မဝင်စားကြောင်း သိသာသည်။ သူ့မှာ ပြောစရာ စကားတစ်ခုခုရှိနေပုံရ၏။



စားသောက်စရာတွေ ရောက်လာ၏။ ရောက်ရောက်ချင်းပင် ဖန်ခွက်ဖြင့် သီးသန့်ထည့်လာသော 'ရမ်'ကို ဘီယာခွက်ထဲသို့ ခပ်များများထည့်လိုက်သည်။ ဘီယာကို နည်းနည်းသာ ရောသည်။ တစ်ဝက်လောက်ကုန်အောင် တစ်ကျိုက်တည်းနှင့်သောက်သည်၊ သူသောက်ပုံမှာ အငမ်းမရှိလှ၏။ ကျွန်တော်လည်း စပတ်ကလင်းလီမွန်ကို ဖန်ခွက်ထဲထည့်ပြီး တစ်ကျိုက်သောက်သည်။ သူကလည်း ဖန်ခွက်ထဲတွင် ကျန်နေသော လက်ကျန်အရက်ကို ကုန်အောင်သောက်လိုက်ပြီး ထပ်ငှဲ့ပြန်သည်။ ထို့နောက်...

'ဒီမိန်းမကို ငါ ဆက်ပေါင်းသင့်သေးရဲ့လားကွာ'ဟု အစချီပြီး...

'ငါ...သူ့ကို မသင်္ကာတာကြာပြီ၊ ဒါပေမယ့် တိတိကျကျ မပြောနိုင်သေးလို့၊ ခုတော့...'

သူ ကော့ကရိတ်ဘက်သွားနေတုန်း မနှင်းဆီက သူ့ဆိုင်နှင့် တစ်ဆိုင်ကျော်က ကောင်လေးတစ်ယောက်ကို တိုက်ခန်းမှာ ခေါ်ထားသတဲ့။

'ငါ သူ့ကိုတော်တော်ချစ်တာပါကွာ၊ ဒါပေမယ့် သူ ငါ့အပေါ် သစ္စာမရှိဘူး'

အဲဒီအကြောင်းတွေကို သူနဲ့မင်း လက်မထပ်ခင်ကတည်းက သိခဲ့တာပဲ မဟုတ်လားဟု ကျွန်တော် မေးလိုက်ချင်သည်။ မမေးဖြစ်။ ရှင်းရှင်းကလေး။ မနှင်းဆီသည် တစ်ချိန်က သူ့ယောက်ျားအပေါ် သစ္စာဖောက်၍ မျိုးဇော်နှင့် ရှုပ်ခဲ့သည်။ ခုတစ်ဖန် ယောက်ျားဖြစ်နေသော မျိုးဇော်ကို သစ္စာဖောက်ပြီး နောက်တစ်ယောက်နှင့် ရှုပ်ပြန်သည်။ ဘာဆန်းသနည်း။ ဒီမိန်းမသည် သစ္စာဖောက်တတ်သောကြောင့်သာ သူနှင့် တွေ့ခဲ့ခြင်းဖြစ်သည်။ သစ္စာစောင့်သိတတ်သော အမျိုးသမီး ဖြစ်ခဲ့လျှင် မျိုးဇော်နှင့်လည်း ဘာမျှပတ်သက်ခဲ့ရန် မလို။ သူ့အရင် ခင်ပွန်းနှင့် ခုထက်တိုင် မြဲနေရပေမည်။ ထိုအချက်ကို မျိုးဇော်အစကတည်းက မသိခဲ့လေသလား။ သို့တည်းမဟုတ် မျိုးဇော်သည် မိမိ နေ့စဉ်ဆင်းနေတက်နေကျဖြစ်သော ကိုယ့်အိမ်လှေကားသည် ဘယ်နှစ်ထစ် ရှိကြောင်း သတိ

www.burmeseclassic.com

www.burmeseclassic.com



မထားမိတတ်သလို ဖြစ်ခဲ့ခြင်းဟု ဆိုရတော့မည်။

❖ ❖ ❖

ညနေ ငါးနာရီခွဲပြီ၊ သူလည်း နည်းနည်းတော့မူးနေပြီ။ ကျွန်တော်လည်း ပြန်ချင်ပြီ။ သွားကြရအောင်ဆိုသောစကားကိုမူ ကျွန်တော် မပြောဖြစ်သေး။ သူ ပြောခဲ့သော စကားများနှင့်ပတ်သက်၍ ကျွန်တော် ဘာမျှ ထင်မြင်ချက် မပေးမိချေ။ သူက ဒီမိန်းမကို ဆက်ပေါင်းသင့်သေးရဲ့လားဟု မေးစဉ်က မပေါင်းသင့်ဘူးဟု ကျွန်တော် ပြောချင်သော်လည်း မပြောဖြစ်၏။ အကြောင်းမှာ သူသည် မနှင်းဆီကို မပြတ်နိုင်သေးကြောင်း ရိပ်မိသောကြောင့် ဖြစ်သည်။ ထို့အပြင် အစတုန်းက ငါတားသေးတယ် မဟုတ်လားကွ၊ ခုတော့ မင်းသိပြီ မဟုတ်လား စသော စကားမျိုးကိုလည်း ပြောနေလို့ မထူးပြီ။

မျိုးဇော်သည် အချဉ်ရည်ပန်းကန်ထဲတွင် ကျနေသောအာလူးကြော်တစ်ဖတ်ကို စိုက်ကြည့်နေသည်။ ထို့နောက် လက်ဖြင့် နှိုက်ယူလိုက်သည်။ ပွစိစိဖြစ်နေသော အာလူးကြော်သည် ပျော့ဖတ်နေပြီ။ လွှင့်ပစ်မည်ပြုပြီးမှ မပစ်တော့ဘဲ အချဉ်ရည်ပန်းကန်ထဲ ပြန်ထားလိုက်သည်။

ခုလောက်ဆို လေးမေသည် ကျွန်တော် ကြိုက်တတ်သော ငါးဆုပ်ဟင်းနှင့် ဘူးသီးဟင်းခါးကို အကျအန ပြင်ဆင်၍ စောင့်နေပေတော့မည်ဟု တွေးနေမိပြန်သည်။

(ရှမဝ၊ ၁၉၇၁၊ မေ)




www.burmeseclassic.com

www.burmeseclassic.com

## အဖြစ်အပျက်

'မ'ကို မေ့ကြလိမ့်ဦးမည်မထင်ပါ။

ကျွန်တော်သည် 'မ'အကြောင်းကို မကြာခဏပြောခဲ့ဖူးသည်။ သူ့ကို သတိရသည့်အကြောင်းရော၊ မေ့လျော့နေခဲ့သည့်အကြောင်းရော ပါဝင်လေသည်။

သူနှင့် ခွဲခွာရပြီးသည့်နောက် သူ့ကို တမ်းတသော စကားမျိုးကို မကြာခဏပြောခဲ့ဖူးသည်။ သူ့ကို သတိရသည့်အကြောင်းရော မေ့လျော့နေခဲ့သည့်အကြောင်းရော ပါဝင်လေသည်။

သူနှင့် ခွဲခွာရပြီးသည့်နောက် သူ့ကို တမ်းတသော စကားမျိုးကို ပတ်သက်ခဲ့ဖူးသူ အားလုံးလောက်အား ဖွင့်ဟဖြစ်ခဲ့သည်။ 'မ'နှင့် ကျွန်တော် တို့အကြောင်း အစမှအဆုံးတိုင်အောင် သိခဲ့သော 'မ'၏အစ်မ ဝမ်းကွဲ၊ ကျွန်တော်၏သူငယ်ချင်းများ၊ သူ၏သူငယ်ချင်းများကအစ၊ ကျွန်တော် 'မ'ကို စောင့်နေကျ ကွမ်းယာဆိုင်ကလေးပိုင်ရှင် လင်မယားအထိပင်။

ထိုစဉ်က မြင်မြင်သမျှပင် သူ့ကို သတိရစဖွယ်တွေချည်း၊ ကျွန်တော် ကိုယ်တိုင်ကလည်း သူနှင့် သွားလာခဲ့ဖူးသော နေရာများသို့ တကူးတက သွားရောက်ခြင်းဖြင့် တိုက်ဆိုင်မှုကို ရှာဖွေပြီး လွမ်းမောခဲ့သည်။ တကယ် ဆိုလျှင် အမှတ်တရရှိစရာတွေက မကုန်နိုင်ခဲ့။ ကျွန်တော့် လက်တစ်ကမ်း မှာပင် ရှိနေသည်။ ယွန်းသေတ္တာကလေးအထဲမှာ။



သူ ကျွန်တော့်ထံ ရေးခဲ့သော စာများ၊ ပို့စကတ်များ၊ သူ့ဓာတ်ပုံ၊ သူသွေးလှူခဲ့စဉ်က ရရှိသော သွေးလှူရှင် ရင်ထိုးတံဆိပ်၊ စတက်ဒလာ ဘောပင်တစ်ချောင်းနှင့်...

ခြောက်သွေ့နေသော စကားဝါတစ်ပွင့်။

ထိုအရာများကို မကြာခဏ ဖွင့်ကြည့်ဖြစ်ခဲ့ရာမှ တစ်ချိန်တွင် လုံးဝ မကြည့်ချင်လောက်အောင် ဖြစ်လာခဲ့ပြန်သည်။ နောက်ပိုင်းတွင် ထိုယွန်း သေတ္တာကို ဘယ်နားထားလိုက်မိမှန်း မသိတော့ချေ။ သူ့ကို သတိရမှုသည် သည်း ထုံ့ပိုင်း ထုံ့ပိုင်းသာ ဖြစ်တော့သည်။ နှစ်ပိုင်းမျှကြာသောအခါ မေ့ သလောက် ရှိလေ၏။

လူ့သဘာဝဟု ဆိုရမလားမသိ။ 'မ'နှင့် ပတ်သက်၍ ကျွန်တော်က အမှတ်တမဲ့ ဖြစ်လာချိန်တွင် အချို့လူများက သတိတရ ရှိနေတုန်းဖြစ် ကြောင်း ကြုံရသည်။ ကျွန်တော်တို့နှစ်ယောက် မဖြစ်ကြသေးမီတွင် ကူညီ အားပေးခဲ့သူတွေ၊ တွဲနေတုန်းကာလတွင် ပတ်သက်ခဲ့ဖူးသူတွေ၊ ကွဲကြပြီ ကြတော့မည်ဆိုတော့ စေ့စပ်ဖြန်ဖြေဖို့ ကြိုးစားသူတွေ၊ လမ်းခွဲပြီးနောက် ပိုင်း နှစ်သိမ့်ခဲ့ကြသူတွေနှင့် တစ်ခါတစ်ရံပြန်ဆုံမိတတ်သည်။ သူတို့သည် 'မ'ကို မမေ့ကြသေးချေ။ ကျွန်တော်တို့နှစ်ယောက်အကြောင်းကို မှတ်မှတ် ရရ ပြန်ပြောပြကြသည်။ ရှေးဟောင်းနှောင်းဖြစ်သဘော။ အံ့သြဖို့ကောင်း သည်မှာ ဟိုအရင်အချိန်က သူတို့သည် ပွဲကြည့်ပရိသတ်မျှသာ ဖြစ်ခဲ့ပါ လျက် တော်တော်များများ မှတ်မိနေကြခြင်းပင် ဖြစ်သည်။ အချို့ဆိုလျှင် ဘယ်လ၊ ဘယ်ရက်ဆိုပြီး နေ့စွဲအတိအကျနှင့်ပင် ပြန်ပြောနိုင်သည်။ အမျိုး သမီးသူငယ်ချင်းတစ်ယောက်ကဆိုလျှင် 'အဲဒီနေ့က ခင်မမက စကားဝါ ရောင်ဝမ်းဆက်နဲ့လေ၊ ခေါင်းမှာလဲ စကားဝါပွင့်တွေနဲ့ မဟုတ်လား'ဟု ၍ပင် ပြောခဲ့သေးသည်။

ထိုအခါမျိုးတွင် ကျွန်တော်က 'အဲဒါတွေ မသိတော့ပါဘူးဗျာ'ဟု ရယ်ကာမောကာ ပြန်ပြောခဲ့သည်။ သူတို့ကမူ အမှတ်ထင်ထင် ရှိနေဆဲ။ အငှားဝင်၍ ခံစားပုံချင်းမတူကြသည်သာ ကွာသည်။ အချို့က စိုပ်တသပ်

www.burmeseclassic.com

www.burmeseclassic.com



သပ်။ အချို့က တက်တခေါက်ခေါက်။ သူတို့သည် ကျွန်တော့်အပေါ် ခုထိတိုင် သနားကရုဏာ ဖြစ်နေကြတုန်းပင်။

ကျွန်တော်ကတော့ 'မ'သည် ကျွန်တော့်ဘဝထဲတွင် မရှိတော့ကြောင်း၊ 'မ'သည်လည်း ရင်ခွင်အသစ်ထဲတွင် ပျော်မွေ့နေလောက်ပြီ ဖြစ်ကြောင်း လူတကာကို ရှင်းပြခဲ့ဖူးသည်။ ထိုသို့ ရှင်းပြဖန်များလာသောအခါ ကျွန်တော့်ကိုယ်ကျွန်တော် မသင်္ကာဖြစ်လာသည်၊

ကျွန်တော်သည် 'မ'ကို သတိမရတော့ကြောင်း အဘယ်ကြောင့် မမောနိုင် မပန်းနိုင် ရှင်းပြချင်နေရပါသနည်း။ တစ်ယောက်ယောက်နှင့် ဆုံမိသည့်အခါတိုင်း ကျွန်တော် 'မ'ကို မေ့နေပြီဖြစ်ကြောင်းကို အဘယ်ကြောင့် အရင်ဆုံး သတိရမိတတ်ရပါသနည်း။

❖ ❖ ❖

နှလုံးသား၏ ခံစားမှုများကို ဦးနှောက်က မှတ်တမ်းတင်ထားသည်ဟု ထင်သည်။ ဦးနှောက်သည် အကြောင်းအရာပေါင်း ထောင်သောင်းမက မှတ်သားထားနိုင်သည်။ ကွန်ပျူတာများကဲ့သို့ အချက်အလက်များကို စနစ်တကျ စိစဉ် ထည့်သွင်းပေးစရာ မလိုဘဲ အလိုအလျောက် သိုမှီးနိုင်စွမ်းရှိသည်။ ဦးနှောက်၏ အထူးခြားဆုံးအချက်မှာ မှတ်သားပြီးသော အကြောင်းအရာတစ်ခုကို ပြန်လည်၍ ဖျက်ပစ်ချင်တိုင်း ဖျက်လို့မရခြင်းပင်ဖြစ်သည်။ ထို့အတူ မှတ်သားခြင်းမပြုလိုသော အကြောင်းအချက်ကိုလည်း မှတ်သားခြင်း မပြုရန် တားမြစ်လို့မရချေ။ လူတို့သည် ဦးနှောက်၏ ချုပ်ကိုင်မှုအောက်မှာ ရှိနေသလား။ မိမိဦးနှောက်ကိုပင် မိမိ ပိုင်ဆိုင်ခြင်း ရှိ မရှိ ဆုံးဖြတ်ရန် ခက်သည်။

ကျွန်တော်သည်လည်း မစဉ်းစားချင်သောကိစ္စကို မေ့ထားပိုင်ခွင့်မရှိကြောင်း ဝန်ခံရပေလိမ့်မည်။ ထိုသို့ ဝန်ခံလိုက်သည်နှင့် တစ်ပြိုင်နက် မေ့ချင်ယောင်ဆောင်နေခဲ့သော အဖြစ်မှန်သည် ဘွားခနဲ ပေါ်လာရတော့သည်။

❖ ❖ ❖



ကျွန်တော်စီးလာသော အမှတ်(၁၆) ရန်ကင်းပတ်ကားသည် ရွှေဂုံတိုင်ရှေ့သို့ ချိုးကွေ့လိုက်သည်။ လက်ယာဘက်သို့ ထပ်ချိုးပြီး တာမွေဈေးရှေ့မှာ ကျောက်ချရပ်နားလိုက်သည်။ ကျွန်တော်သည် ကျောင်းရှေ့ဂိတ်အစမှ စီးလာသဖြင့် ထိုင်စရာနေရာကို စိတ်ကြိုက်ရွေးနိုင်ခဲ့သည်။ ပြတင်းပေါက်ဘက်ကျ နေလည်းမပူသော အခြမ်းကိုရွေးပြီး ထိုင်ခဲ့သည်။ တာမွေဈေးတွင် ကားသည် အကြာကြီး လူစောင့်နေသည်။ ရုံးသွားချိန် ကျော်ခဲ့ပြီ ဖြစ်သောကြောင့် လူနည်းနည်းပါးနေသည်။ ကားရပ်ပြီး တစ်မိနစ်၊ နှစ်မိနစ်ကြာသည်အထိ ထိုင်ခုံစေ့အောင် လူမရသေး။ နောက်ထပ် ငါးမိနစ်လောက်တော့ လူစောင့်ရဦးမှာ သေချာ၏။

အချို့သူများ ဘတ်စ်ကားစီးရင်း အိပ်ငိုက်တတ်သလို ကျွန်တော်သည်လည်း ထိုင်စရာ နေရာရလျှင် တစ်ခုခုကို စဉ်းစားနေတတ်လေသည်။ အိမ်က မိသားစုအကြောင်း၊ သူငယ်ချင်းဇနီးမောင်နှံများအကြောင်း၊ ကျွန်တော်ရေးသော ဝတ္ထုဇာတ်လမ်းများအကြောင်း။ ဒီနေ့တော့ 'မ'အကြောင်းကို စဉ်းစားချင်လာသည်။ ထို့ကြောင့် စဉ်းစားကြည့်သည်။

ကျွန်တော်နှင့် 'မ'တို့၏ ဇာတ်လမ်းသည် သိပ်ထူးခြားဆန်းပြားလှသည်တော့ မဟုတ်ချေ။ သူ့အချစ်ကိုရရန် အသည်းအသန် ကြိုးစားခဲ့ရသည်။ တွဲနေကြသော ကာလအတွင်း ကျွန်တော်သည် အချစ်ကြီးချစ်ခဲ့၏။ သူ့ဘက်ကမူ ကျွန်တော့်အပေါ် ချစ်ခဲ့ရာတွင် တာဝန်ကျေသည်ဟု ပြောနိုင်သည်။ သို့ရာတွင် တစ်စုံတစ်ခု ချို့ဘဲ့နေသည်ဟု ထင်ရသည်။ ဘာဟု၍ကား တိတိကျကျမသိ။ ဆိုလိုသည်မှာ သူသည် ကျွန်တော်ကဲ့သို့ လုံးဝပုံ၍ ချစ်ခဲ့ခြင်းမဟုတ်ဟု ထင်သည်။ ထိုအချက်ကို ဟိုစဉ်ကတည်းက သိခဲ့ခြင်းမဟုတ်။ ခုမှ ပြန်စဉ်းစားရင်း ကောက်ချက်ချမိခြင်းဖြစ်သည်။ သူနှင့် ကျွန်တော် အခန့်အသင့်ဖြစ်ပြီး ခပ်ခွာခွာ နေကြတုန်း အချိန်တွင် လူတစ်ယောက်က ကြားဝင်လာသည်။ စေ့စပ်ဖျန်ဖြေပေးသည့်သူတော့ မဟုတ်။ 'မ'ကို ကျွန်တော့်ထံမှ အပြီးအပိုင်ခေါ်သွားမည့်

www.burmeseclassic.com

www.burmeseclassic.com



သူသာ။ ထိုသူသည်ပင် ယခု 'မ'၏ ခင်ပွန်းသည် ဖြစ်လေသည်။

မ့အကြောင်း မတွေးမိအောင် တမင်ဖွတ်နှစ်၍ နေခဲ့ရဖန်များလို့လားတော့ မသိ။ ခုတကယ်တွေးကြည့်သောအခါ အရသာတော့ အရှိသားပင်။ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ်၊ နာကြည်းဖွယ် တို့မှာ လတ်လတ်ဆတ်ဆတ် မဟုတ်သည့်တိုင် တစ်စုံတစ်ခုသော ခံစားမှုရသကို အထိုက်အလျောက်တော့ ဖြစ်စေတုန်း။

❖ ❖ ❖

ကားစက်နှိုးသံ ကြားရသည်။ ကားပေါ်တွင် မတ်တပ်ရပ်နေသူပင် လေးငါးခြောက်ယောက်လောက် ရှိလာပြီ။ ဒီလောက်ဆိုလျှင်ဖြင့် ကားထွက်လောက်ပြီဟု ထင်သည်။ ဘီးလိမ့်ရုံလောက် ရွေ့လျားလိုက်သည်။ လက်မှတ်ရောင်းသူကတော့ ကားဘေးမှလျှောက်လာရင်း လူခေါ်နေဆဲ။ ပြန်ရပ်သွားပြန်သည်။ ယောကျ်ားကြီးတစ်ယောက် တက်လာသည်။ ခဏအကြာတွင် မိန်းမကြီးတစ်ယောက် သုတ်သီးသုတ်ပျာတက်လာပြန်သည်။ ထိုအခါကျမှ ကား တကယ် ထွက်လေသည်။

မှာမွေ့အပိုင်း ရောက်သောအခါ မရိုးဆန်းရုံကို တွေ့ရ၏။ 'မ'နှင့် ကျွန်တော် မရိုးဆန်းမှာ ကြည့်ဖူးသည်။ 'မ'က သူရုပ်ရှင်ကို အောက်ထပ်က ဒီတစ်ခါပဲ ကြည့်ဖူးတယ်ဟု ပြောသည်။ မရိုးဆန်းရုံတွင် အပေါ်ထပ်မရှိသောကြောင့် ဖြစ်သည်။ ရုပ်ရှင်ကြည့်နေရင်း လူအဝင်အထွက်ရှိသောအခါ တံခါးဖွင့်ချည်ပိတ်ချည် လုပ်ရသဖြင့် အပြင်က အလင်းရောင်တွေ ရူးခနဲ ဝင်ဝင်လာတတ်သည်။ 'မ'က ဒီရုံမှာ နောက်မကြည့်တော့ဟု ပြောခဲ့သည်ကို သတိရမိလေသည်။

တာမွေ့အပိုင်း ဟိုဘက်ထိပ်မှတ်တိုင်တွင် ကားရပ်သည်။ လူ လေးငါးယောက်တက်လာသည်။ ကားဆက်ထွက်သည်။ ထိုအချိန်တွင် တစ်ခုသတိရလိုက်သည်။ ဟိုတစ်လောက 'မ' သူငယ်ချင်းတစ်ယောက်နှင့် တွေ့သည်။ 'မ'ခု ဗဟိုသုတေသနအဖွဲ့ရုံးမှာ အလုပ်လုပ်နေကြောင်း သိခဲ့ရ



သည်။ 'မ'နှင့် ကျွန်တော်သည် ပြတ်ပြီဆိုတော့ တကယ်ပင် ပြတ်ခဲ့ကြသည်။ လမ်းခွဲခဲ့ကြပြီးနောက်ပိုင်းတွင် တစ်ခါမျှပင် ပြန်မဆုံဖြစ်ခဲ့ကြ။ 'မ'မျက်နှာသည် လည်းကောင်း၊ 'မ'၏ ကိုယ်ခန္ဓာ အချိုးအဆက်သည် လည်းကောင်း ခုချိန်မှာ ဘယ်လိုဖြစ်နေမည်နည်း။ 'မ'နှင့် ခုနေခါတစ်နေရာရာမှာ ဘွားခနဲဆုံလျှင် ဘယ်လိုခံစားရမည်နည်း။ ထူးဆန်းသည်ဟုပင် ဆိုရမည်။ ကျွန်တော်သည် 'မ'ကို ပြန်လည်မြင်တွေ့လိုသောဆန္ဒပြင်းပြစွာ ဖြစ်ပေါ်လာ၏။ 'မ'သည် ရုံးကိုသွားလျှင် (၁၆)ကားကို စီးချင်စီးလိမ့်မည်။ ခု ကျွန်တော် စီးလာသော ကားပေါ်မှာပင် တိုက်ဆိုင်စွာ ပါကောင်းပါလာလိမ့်မည်ဟု တွေးမိသည်။ ထိုအခါ...

❖ ❖ ❖

အရှိန်ဖြင့် ပြေးနေသော ဘတ်စ်ကားသည် ရုတ်တရက် ထိုးရပ်လိုက်သည်ဟုပင် ထင်ရသည်။ ကျွန်တော့်ကိုယ်သည် ရှေ့သို့ ငိုက်ခနဲ ဖြစ်သွားသောကြောင့်ပင်။ အမှန်မှာ ကားဘာမျှမဖြစ်။ သွားနေမြဲ။ တခြားလူတွေလည်း ဘာမျှမဖြစ်။ ကျွန်တော် တစ်ယောက်တည်း လှုပ်ရှားသွားခြင်းဖြစ်သည်။ အကြောင်းမှာ ဟိုးရှေ့ဆုံးခုံမှာ ထိုင်နေသော 'မ'ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်၏။ နားထဲမှာ ဆူညံစွာ ကြားနေရသောအသံများ ရုတ်တရက် ငြိမ်သက်သွားသလို ထင်လိုက်ရ၏။ ခဏတိတ်ဆိတ်သွားပြီးမှ ဝေါခနဲ ပြန်၍ ဆူညံလာသည်။ ကျွန်တော်သည်လည်း မှင်တက်မိနေရာမှ အံ့သြဖို့ သတိရလာသည်။

သူသည် ဘတ်စ်ကား၏ ဘယ်ဘက်ခြမ်း ရှေ့ဆုံးခုံတန်းအတွင်းဘက်မှာ ထိုင်နေသည်။ ကျွန်တော်က နောက်ဆုံးခုံတန်း ပြတင်းပေါက်ဘက်မှာ ထိုင်နေခြင်း ဖြစ်သည်။ အလယ်ခုံများတွင် ထိုင်နေသော သူများ၏ကြားမှ သူ့နောက်ကျောဘက်ကို မြင်နေရသည်။ ဟိုဘက်ကို လှည့်နေခြင်း ဖြစ်သော်လည်း သူဖြစ်မှန်း ကျွန်တော် သိနိုင်သည်။ သူနှင့် ချစ်

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တုန်း အခါက သူ၏ ခြေသံများကိုပင် ကျွန်တော် မှတ်မိနေခဲ့သည် မဟုတ်လား။ ခုလည်း သူ၏ အထိမ်းအမှတ်များကို မြင်ရသည်။

သူအကြိုက်ဆုံးအရောင်ဖြစ်သော စကားဝါရောင်အင်္ကျီ၊ နက်မှောင်သန့်စွမ်းသော ဆံပင်များကို ဆံညှပ်ကလစ်အညိုရောင်ဖြင့် စုစည်းထားသည်။ ပြီးတော့ ဆံပင်ကြားမှာ စကားဝါပွင့်များ။

'ဩော်...သူ ခုထိ စကားဝါပန်း ပန်တုန်းပါလား'

❖ ❖ ❖

'ဒါပါပဲ'ဟု အထက်စီးက လေသံဖြင့် ပြောသည်။ မဲ့ပြုံးကို ထင်ရှားအောင် ပြသသည်။ ချာခနဲ လှည့်ထွက်သွားသည်။ သူ့ခေါင်းက စံကားဝါ ပန်းတစ်ပွင့်သည် မြေသို့ ပြုတ်ကျကျန်ရစ်သည်။ ပန်းပွင့်ကို ကျွန်တော် ကောက်ယူလိုက်သည်။ သူ့ထံမှ နောက်ဆုံးရလိုက်သော လက်ဆောင်။ သို့မဟုတ် အမုန်း။

❖ ❖ ❖

ဗိုလ်တွဲလစ်ဈေးမှတ်တိုင်မှာ ကားရပ်သည်။ ဆင်းသူနည်း၍ တက်သူများသည်။ ကားပိုကျပ်လာသည်။ သူ့ဘေးကို လူတွေ တိုးသောကြောင့် ထင်သည်။ ဘယ်ဘက်သို့ နည်းနည်း တိုးရွှေ့သည်။ မြင်ကွင်းသည် တည့်တည့်မတ်မတ် မဖြစ်တော့။ သူ့ခေါင်းတစ်ခြမ်းကို ရှေ့တစ်ခုံကျော်က လူတစ်ယောက်၏ ဦးထုပ်က ကွယ်သွားသည်။ သူသည် ပြတင်းပေါက်ဘက် လှည့်ကြည့်ဟန်တူသည်။ ကျွန်တော် ခေါင်းကို နည်းနည်း ငဲ့လိုက်သည်။ ရှင်းရှင်းလင်းလင်း မဟုတ်သည့်တိုင် ပါးတစ်ခြမ်း၊ နှာတံနှင့် နှုတ်ခမ်း၏ အစွန်းတို့ကို မြင်ခွင့်ရသည်။ သူ့မျက်လုံးအရောင်ကိုမူ ခန့်မှန်းကြည့်ရရုံသာ။



ကျွန်တော့်ရင်ထဲ၌ ဆန္ဒတစ်ခုဖြစ်ပေါ်လာသည်။ သူ့မျက်နှာကို တစ်ချက်မျှ စေ့စေ့ကြည့်လိုက်ချင်သော ဆန္ဒ။ သုံးနှစ်တာ ကာလအတွင်း သူ့မျက်နှာသည် ဘယ်မျှပြောင်းလဲခဲ့မည်နည်း။ ပြည့်ဖောင်း၍ လာမလား။ သူ့မျက်လုံးများသည် အရင်ကလို တလက်လက်တောက်ပနေပါဦးတော့မလား။ သူ့နှုတ်ခမ်းသည် အရင်ကလို နီထွေးပြည့်တင်းနေပါဦးတော့မလား။ ပြီးတော့ သူ့မျက်နှာထား။ တမင်ပြုလုပ်ထားသော ဣန္ဒြေကြီးရင့်မှုကို သတိမရဘဲ မနေနိုင်။

ကားစထွက်သည်၊ 'ကြား မှတ်တိုင်ပါသလား၊ လိုက်သူမရှိရင်မောင်း' ဆိုသော အသံကို ကြားရသောအခါ ကျွန်တော် ဆတ်ခနဲ ထရပ်မိသည်။ ကျွန်တော် ဆင်းမည့် မှတ်တိုင်သည် ရန်ကင်းဈေးမှတ်တိုင်။ ခု တစ်ကြိမ်ရပ်မည့် ရှေ့မှတ်တိုင်။ ဆက်လိုက်သွားရမလား။ မှတ်တိုင်မှာ ဆင်းရမလား မဆုံးဖြတ်နိုင်ခင်မှာပင် ရန်ကင်းဈေးမှတ်တိုင်မှာ ကားရပ်သည်။ အခိပ္ပါယ်မရှိပါဘူးဟု ဆန္ဒကို ချိုးနှိမ်၍ နောက်ပေါက်မှ ဆင်းလိုက်သည်။

လမ်းပေါ်သို့ရောက်ပြီးနောက် ဆက်မသွားဖြစ်ဘဲ ရပ်နေမိပြန်သည်။ ကျွန်တော့်စိတ်သည် ချီတုံချတုံ ဖြစ်နေ၏။ ကားရှေ့ပေါက်ကနေပြန်တက်လိုက်ရင် ကောင်းမလား။ ထိုအချိန်တွင် ကားထွက်စပြုသည်။ ကျွန်တော်သည် ပြေးလိုက်သွားပြီး နောက်ပေါက်မှခုန်တက်လိုက်မိပြန်၏။ ကားအတွင်းထဲသို့ ကြည့်လိုက်သည်။ လူပြည့်ကျပ်နေသည်။ ကားထဲကဖြတ်ပြီး ရှေ့ကိုတိုးသွားဖို့ မလွယ်။ ထို့ကြောင့် စာတိုက်မှတ်တိုင်မှာ ရပ်သောအခါ ရှေ့ပေါက်သို့သွားသည်။ အထဲဝင်လို့မရ။ လူပြည့်နေသည်။ အပေါက်ဝမှာ ရပ်လိုက်သည်။ ပြီးတော့ သူထိုင်နေသော နေရာတည့်တည့်မှာ မိန်းမကြီးတစ်ယောက် ပိတ်ရပ်နေသည်။ စောင်းငဲ့၍ကြည့်သော်လည်း မမြင်ရ၊ ရပ်နေသူတို့၏ ခြေထောက်များကြားမှ သူ့ခြေဖမိုး ဖြူဖြူလေးကို မြင်ရသည်။ ခုထိတိုင် ခြေသည်းနီနီ ဆိုးတုန်းပဲလား။

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်သည်။ သူဆင်းမည့် တိုက်လေးလုံးမှတ်တိုင်အထိ လိုက်သွားမလား။ ကားပေါ်က ဆင်းလျှင် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် တိုးမည်။ ဘယ်လိုခံစားရမလဲ။ သူ့မျက်လုံးနှင့် ရင်ဆိုင်တွေ့ရပါ့မလား။ ခုပင် ရင်ခုန်လာလေသည်။ သို့ဖြစ်လျှင် ကားပေါ် တိုးဝှေ့တက်ပြီး လူကြားထဲက မသိမသာခိုးကြည့်မလား။

ဩော်...ကျွန်တော်သည် ခုထိ တစ်စုံတစ်ရာကို ချက်ချင်းဆုံးဖြတ်နိုင်စွမ်း မရှိသေးပါလား။ မပြတ်သားခြင်းသည် သူ မကျေနပ်ဆုံးသော အမိကအချက်။ ခုအဖြစ်ကို သူသိလျှင် တွေဝေတုန်းပဲလားဟု လှောင်ပေဦးမည်။

ဆုံးဖြတ်ချက် ချလိုက်သည်။ ရှေ့မှတ်တိုင်ဖြစ်သောရဲစခန်းရှေ့မှာပင် ဆင်းတော့မည်။ ဆုံးဖြတ်ပြီးခါမှ ကားအတွင်းသို့ တစ်ခါ ကြည့်မိပြန်သေးသည်။

သူ့ခြေထောက်ကလေး။ ပြီးတော့...

သူ့ရှေ့မှာ ကွယ်ရပ်နေသော မိန်းမကြီးသည် နောက်သို့နည်းနည်းရွေ့လိုက်၏။ ကြားမှာ ကွက်လပ်ကလေးတစ်ခု။ သူ့မျက်နှာဘေးစောင်းအနေအထား။ ထိုအခိုက်မှာပင် သူ့မျက်နှာ ဒီဘက်သို့ ဆတ်ခနဲလှည့်...

ကားသည် ရုတ်တရက် ရပ်သွားသည်။ တစ်ကိုယ်လုံးရှိန်းခနဲ၊ ဖိန်းခနဲ ပူထူသွားရ၏။ ရင်ထဲကတော့ ဟာခနဲ။

ကားပေါ်က ဆင်းလိုက်သည်။ ပတ်ဝန်းကျင်က လူများကို မကြည့်ရဲ။ သူသိလျှင် အထက်စီးက ပြုံးပေဦးတော့မည်။ အကြောင်းမှာ ကားပေါ်မှာ တွေ့လိုက်ရသော အမျိုးသမီးသည် 'ခင်မမ' မဟုတ်သောကြောင့်ပင်။

(ပေဖူးလွှာ၊ ၁၉၈၃၊ မေ)



www.burmeseclassic.com

## စာ

မလေးမေ...
ဒီစာဟာ ဘယ်အကြောင်းအရာကို ဦးတည်တယ်
ဆိုတာတော့ သိပြီး ဖြစ်မှာပေါ့နော်။
အနှောင့်အယှက် တစ်စုံတစ်ခု ဖြစ်စေမယ်ဆိုရင်တော့
ကြိုတင်တောင်းပါတယ်။
မလေးမေနဲ့ကိုယ်ဟာ
ကျောင်းနေဘက် သူငယ်ချင်းတွေပါနော်။
အခုတော့ ကိုယ်က သူငယ်ချင်းအဆင့်ထက်ကျော်လွန်ပြီး
မလေးမေကို ချစ်မိပြီ။
စိတ်တော့ မဆိုးလိုက်ပါနဲ့ မလေးမေ။
စိတ်ဆိုးခံရမှာကို ကြောက်လို့
ဒီစာကို မရေးတော့ပါဘူးလို့တောင်
အခါခါ ဆုံးဖြတ်မိပါရဲ့။
ဒါပေမယ့် မလေးမေရယ်။
ချစ်တဲ့အခါကျရင်
ဘယ်သူကများ မျိုသိပ်ထားနိုင်လိမ့်မှာတဲ့လဲ။



ဂျိန်းဖောတေးဟောင်းလေးတစ်ပုဒ်ရှိတယ်။
'သစ်ခွပန်းကို ပင်ယံမြင့်မှာ တွေ့နိုင်တယ်။
ရွှေမှုန်ကို မြစ်ကမ်းပါးမှာ တွေ့နိုင်တယ်။
တောင်ဆိတ်ကို တောင်ကုန်းပေါ်မှာ တွေ့နိုင်တယ်။
သစ်ခွပန်းလို လှပြီး
ရွှေမှုန့်လိုအဖိုးတန်တဲ့ မိန်းကလေးရယ်
တောင်ဆိတ်လိုများ အပြေးမြန်နေရော့သလားကွယ်'
ဒါပေမယ့် မလေးမေရယ်
ချစ်တယ်လို့ပဲ ပြောပါနော်။

◆ ❖ ❖

ဒုတိယအကြိမ် နှောင့်ယှက်ခြင်းလို့
ထင်ချင်လည်း ထင်ပါ မလေးမေ။
ဒါပေမယ့်...
ဒုတိယအကြိမ် ဥပေက္ခာပြုခြင်းတော့
မဖြစ်စေချင်ဘူး။
ဒီတစ်ခါတော့ စာပြန်ပါနော်။
ကိုယ့်ကို မချစ်နိုင်ဘူးဆိုရင်တောင်
'မုန်းတယ်'လို့ စာပြန်ပါ။
အဲဒီ 'မုန်းတယ်' ဆိုတဲ့ စာလေးကိုပဲ
တစ်သက်လုံး အမြတ်တနိုး သိမ်းထားပါ့မယ်။
'ချစ်တယ်' ဆိုရင်တော့
အတိုင်းမသိပျော်ရမှာပါ။
ကိုယ် သိပ်ပျော်ချင်ပါတယ်။
ပျော်ရမှာလား မလေးမေရယ်။

www.burmeseclassic.com

www.burmeseclassic.com



မလေးမေ...
ဒီစာကို မရေးခင်မှာ ကိုယ်သိပ်စဉ်းစားခဲ့ရတယ်ဆိုတာ
သိစေချင်ပါတယ်။
ဒီစာကြောင့် ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေကို
ခံရဲပါ့မလား၊ ခံနိုင်ပါ့မလားဆိုတာ ပါပဲ။
ဝမ်းသာစရာ အကျိုးအမြတ်တွေ ဖြစ်ပေါ်လာခဲ့ရင်တော့
အရေးမကြီးဘူးပေါ့။
ဝမ်းနည်းစရာ ဆိုးကျိုးတွေ ဖြစ်လာခဲ့ရင်
ဘယ်လိုခံစားရလိမ့်မလဲလို့
ကြိုတင်တွေးဆကြည့်မိပါတယ်။
စိတ်ကူးထဲမှာတောင်
တော်တော် ခံစားရပါလားမလေးမေရယ်။
သူငယ်ချင်းလိုပဲ ခင်ချင်တယ်လို့တော့ ထပ်မပြောပါနဲ့နော်။
မောင်မင်းယာရဲ့ ကဗျာထဲကလို
'တို့မေတ္တာ ပြန်လိမ့်နိုးငယ်နဲ့
လင့်ကိုးစွာ ဖူးချိန်မှန်လဲ
ညည့်ဝတ်ခံ မာယာဖုံးပါလို့
ချစ်မသုံး မုန်းမဆင်
ကြာတင်ခဲ့ ရက်တွေပေါ့'
ဆိုတဲ့ အခြေအနေမျိုးနဲ့ ဆက်ပြီး မနေပါရစေနဲ့တော့။
ဒီတစ်ခါတော့ 'ချစ်တယ်' ဒါမှမဟုတ် 'မုန်းတယ်'ဆိုတာ
ပြောဖြစ်အောင် ပြောစေချင်ပါတယ်။
ကိုယ့်အနေနဲ့ မသေချာမရေရာတဲ့ အခြေအနေကြီးကို
ဆက်ပြီး စောင့်စားမျှော်လင့်နိုင်နေတဲ့
စွမ်းအား မရှိတော့ပါဘူး။



ချစ်တယ်ဆိုရင်တော့ သိပ်ပျော်ရမှာပါ။
မုန်းတယ်ဆိုရင်တော့ သိပ်ခံစားရမှာပါ။
ဘာပဲဖြစ်ဖြစ်
အဆိုးဆုံးအခြေအနေအထိ ရင်ဆိုင်ဖို့
ဆုံးဖြတ်ထားပြီးပါပြီ။
မလေးမေဆီကို ပထမဆုံးစာကို ရေးခဲ့စဉ်ကကို
စိတ်ထဲမှာ မျှော်လင့်ချက်အပြည့်နဲ့
စိတ်ဓာတ်တက်ကြွစွာ ရေးခဲ့ပါတယ်။
အခု ဒီစာကို ရေးတဲ့အခါမှာတော့
သိပ်မမျှော်လင့်ရဲတော့ပါဘူး။
ကိုယ့်ရဲ့အခြေအနေဟာ အဆိုးဆုံးကို အချိန်မရွေး
ကျရောက်သွားနိုင်တယ်ဆိုတာ သိနေပါပြီ။
လူတစ်ယောက်ဟာ မျှော်လင့်ချက် နည်းပါးပြီး
ကျဆုံးလုလုဆဲဆဲအချိန်မှာ ဝမ်းသာစရာသတင်းကလေးများ
ကြားရရင် သိပ်ပျော်ရတတ်ပါတယ်။
ကိုယ့်ကို ပျော်ခွင့်ပေးပါ မလေးမေရယ်နော်။

❖ ❖ ❖

သတိတရ စာရေးလိုက်ပါတယ်။ တို့ငယ်ငယ်က ဖတ်ဖူးတဲ့
ဝတ္ထုတို တစ်ပုဒ်ထဲက နှစ်သက်မိတဲ့ စာပိုဒ်လေးတစ်ခုကို
ရေးပေးလိုက်ပါတယ်။

'အချိန်တိုင်းပင်၊ စိတ်၌ထင်သည်
သခင် ကိုယ်နှင့် အတူတူ'...တဲ့။

ထာဝရ
လေးမေ

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



လေးမေလေး

ငယ်ငယ်က ကျောင်းပိတ်ရင် သိပ်ပျော်ခဲ့ကြတယ်နော်။ ခုတော့ မပျော်တော့ဘူးကွယ်။ ဘာလို့ဆို ကျောင်းပိတ်ရက်တွေမှာ လေးမေနဲ့ ကိုကိုနဲ့ တွေ့ခွင့်မရဘူး မဟုတ်လား။ ကိုကိုတော့လေ တက္ကသိုလ်ကျောင်းတွေရဲ့ နွေရာသီကျောင်းပိတ်ရက်ကို ပယ်ဖျက်ပေးဖို့ အထက်တန်းပညာ ဦးစီးဌာနကို အသနားခံစာတင်မလားလို့တောင် စိတ်ကူးမိတယ်။ သိပ်လွမ်းတယ် လေးမေရယ်။

❖ ❖ ❖

ကိုကို

သတိတရ စာရေးလိုက်ပါတယ်။ ကိုကို မကောင်းဘူး သိလား။ ဘာဖြစ်လို့လဲဆိုတော့ သင်္ကြန်တွင်းတုန်းက လေးမေ ဥပုသ်စောင့်တယ်လေ။ အရင်နှစ်တွေကလောက် ကုသိုလ်ရမယ် မထင်ပါဘူး။ စိတ်က ကိုကို့ဆီရောက်ရောက်သွားတာကိုး။ ပုတီးစိပ်တာတောင် ပုတီး တစ်လုံးချတိုင်း 'ကိုကို' လို့ မရွတ်မိအောင် ကိုယ့်စိတ်ကိုယ် မနည်း ထိန်းထားရတယ်။ ဒါကြောင့် ကိုကို မကောင်းဘူးလို့ ပြောတာ။ နွေတကာ့နွေ ဒီနွေက ပိုလို့ပူမယ် ထင်တယ်ကွယ်။ ကိုကို့ကို လွမ်းတဲ့ စိတ်ကြောင့်ပေါ့။

❖ ❖ ❖

လေးမေရေ

စာမေးပွဲနီးနေလို့ လာမတွေ့ရဘူး ဆိုလို့သာ မလာဘဲနေ နေရတယ်။ သိပ်တွေ့ချင်တာပဲကွာ။ ဒါကြောင့် ဒီစာကို လေးမေဆီ ရေးပြီး စိတ်ဖြေလိုက်ရပါတယ်။ စာမေးပွဲနောက်ဆုံးနေ့ကျရင်တော့ တွေ့ကြမယ်နော်။



လေးမေရယ်။ ပုဂံခေတ်က လူတွေကလေ တစ်စုံတစ်ခုဖြစ်တဲ့အခါ 'အံမာလေး' လို့ မတကြဘူး။ 'မွေးမေလေ့' လို့ တကြသတဲ့။ ကိုကိုလဲ ခလုတ်တိုက်မိတာတောင် 'လေးမေလေ့' လို့ တမိမတတ်ပါပဲ။ အဲဒီလောက် ချစ်ပါတယ်ကွယ်။

❖ ❖ ❖

ကိုကိုရေ

သတိတရစာရေးလိုက်ပါတယ်။ ဘာလိုလိုနဲ့ စာမေးပွဲအောင်စာရင်းတွေတောင် ထွက်တော့မယ်နော်။ တစ်ခါတလေတော့လဲ ခုဖြေခဲ့တဲ့ စာမေးပွဲဟာ နောက်ဆုံးနှစ်မဟုတ်ဘဲ တတိယနှစ် စာမေးပွဲဆို ကောင်းမယ်လို့တွေးမိတယ်။

ဒါမှကျောင်းပြန်ဖွင့်ရင် ပြန်တွေ့ကြရမှာ။ ဒါလဲမဟုတ်သေးပါဘူးလေ။ ဘွဲ့မြန်မြန်ရပြီး အလုပ်ကိစ္စ မြန်မြန်အဆင်ပြေမှ တို့နှစ်ယောက် မြန်မြန် နီးကြရမယ် မဟုတ်လား။ ဒါကြောင့် ...။

❖ ❖ ❖

...သိပ်တွေ့ချင်တယ် လေးမေရယ်။ အပြင်ထွက်လို့ရအောင် ကြံစမ်းပါဦး။ ကျောင်းမှာ နေ့တိုင်းတွေ့နေကျရာက ခုလို ကျောင်းပြီးသွားလို့ မတွေ့ကြရတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ။

ကိုကို့အလုပ်ကိစ္စအတွက်တော့ မပူပါနဲ့။ ကိုကို စာတွေ ကြိုးစားပြီး ရေးပါတယ်။ ခုဆိုရင် ကိုကို့ဝတ္ထုတိုကလေးတွေ မဂ္ဂဇင်းတွေမှာ ပါစပြုနေပါပြီ။ လုံးချင်းဝတ္ထု တစ်အုပ်ထုတ်နိုင်အောင်လဲ ကြိုးစားနေပါတယ်။ သိပ်တော့ မလွယ်လှ

www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့။ ဒါပေမယ့် တစ်ချိန်ချိန်မှာ ဖြစ်လာရမှာပေါ့။

❖ ❖ ❖

တို့နှစ်ယောက် အကြောင်းကို အိမ်ကသိသွားတယ် ကိုကို။ အခြေအနေကတော့ ဘယ်လိုလဲ မပြောနိုင်သေးဘူး။ အားပြိုင်နေတယ်လို့ပဲ ပြောရမယ်။ အစ်မတွေကြားမှာလဲ ကိုကို့ကို ထောက်ခံတဲ့လူနဲ့ ကန့်ကွက်တဲ့လူရယ်လို့ အုပ်စုနှစ်စု ကွဲနေတယ်။ အမေကတော့ ငိုတယ် သိလား၊ ငိုတယ်ဆိုတာက သဘောမတူလို့ရယ် ဘာရယ်တော့ မဟုတ်ဘူး၊ အမေက လေးမေကို သိပ်ချစ်တယ်လေ၊ သူချစ်တဲ့သမီးက ရည်းစားရှိနေပြီဆိုတော့ ဝမ်းနည်းသွားတယ် ထင်ပါရဲ့၊ အရေးအကြီးဆုံးက အဖေပဲ၊ အဖေက ခုထိတော့ ဘာမှ မပြောသေးဘူး၊ ကိုကို့အကြောင်း သူ့နည်းနဲ့သူ စုံစမ်းလိမ့်မယ် ထင်တယ်။

စိတ်တော့မပူပါနဲ့၊ ဘယ်အခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကိုကို့ဘက်မှာ လေးမေရှိနေမယ်ဆိုတာ ယုံပါ။

ဒါနဲ့ကိုကို ဟိုတစ်နေ့က မြို့ထဲမှာမိုးရွာကြီးထဲ တိုက်ပုံအင်္ကျီလေးခြုံပြီး သွားနေတဲ့ ကိုကို့ကို တွေ့လိုက်ရတယ်လို့ အစ်မတစ်ယောက်က ပြောတယ်။ ထီးလေးဘာလေး ယူသွားရောပေါ့ကွယ်၊ မတော်တဆအအေးမိပြီး ဖျားနာနေမှဖြင့်...။

◆ ◆ ◆

လေးမေ

ကိုကိုတော့ ရူးရတော့မယ်ထင်တယ်၊ လေးမေတို့အိမ်ကလဲ ကိုကို့အပေါ် ဘယ်လိုသဘောထားမှန်း မသိရသေး၊



လေးမေနဲ့ကလဲ တစ်လမှ တစ်ခါလောက် တွေ့ရဆိုတော့။

လေးမေရဲ့ဓာတ်ပုံ မေမေ့ကို ပြလိုက်တယ်။ မေမေက လှတယ်လို့ ပြောတယ်။ ဖေဖေ့အတွက်တော့ မပူနဲ့၊ ဖေဖေက ကိုကိုတို့ကို လုံးဝလွတ်လပ်ခွင့် ပေးထားတာ။

မနေ့က အိမ်မှာ ကိုကို့အကြောင်း ဆွေးနွေးကြတယ်တဲ့။ လေးမေရဲ့ကွယ်ရာမှာ ပြောကြတာပါ။ အမေကတော့ အသောက်အစားနဲ့ လောင်းကစားကင်းရင် ပြီးတာပါပဲလို့ ပြောဖော်ရလာပြီ။ အဖေက ကိုကို ဘာအလုပ်လုပ်သလဲလို့ မေးတယ်တဲ့။ စာရေးဆရာလို့ မမကပဲ ပြောတော့ ဖေဖေက စာရေးဆရာဆိုရင်တော့ အသောက်အစားကင်းမယ် မထင်ဘူးလို့ ပြောတယ်။ မမကတော့ စာရေးဆရာတိုင်း သောက်တာ မဟုတ်ပါဘူးလို့ ပြောလိုက်ရတယ်တဲ့။ အခြေအနေကတော့ သိပ်မဆိုးပါလှဘူး။

အစ်မကြီးက ပြောတယ်။ ကိုကို အိမ်ကို လာလည်ပြီး အဖေတို့ အမေတို့နဲ့ စကားပြောကြည့်ပါလားတဲ့။ အဲဒါ တနင်္ဂနွေနေ့ကျရင်...

◆ ◆ ◆

လေးမေတို့ အဖေအမေနဲ့ စကားပြောနေတုန်းက ကိုကိုဖြင့် အသက်တောင် ပြင်းပြင်း မရှူရဲဘူး။ စကားပြောမှားသွားမလားလို့ပဲ စိုးရိမ်လိုက်ရတာ။ မဂ္ဂဇင်းအယ်ဒီတာဆီမှာ ကိုယ့်ဝတ္ထု ရွေး မရွေး သွားမေးရတာထက်တောင် ဖြုံဖို့ ကောင်းသေးတယ်။ ယောက္ခမလောင်းကြီးတွေက သဘောကောင်းလို့ တော်ပါသေးရဲ့။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရေ

အယ်ဒီတာက ကိုကို့ဝတ္ထုကို ရွေးလိုက်တယ်ဆိုရင် ကိုကို ဘယ်လိုနေမလဲ ဟင်။ ဘယ်က စပြောရမှန်းတောင် မသိဘူး။ ဒီလို ကိုကို။ အဖေက ပြောတယ်။ ကောင်လေးက မဆိုးပါဘူးတဲ့။ အမေကတော့ ကိုကို့ကို တော်တော်သဘော ကျသွားပုံရတယ်။

❖ ❖ ❖

လေးမေ

ကိုကို့ ဝတ္ထုစာအုပ်ရိုက်တဲ့ ပုံနှိပ်တိုက်ကို နေ့တိုင်းသွား နေရလို့ လေးမေဆီ မရောက်ဖြစ်တာပါ။ စနေနေ့ညနေ ပိုင်းလောက် လာဖြစ်မယ်။ လေးမေ အလုပ်စာမေးပွဲဖြေဖို့ လိုအပ်မယ့် စာအုပ်တွေ စာရင်းလုပ်ထားလေ။ ကိုကို ရှာပေး မှာပေါ့။ အိမ်ကိုလဲ ကြိုပြောထားပါဦး။ သီတင်းကျွတ်ဖို့က သိပ်မလိုတော့ဘူးနော်။

ကိုကို

❖ ❖ ❖

ကိုကို

ဈေးသွားရင်း ကိုကို့အိမ်ကို ဝင်လာခဲ့တာ။ ကိုကိုက အစောကြီး ထွက်သွားတာကိုး။ နက်ဖြန်ကျရင် မင်္ဂလာ ဆောင်မှာ ဝတ်ဖို့အဝတ်အစား သွားဝယ်ချင်တယ်။ လေးမေ ဘာသာ ဝယ်ရင်လဲ ရပါတယ်။ ဒါပေမယ့် ကိုကိုရွေးပေး တာကို ဝတ်ချင်လို့။

လေးမေ

❖ ❖ ❖



ကိုကို

သူ အိပ်ပျော်နေလို့ ရုံးသွားခါနီး နှုတ်တောင် ဆက် မသွားရဘူး။ နိုးဦးမလို့ဘဲ။ ညက ညဉ့်နက်တဲ့အထိ စာရေး ရလို့ အိပ်ရေးပျက်သွားမှာစိုးလို့ မနိုးတာ။

လေးမေ

❖ ❖ ❖

လေးမေ

သူငယ်ချင်းတစ်ယောက် နယ်ပြောင်းရမှာမို့ ညနေ ထမင်း စားပွဲ သွားရမယ်။ ကိုကို အိမ်ပြန်နောက်ကျမယ်နော်။ ညဉ့် နက်ရင်လဲ စိတ်မပူနဲ့။

ကိုကို

❖ ❖ ❖

ကိုကိုနိုးရင် စားဖို့ ပဲပြုတ်နံ့ပြား ကြောင်အိမ်ထဲမှာ ရှိတယ်။ လက်ဖက်ရည်ကိုနွေးပြီးမှ သောက်နော်။ ပရီနေ တယ်နဲ့ ဖျူရာမင် ကုန်တော့မယ်။ ဝယ်ခဲ့ဦး။

လေးမေ

❖ ❖ ❖

စားပွဲပေါ်က ရှမဝစာအုပ် ဘယ်ရောက်သွားသလဲ။ စည်းကမ်းကို မရှိဘူး၊ ပြန်ရှာထား။

❖ ❖ ❖

ကိုကို

မီးခြစ်အောက်ကျနေလို့ အံဆွဲထဲ ထည့်ထားခဲ့တယ်။ ဟိုတစ်ခါ ရှမဝစာအုပ်တုန်းကလို သူ့ဟာသူ ပေါင်းအုံး

www.burmeseclassic.com

www.burmeseclassic.com



အောက် ထည့်ထားတာမေ့ပြီး သူများကို ဆူမနေနဲ့ဦး။ ညနေ ရှောက်ချိုသီး ဝယ်ခဲ့ပါ။

လေးမေ

◆ ◆ ◆

မနက် ခုနစ်နာရီ နိုးပါ၊ သွားစရာ ရှိတယ်။

ကိုကို

◆ ◆ ◆

နေ့လယ်ကျရင် ဒပ်ဖရင်မှာ ဓာတ်မှန်သွားရှေးဖို့ မမေ့နဲ့နော်။ ညနေ ဆေးခန်းကျရင် ပြရမယ်။ ဓာတ်မှန်ကြည့်ပြီးမှ ဗိုက်ခွဲမွေးရမလား၊ ရိုးရိုးပဲမွေးရမလား သိရမှာတဲ့။ ညနေ ငါးနာရီဆေးခန်းရှေ့က စောင့်နေပါ။

◆ ◆ ◆

လေးမေ

ထမင်းပို့ချိန်မှာ ဆေးရုံထဲ မဝင်ရဘူးဆိုလို့ ထမင်းချိုင့်ပဲ ပေးလိုက်တယ်။ ငါးရှူကြော်နဲ့ စွပ်ပြုတ် အမေချက်ပေးလိုက်တယ်။ ညနေ ကြက်သားပေါင်း ယူခဲ့မယ်။ ဗိုက်ခွဲထားတဲ့ နေရာက နာသေးလား။ ကလေးကော နေကောင်းရဲ့လား။ မှာစရာရှိရင် ဆရာမကို စာပြန်ရေးပေးလိုက်ပါ။

ကိုကို

◆ ◆ ◆

ကိုကို

သမီးကို ဒီနေ့ နို့စတိုက်ရတယ်။ သမီးဆံပင်တွေက သိပ်သန်တာပဲ၊ ကိုကိုနဲ့တူရင်တော့ နည်းနည်း အသားညို့



မလား မသိဘူးနော်။ ညတုန်းက ကောင်းကောင်းမအိပ်ရဘူး။ အနာ က နာလို့။ ဆရာမ ပေးတဲ့ ဆေးနှစ်ပြား သောက်လိုက်မှ သက်သာသွားတယ်။ ခုတော့ မနာတော့ပါဘူး။ ညနေ ဧည့်သည်ချိန်ကျမှ သမီးကို အားရအောင် ကြည့်တော့။ ကလေးအနှီး နှစ်ထည် သုံးထည်လောက် ထပ်ယူခဲ့ပါ။ ပြီးတော့ ထွေးခံနဲ့ ထဘီဟောင်းနှစ်ထည်လောက်လဲ ထည့်ခဲ့ပါ။


ညည အိပ်ပျက်မခံနဲ့။ စောစောအိပ်ပါ။ သမီးမွေးတဲ့ အထိမ်းအမှတ်ဆိုပြီး သူငယ်ချင်းတွေနဲ့ ညတိုင်း အောင်ပွဲခံ မနေနဲ့ဦးနော်။

လေးမေ

(သဘင်မဂ္ဂဇင်း၊ ၁၉၈၄၊ နိုဝင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com




## အချစ်ကို ပြုပြင်မွမ်းမံခြင်း

သူငယ်ချင်းသုံးယောက်တို့သည် ဈေးရှေ့က လက်ဖက်ရည်ဆိုင်မှာ ကြရန်ချိန်းထားသည်။နှစ်ယောက်ကတော့ ရောက်နေပြီ။တစ်ယောက် ရောက်မလာသေးချေ။ အေးသိန်းသည် အလွန်နှေးကွေးလေးလံသူ သဖြင့် ချိန်းသည့်အခါတိုင်း နောက်ကျလေ့ရှိသည်။ ဒါကို သန်းဝင်းနှင့် းအောင်တို့က သိပြီးဖြစ်၍ သိပ်အရေးစိုက်မနေတော့။ ပြီးတော့လည်း အေးသိန်းမလာခင် သူတို့နှစ်ယောက် အေးသိန်းအကြောင်းပြောဖို့ အချိန် သည် မဟုတ်လား။

သူတို့သုံးယောက်က ဒီလိုပါပဲ၊ နှစ်ယောက်တွေ့လျှင် ကျန်တစ် ယောက်အကြောင်း ပြောကြသည်။ အတင်းအဖျင်းအနေဖြင့် ပြောခြင်း တော့မဟုတ်။ ဟိုကောင်က ဘာတွေလုပ်နေသည်။ သူ လုပ်တာ ဘယ် နေရာမှာ မှန်၍ ဘယ်နေရာမှာ မှားသည် စသည်ဖြင့် ဝေဖန်ကြခြင်းဖြစ် သည်။ သုံးယောက်ဆုံမိကြလျှင် နှစ်ယောက်ကတစ်ဖက် ကျန်တစ် ယောက်က တစ်ဖက်ဖြစ်သွားပြီး ထိုတစ်ယောက်ကို ဝိုင်း၍ တိုက်ခိုက် ကြသည်။ ထုံးစံမှာ တစ်နေရာရာတွင် ချိန်းဆိုပြီး အရင်ရောက်သူနှစ် ယောက်ကတွဲမိကာ နောက်ကျသူကို ဝိုင်းတွယ်တတ်သည်။ အေးသိန်း သည် အမြဲနောက်ကျသူဖြစ်၍ သူချည်းခံရတာများ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လည်း သူ့ကို စောင့်ရင်း သူ့အကြောင်းပြောကြသည်။ စန်းအောင်က...

'ဟိုကောင့်ကို နည်းနည်းတော့ သတိပေးမှဖြစ်မယ်ကွ'

ဟု စကားစသည်။ သန်းဝင်းက ဘာဖြစ်လို့လဲ မေးသည်။

'အေးသိန်းက နည်းနည်းဖောက်ပြန်ချင်သလို ဖြစ်နေတယ်ကွ'

'ဘယ်လိုဖောက်ပြန်တာလဲ'

'ဒီကောင် ခုတစ်လော စီးပွားရေး အဆင်ပြေနေတာ မင်းသိတယ် မဟုတ်လား'

'သိသားပဲ၊ ဒါကောင်းတာပေါ့ကွ၊ အေးသိန်းကို ငါတို့အမြဲတမ်း အဲဒီကိစ္စကို တိုက်တွန်းနေတာပဲ မဟုတ်လား'

အေးသိန်းသည် အလုပ်ကို အားကြိုးမာန်တက် မလုပ်တတ်ချေ။ အပျင်းကြီးတာတော့ မဟုတ်။ ပင်ကိုကကို အေးအေးဆေးဆေးနေတတ်လေသည်။ ဒါကို သန်းဝင်းနှင့် စန်းအောင်တို့က လုံ့လဝီရိယနည်းသည်ဟု အပြစ်တင်ချင်သည်။ သူကတော့ သူ့မူအတိုင်းပင် သန့်သန့်ရှင်းရှင်း ရတဲ့ ငွေကိုပဲ တန်ဖိုးထားတယ်ဆိုပြီး ဆပ်ပြာစက်ရုံမှရသည့် လခဖြင့်သာ ကျေနပ်ရောင့်ရဲနေ၏။ သို့ရာတွင် သူက ကံတော့ ကောင်းသည်။ သူ့ အဖေဘက်ကအဘိုး ကွယ်လွန်သွားရာ အမွေနှစ်သောင်းလောက် ရ လိုက်သည်။

'အေးလေ...ဒီကောင် ချောင်ချောင်လည်လည် ဖြစ်သွားတာပေါ့။ တစ်ခုခု ရင်းနှီးလုပ်ကိုင်စားလို့တောင် ရတယ်'

သန်းဝင်းက ပြောရာ စန်းအောင်က...

'အဲဒါဆို တော်သေးတာပေါ့ကွ၊ ခုတော့ ဒီကောင် တစ်မျိုးဖြစ်နေတယ်၊ အရင်ကနဲ့ မတူတော့ဘူး'

'ဘဝင်မြင့်သွားလို့လား'

'မဟုတ်ပါဘူး၊ ဒီကောင် ဒီလောက် ဘယ်ကြောင်ပါ့မလဲ၊ ငါ ပြောချင်တာက ခုတစ်လော ဒီကောင် အချိုးတွေ ပြောင်းနေတာကို ဆိုလိုတာ၊ ဒီကောင်လာတော့ မင်းကြည့်၊ အရင်ပုံစံနဲ့ တူသေးရဲ့လားလို့၊ အဝတ်အစားတွေက အရမ်းသားနားနေတယ်'

'အဲဒါ ဘာဖြစ်သလဲကွ။ သူ့မှာ ပိုက်ဆံ ရှိလို့ဝတ်တာပဲ'

'ဒါတင်မကသေးဘူး၊ တစ်ပတ်တစ်ခါလောက် ဟိုတယ်တက်ပြီး ဝီစကီသောက်မယ်လို့ ပြောနေတယ်'

'အလကားပါ၊ ဒီကောင် သက်သက်လျှောက်နှောက်နေတာ ဖြစ်မှာပါ'

'ဒါဆို မင်းကို ငါ တစ်ခုထပ်ပြောပြဦးမယ်၊ ဒီကောင်က ငါ့ကို မေးတယ်၊ စားပွဲထိုး ကောင်မလေးတွေရှိတဲ့ဆိုင်တွေ အခု ရှိသေးလားတဲ့၊ နောက်ပြီး အခုတလော ဒီကောင် အိမ်သိပ်မကပ်ဘူးလို့လဲ ကြားတယ်၊ ဒီကောင် နည်းနည်း ခြေရှုပ်ချင်နေပြီကွ'

သန်းဝင်းက စိတ်ဝင်စားလာသည်။ စန်းအောင်က ဆက်ပြော၏။

'ဟိုတစ်ခါကလဲ ငါ့ကို ပြောဖူးတယ်၊ သူ့မိန်းမက ဒုတိယကလေး မွေးပြီး နောက်ပိုင်း တော်တော်အိုစာသွားတယ်တဲ့'

'အဲဒီတော့ မင်းက ဘယ်လိုထင်လဲ'

'ခု ...ငါပြောခဲ့တာတွေကို ဆက်စပ်တွေးကြည့်စမ်း၊ ဒီကောင် အိမ် အပြင်မှာ သာယာမှုရှာတော့မယ်ကွ၊ အခွင့်အရေးရရင် အငယ်အနှောင်း ထားတာတွေဘာတွေ လုပ်တော့မယ်'

'ဟာ...ဒီလောက်တော့ ဖြစ်မယ်မထင်ပါဘူး၊ နည်းနည်းပါးပါး ပျော်ရုံ ပါးရုံလောက်ပဲ ဖြစ်ချင်ဖြစ်မှာပါ'

'မပြောနိုင်ဘူးလေ၊ ဒီကောင့်အကြောင်း မင်းလဲ သိသားပဲ၊ တစ်ခါ တစ်ခါ စိတ်ကူးတည့်ရာ လျှောက်လုပ်တတ်တယ်ကွ'

❖ ❖ ❖

သူတို့သုံးယောက်သည် သူငယ်ချင်းများ ဖြစ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် ပြောမနာ ဆိုမနာ၊ သိပ်ခင်ကြ၏၊ အထက်တန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



မှာကတည်းက တစ်ခုံတည်း အတူတူထိုင်ကြသည်။ တက္ကသိုလ်ရောက်၍ ဘာသာရပ်ချင်းကွဲပြားသွားသည့်တိုင် အားလပ်သည့်အချိန်တိုင်း တတွဲတွဲ ရှိနေမြဲဖြစ်သည်။ ဘွဲ့ရပြီးအလုပ်အကိုင် အဆင်မပြေမီစပ်ကြားမှာ နေ့တိုင်းလိုလို တွေ့ကြသည်။ အလုပ်တွေရ၊ အိမ်ထောင်တွေ ကျပြီးတော့လည်း အရင်ကလောက် မဆုံဖြစ်တာတောင် တစ်ပတ်တစ်ရက်တော့ မဖြစ်ဖြစ်ဖြစ်အောင် တွေ့ကြသည်။ ကလေးတွေရပြီးတော့မှ အတွေ့ကျဲသွားကြခြင်းဖြစ်သည်။ ဒါတောင် အချိန်ရသလောက်မှာ တကူးတကန့် ဆုံပြီး တစ်နေ့လုံး တစ်ခါတလေ ညဉ့်နက်သန်းခေါင်ထိ စကားတွေ ထိုင်ပြောဖြစ်ကြသေးသည်။

တက္ကသိုလ်မှာတုန်းက ရည်းစားရကြတော့လည်း ပြိုင်တူလိုလိုပင် ဖြစ်သည်။ အေးသိန်းက မြင့်မြင့်သောင်းကို လိုက်သည်။ ထိုအခါ ကျန်နှစ်ကောင်ကလည်း အားကျမခံဘဲ သန်းဝင်းက ခင်ခင်မော်ကိုလည်းကောင်း၊ စန်းအောင်က မူမူလင်းကိုလည်းကောင်း ကြံစည်ကြိုးစားကြလေတော့သည်။

သုံးယောက်စလုံးမှာ ခပ်သည်းသည်းသမားတွေ ဖြစ်သည်။ မိန်းကလေးတို့၏ အချစ်ကိုရရန် အပြင်းအထန် ကြိုးစားကြသည်။ ရပြီးတော့လည်း ဘေးလူတွေ အမြင်ကတ်စရာကောင်းလောက်အောင် ဂရုစိုက်ကြသည်။

အေးသိန်းက အကဲဆုံးဖြစ်သည်။ မြင့်မြင့်သောင်းကို စလိုက်သည့်နေ့ကစပြီး နေ့တိုင်း စာတစ်စောင်၊ တစ်စောင်ပေးသည်။ ကြာတော့လည်း ဘာရေးရမှန်း မသိတော့။ ဥပမာပေးပြီး တင်စားစရာလည်း ကုန်ပြီ။ ဘယ်လောက် ချစ်ကြောင်း ဘယ်လောက် ခံစားနေရကြောင်းတွေလည်း ထပ်နေပြီ။ ဒီတော့ သူငယ်ချင်းတွေဆီ အကူအညီတောင်းရသည်။ သန်းဝင်းနှင့် စန်းအောင်တို့က စာတစ်စောင်လျှင် လက်ဖက်ရည်တစ်ခွက်နှုန်းဖြင့် တစ်လှည့်စီ ရေးပေးကြသည်။



အမှန်မှာ ဟိုနှစ်ကောင် လူလည်ကျခြင်း ဖြစ်သည်။ သူတို့၏ ကောင်မလေးတွေဖြစ်သော ခင်ခင်မော်နှင့် မူမူလင်းတို့ဆီရေးသော စာများ၏ မိတ္တူကို အေးသိန်းအားပေးပြီး အကြံအဖန် လုပ်ခြင်းပင်။

အေးသိန်း၏ စိတ်ကူးကား မြင့်မြင့်သောင်းအနေဖြင့် သူ့တစ်ယောက်တည်းအပေါ်မှာသာ အာရုံစူးစိုက်မှု ရှိနေစေရန် နေ့စဉ်စာတစ်စောင်ကျပေးနေခြင်း ဖြစ်သည်။ သို့ရာတွင် မြင့်မြင့်သောင်းက သူထင်သလိုမဟုတ်။ တစ်နေ့ စာတစ်စောင်ပေး၊ နားပူနားဆာလုပ်သဖြင့် အနှောင့်အယှက်ပေးသည်ဟု ထင်သည်။ ထို့ကြောင့် တစ်ခါတွင် 'ရှင့်ကို လုံးဝစိတ်မဝင်စားဘူး' ဟု ပြောလွှတ်လိုက်သည်။

အေးသိန်းသည် သူငယ်ချင်းနှစ်ယောက်ကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုရှာလေတော့သတည်း။

စန်းအောင် နှင့် သန်းဝင်းတို့က ထိုသတင်းကို မြင့်မြင့်သောင်းဆီရောက်အောင် ပို့သည်။ နည်းနည်း ပိုပိုသာသာကလေး လုပ်လွှတ်လိုက်၏။ ထိုအခါ မြင့်မြင့်သောင်းလည်း ငါမကယ် သေဖွယ်ရာသာ ရှိတော့သည်ဆိုပြီး အေးသိန်း၏အချစ်ကို လက်ခံလိုက်လေသည်။

ချစ်သူဘဝရောက်ပြီဆိုတော့လည်း အေးသိန်းက သူများထက် ပိုကဲသည်။ ကဲသည်ဆိုရာတွင် အကြင်နာ အယုအယကိုသာ ဆိုလိုခြင်းဖြစ်၏။ သူ့ မြင့်မြင့်သောင်းအပေါ် ချစ်သော အချစ်သည် ရိုးသားသန့်စင်ကြောင်းပြသည့်အနေဖြင့် နှစ်ယောက်အတူ ထိုင်သောအခါ ကပ်မထိုင်၊ တစ်ထွာလောက် ခွာပြီး ထိုင်သည်။ နှုတ်ခမ်းမဆိုထားနှင့် ပါးကိုနမ်းလျှင်ပင် ရိုင်းသည်ဆိုပြီး ဆံပင်ကလေးကိုသာ နမ်းသည်။ မြင့်မြင့်သောင်း လမ်းလျှောက်သွားလျှင် နောက်ကနေ ဘယ်တော့မှ မကြည့်။ သူ၏ သန့်ရှင်းဖြူစင်သော အချစ် ညစ်ညမ်းသွားမှာ စိုးသောကြောင့် ဟူ၏။

လက်ထပ်ပြီးကြသောအခါမှာလည်း ဒီကောင် တော်တော်ပိုသည်။ မိန်းမကို ချေးလွှတ်လျှင် သူများတွေ ဝိုင်းကြည့်မှာစိုးလို့ပြီး သူကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင် ရေးသွားသည်။ မြေမွေးလက်မွေး မီးလောင်မှာ စိုးလို့ဆိုပြီး သူကိုယ်တိုင် ထမင်းချက်သည်။ သားဦးကလေး မွေးသောအခါတွင် မြင့်မြင့်သောင်းတစ်ကိုယ်လုံး သူကိုယ်တိုင် နနွင်းလိမ်းပေးသည့်အကြောင်း သတင်းစာထဲ မထည့်ရုံတစ်မည် လျှောက်ကြွားသည်။

ဒီလောက် မိန်းမကိုချစ်ပြီး ကြင်နာယုယသူတစ်ယောက်က အပြင်မှာ ရှုပ်ရှုပ်ပွေပွေလုပ်ဖို့ ကြံစည်နေသည်ဆိုသောစကားကို သန်းဝင်းက မယုံနိုင်အောင် ဖြစ်နေသည်။ စန်းအောင်သည် သူ့ထုံးစံအတိုင်းတစ်ခါတစ်ခါ အစိုးရိမ်ကြီးတတ်တာမျိုး ဖြစ်မှာပါဟု သန်းဝင်းတွက်လိုက်သည်။

◆ ◆ ◆

လက်ဖက်ရည်ဆိုင်သို့ အေးသိန်းရောက်သောအခါမှာတော့ စန်းအောင် ပြောတာ ဟုတ်များနေမလားဟု သန်းဝင်းထင်လိုက်မိပြန်သည်။ အကြောင်းမှာ ခါတိုင်း ခပ်စုတ်စုတ်နုပ်နုပ်နေလေ့ရှိသော အေးသိန်းမှာ တော်တော်သားသားနားနား ဖြစ်နေသည်ကို တွေ့ရသောကြောင့်ပင်။ နိုင်ငံခြားဖြစ် အကောင်းစားစပို့ရှပ်၊ ဝက်ဝံတက်ထရက်ပုဆိုးတို့ကို ဝတ်ပြီး ကတ္တီပါဖိနပ် အသစ်စက်စက် စီးထားသည်။ လက်မှာက စီကိုကွပ်ဖ်နာရီနှင့်။ ပြီးတော့ မျက်နှာမှာလည်း စနိုးလို နေဗီယားခရင်လိုဟာမျိုး လိမ်းထားသည်ထင်၏။

သူ စားပွဲမှာ ဝင်ထိုင်လိုက်သောအခါ ရေမွှေးနံ့သင်းခနဲ ထွက်လာသည်။ စန်းအောင်က သန်းဝင်းကို 'ငါပြောတယ် မဟုတ်လား' ဆိုသောအကြည့်ဖြင့် ကြည့်သည်။ သန်းဝင်းက...

'မင်း တယ်သားနားနေပါလား'

ဟု ပြော၏။ အေးသိန်းက...

'ဒီလိုပေါ့ကွာ'

'မင်း ငါတို့ကို ပြောစရာရှိတယ်ဆိုပြီး ချိန်းတာ ဘာအတွက်လဲ'

'ပြောမှာပေါ့ကွာ ဖြည်းဖြည်းပေါ့'



ဆိုပြီး အေးသိန်းက နက်စ်ကော်ဖီတစ်ခွက် မှာလိုက်သည်။ ဒူးယားဘူးနှင့် ဂက်စ်မီးခြစ်ကို စားပွဲပေါ်တင်သည်။ ပြီးမှ...

'ငါ မင်းတို့ကို တိုင်ပင်စရာရှိလို့'

'ဘာကိစ္စလဲ'

'အိမ်ထောင်ရေး ဆိုပါတော့ကွာ'

သူ ဆက်ပြောဖို့ ခက်နေပုံရသည်။ နက်စ်ကော်ဖီ တစ်ငုံနှစ်ငုံ သောက်ပြီး ဒူးယားတစ်လိပ် မီးညှိသည်။ သန်းဝင်းက မစောင့်နိုင်တော့ဘဲ ဝင်မေးသည်။

'မင်းနဲ့ မြင့်မြင့်သောင်း ဘာတွေ ပြဿနာတက်နေလို့လဲ'

'ပြဿနာရယ်လို့တော့ မဟုတ်ပါဘူး၊ အင်း...ပြောရမှာ ခက်တော့ အခက်သားပဲ'

စန်းအောင် စိတ်မရှည်တော့ဘဲ...

'ဒီမှာ အေးသိန်း။ ငါတို့ သုံးယောက်ဟာ ငယ်ငယ်ကတည်းကတွဲလာခဲ့ကြတဲ့ သူငယ်ချင်းတွေပဲ၊ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောလိုက်၊ အခက်အခဲရှိရင် ဝိုင်းပြီး အဖြေရှာကြရုံပဲ'

ဟု ပြောလိုက်တော့မှ အေးသိန်းက စကားဆက်သည်။

'ဒီလိုကွာ၊ ခုနောက်ပိုင်း ငါ့မိန်းမ ဘယ်လို ဖြစ်နေတယ်ဆိုတာ မင်းတို့ သိတယ်မဟုတ်လား'

'ဘာဖြစ်လို့လဲ၊ ဘာမှ မဖြစ်ပါဘူး'

သန်းဝင်းက ဝင်ပြောသည်။ အေးသိန်းက ခေါင်းခါပြီး...

'စိတ်ပိုင်းဆိုင်ရာကတော့ ဘာမှ မဖြစ်ပါဘူး။ ရုပ်ပိုင်းဆိုင်ရာကတော့ တော်တော်ကို ကျသွားတယ်'

ကျန်နှစ်ယောက်က ဘာမျှ မပြောကြသော်လည်း စိတ်ထဲကတော့ အေးသိန်းစကားကို ထောက်ခံမိသည်။ မြင့်မြင့်သောင်းသည် ကျောင်းမှာတုန်းကတော့ အချောအလှ စာရင်းဝင်တစ်ယောက် ဖြစ်သည်။ အေးသိန်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



က နွားကြီးမို့ ရှုတိုင်းယဉ်ဟု တင်စားတတ်သည်။ ကလေးတစ်ယောက် ရပြီးကတည်းက သူ့ကိုယ်သူ မိန်းမကြီးတစ်ယောက်ပုံ ဖမ်းလာသည်။ အဝတ်အစား သပ်သပ်ရပ်ရပ် မဝတ်တော့။ ပြင်ဆင်ခြယ်သမှုလည်း မရှိတော့ဘဲ ဖြစ်သလိုနေနေသဖြင့် ခုအခါ အသက်သုံးဆယ်ပြည့်ရုံသာ ရှိသေးသော်လည်း လေးဆယ်အရွယ် မိန်းမကြီးတစ်ယောက်လိုဖြစ်နေသည်။

'အဲဒါ ဘာဖြစ်သလဲ'

ဟု စန်းအောင်က စကားထောက်သည်။

'ဘာဖြစ်ရမလဲကွာ၊ တစ်ခါတစ်ခါ သူ့ကို ငါ စိတ်ကုန်သလိုဖြစ်ဖြစ်လာတယ်'

'ဘာကွ၊ မင်းပဲ အစကတော့ သူ့ကို မရရင် သေရပါတော့မယ်ဆိုပြီး ဖျပ်ဖျပ်လူး ဖြစ်နေပြီးတော့'

'အရင်ကဟာကို ထားပါကွာ'

'ထားလို့ ဘယ်ရမလဲ၊ လူဆိုတာ တဖြည်းဖြည်း အသက်ကြီးလာရတာပဲ၊ ရွှေရုပ်ကလေး တစ်ရုပ်လိုတော့ အမြဲတမ်း ပျိုမျစ်နုနယ်နေပါ့မလား'

သန်းဝင်းက ပြောရာ စန်းအောင်က ထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြီး...

'မင်း သူ့ကို မချစ်တော့ဘူးလား'

ဟု မေးသည်။ အေးသိန်းက...

'မချစ်တော့ဘူးရယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ၊ စိတ်ဝင်စားမှု လျော့နည်းလာတာကို ပြောတာ'

'အဓိပ္ပါယ်မရှိတာ၊ ဒါ မင်း ဖောက်ပြန်ချင်တာပဲ'

အေးသိန်းက ပြုံး၍...

'မင်းတို့က ငါ့ကိုသာ အပြစ်ပြောချင်နေတာကိုး၊ မင်းတို့ကော မင်းတို့မိန်းမတွေအပေါ်မှာ အရင်ကလောက် စွဲလမ်းတပ်မက်မှု ရှိသေးရဲ့လား'



သန်းဝင်းနှင့်စန်းအောင် တွေသွားသည်။

သန်းဝင်း၏မိန်းမ ခင်ခင်မော်သည် အပျိုတုန်းက သွယ်သွယ်ကလေး ဖြစ်သည်။ ငါးရံ့ကိုယ်လုံးမဟုတ်သည့်တိုင် ငါးပနော်ကိုယ်လုံးမျိုးလောက်တော့ ရှိသည်။ မျက်နှာကလေးက ချစ်စရာလေး။ နောက်ပိုင်းကျတော့ မီးယပ်ရောဂါလိုလို ဘာလိုလိုဖြစ်ပြီး ငါးဖောင်ရိုးခြောက်ကို ကျပ်တင်ထားသလို ဖြစ်နေသည်။

စန်းအောင်သည် သူ့မိန်းမ မူမူလင်း၏ ကိုယ်လုံးကိုယ်ပေါက် အချိုးအစား ပြေပြစ်ပုံကို အလွန် ဂုဏ်ယူသူဖြစ်သည်။ အပျိုတုန်းက ခါးသေးသေး တင်ကားကားနှင့် ကြည့်ကောင်းလှသည်။ ကလေးတစ်ယောက်ရပြီးကတည်းက တဖြည်းဖြည်း ပေါင်ချိန်တွေတိုးလာခဲ့ရာ ခုအခါတွင် သူငယ်ချင်းတွေက 'ဝက်ပုပ်ကို လေထိုးထားသလိုပဲ'ဟု အမနာပပြောဆိုခြင်းကို ခံနေရလေပြီ။

သန်းဝင်းနှင့် စန်းအောင် သူတို့မိန်းမများ၏ လက်ရှိအခြေအနေကို မြင်ယောင်ရင်း ငေးငိုင်နေကြသည်ကို ကြည့်၍ အေးသိန်းက ခပ်သဲ့သဲ့ရယ်ပြီး...

'ဘယ်လိုလဲ ဟေ့ကောင်တွေ၊ ငါပြောတာ ဟုတ်တယ် မဟုတ်လား၊ မင်းတို့လဲ ငါ့လိုပဲ မင်းတို့မိန်းမတွေအပေါ်မှာ စိတ်ကုန်သလို ဖြစ်နေတယ် မဟုတ်လား'

'မဆိုင်ပါဘူးကွာ၊ အပျိုတုန်းကလိုတော့ ဘယ်ဟုတ်တော့မလဲ'

ဟု သန်းဝင်းက အကြောက်အကန် ငြင်းသည်။ လေသံကတော့ သိပ်တက်တက်ကြွကြွ မရှိတော့။ စန်းအောင်က အေးသိန်းကို ခပ်တည်တည်ကြည့်ပြီး...

'ဘာလဲ ဟေ့ကောင်၊ မင်းက ငါတို့ကို မယားငယ်ယူဖို့ လာစည်းရုံးနေတာလား'

'ဟာ...ဒီလောက်တော့ မဟုတ်သေးပါဘူးလေ'

သန်းဝင်းကလည်း...

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် အပြင်မှာ အပျော်အပါး လိုက်စားဖို့ ဆွယ်နေတာလား၊ ငါတော့ အဲဒါတွေ လုံးဝ ဝါသနာမပါဘူး၊ ဒီလိုကိစ္စဆိုတာ ငွေကုန်ကြေးကျခံနိုင်မှ၊ ပြီးတော့ ကျန်းမာရေးလဲ ထိခိုက်တယ်၊ အခုဖြစ်နေတဲ့ ရောဂါက ကူးပြီဆိုရင် ကုလို့မရဘူး'

အေးသိန်းက လက်ဖျောက်တစ်ချက်တီး၍ ...

'ဟုတ်ပြီ၊ ဒီတော့ ငါတို့ ဘာလုပ်စရာရှိတော့လဲ၊ ကိုယ့်မိန်းမတွေဆီပဲ ပြန်လှည့်ကြရတော့မှာ မဟုတ်လား၊ ခက်တာက ငါတို့ မိန်းမတွေကလဲ အရင်ကလို မက်မောစရာမကောင်းလှတော့ဘူး၊ ဘယ်လိုလုပ်ကြမလဲ'

'ဘာတတ်နိုင်မှာလဲကွာ'

ဟု ကျန်နှစ်ယောက်က လေပျော့ကလေးတွေဖြင့် ပြောသည်။ အေးသိန်းက...

'ဒါ အကြံတစ်ခု ရထားတယ်ကွ၊ တကယ်လို့ ငါတို့မယားငယ်ယူမယ်၊ အပျော်အပါးလိုက်စားမယ်ဆိုရင် အန္တရာယ်လဲ မကင်းဘူး၊ ငွေလဲကုန်မယ်၊ ဒီတော့ ဒီလိုလုပ်ကြရင် မကောင်းဘူးလား'

စန်းအောင်နှင့် သန်းဝင်း ခေါင်းထောင် ကြည့်သည်။ အေးသိန်းက ဆက်ပြော၏။

'တခြားမှာ အပျော်အပါးလိုက်စားလို့ ကုန်မယ့်ငွေကို ကိုယ့်မိန်းမတွေအတွက် ပြန်သုံးမယ်ကွာ၊ သူတို့တွေကို ပြန်ပြီးနုပျိုလာအောင် ကြိုးစားကြည့်ရအောင်၊ ငါတို့အတွက် ငါတို့မိန်းမတွေသာလျှင် အသင့်တော်ဆုံး မဟုတ်လားကွ၊ အဲဒါကို တိုင်ပင်ချင်လို့ မင်းတို့ကို ချိန်းတာပဲ'

စန်းအောင်နှင့်သန်းဝင်းတို့သည် စဉ်းစားသလိုလုပ်နေရာမှ တဖြည်းဖြည်း ပြုံးလာသည်။

'ကောင်းတယ်ကွ' ဟု ပြိုင်တူပြောသည်။

❖ ❖ ❖



ထိုနေ့မှစ၍

အေးသိန်းသည် မြင့်မြင့်သောင်းကို အဝတ်အစားအ သစ်တွေ ဝယ်ပေးသည်။ ဆံပင်ကောက်ခိုင်းသည်။ နှုတ်ခမ်းနီတွေ မိတ်ကပ်တွေ ခြယ်သ စေသည်။

သန်းဝင်းက ခင်ခင်မော်ကို အားဆေးတွေ ကျွေးသည်။ ကြက်ဥတွေ၊ နွားနို့တွေ၊ အသီးအနှံတွေ အာဟာရဖြစ်အောင် ကျွေးသည်။ ရေမြှုပ်ခံထားသော ဘရာစီယာ၊ အောက်ခံဘောင်းဘီတို့ဖြင့် ကျားကန်ပေးသည်။

စန်းအောင်က မှုမှုလင်းအတွက် ကော့ဆက် ဗိုက်ချပ်ဘောင်းဘီ၊ ပိန်ဆေး စသည်တို့ ဝယ်ပေးသည်။ ကိုယ်ကာယ အလှသင်တန်းတက်ခိုင်းသည်။

ယင်းတို့အတွက် ကုန်ကျငွေများကို 'အချစ်ပြန်လည် ပြုပြင်မွမ်းမံရေး အထူးအရေးပေါ်ရန်ပုံငွေ' ဟု ခေါ်ကြလေသည်။

(ကလျာ၊ ၁၉၈၆၊ ဇန်နဝါရီ)

www.burmeseclassic.com

www.burmeseclassic.com



## အချစ်ဓါတ်စနေတာ

အိပ်ရာကနိုးရင် ဘာလုပ်သလဲတဲ့ ဟုတ်လား။

တော်တော်ကောင်းတဲ့မေးခွန်းပဲ။

ဘာလုပ်ရမှာလဲ။ အိပ်ရာကနိုးရင် မျက်နှာသစ်ပြီး သွားတိုက်တာပေါ့။ မျက်နှာသစ်ပြီး သွားတိုက်တာနော်။ သွားတိုက်ပြီး မျက်နှာသစ်တာမဟုတ်ဘူး။ ဘာကွာခြားသလဲ။ လူတော်တော်များများဟာ သွားကိုအရင်တိုက်ပြီးမှ မျက်နှာသစ်လေ့ရှိတယ်။ အဲဒါ မကောင်းဘူးတဲ့။ ကြားဖူးတာပဲ။

သွားတွေဟာ တစ်ညလုံး ပါးစပ်ထဲမှာ နေနေရတယ်လေ။ အဲ... သွားဆိုတာ ပါးစပ်ထဲမှာ အမြဲနေရတာ မဆန်းပါဘူး။ ထားပါတော့။

အဲဒီလို ပါးစပ်ထဲမှာ နေနေရတော့ မနက်အိပ်ရာထတဲ့အခါ သွားမှာ အနွေးဓာတ်ရှိနေတယ်။ ဒါကို ချက်ချင်းရေအေးနဲ့ထိရင် သွားမြန်မြန်ကျိုးတတ်ပဲ့တတ်တယ်လို့ ကြားဖူးတယ်။

ဒီတော့ ပထမဆုံး မပူမအေး ခပ်နွေးနွေးရှိတဲ့ရေနဲ့ မျက်နှာကိုအရင်သစ်ရတယ်။

အပူအအေး မျှတသွားပြီဆိုတော့မှ သွားတိုက်၊ ဒါမှ သွားတွေ နိုင်ပြီး လှမှာ။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုသုတ်တဲ့အခါမှာလည်း အရမ်းမပွတ်ဘူး။ အမွေးပွပွ မျက်နှာသုတ်ပဝါနဲ့ ဖွဖွလေးဖိပြီး သုတ်တယ်။ အပေါ်ကနေ အောက်ကိုဆွဲချပြီး မသုတ်ဘဲ ပါးနှစ်ဘက်ကို ပင့်ပင့်ပြီး သုတ်တယ်။ ပါးရေမတွန့်အောင် ကာကွယ်တဲ့နည်းပေါ့။

ဟုတ်ကဲ့...သမီးအကြောက်ဆုံးကတော့ အရုပ်ဆိုးမှာကိုပါပဲ။

သွားတွေကျိုးမှာကြောက်တယ်။ဆံပင်ဖြူမှာ ကြောက်တယ်။မျက်စိမှုန်မှာ ကြောက်တယ်။ မျက်မှန်ကို အမုန်းဆုံးပဲ။ မျက်မှန်သမား တွေဟာ မျက်မှန်ကိုချွတ်လိုက်ရင် သိပ်အကြည့်ရဆိုးလို့၊ သမီးတို့အဒေါ် အန့်တီဝင်းဆိုရင် မျက်မှန်တပ်ထားတဲ့အခါ ကြည့်ပျော်ရှုပျော်ရှိပေမယ့် မျက်မှန်ချွတ်ထားတဲ့အခါ မျက်ခွံကြီးတွေမို့အစ်ပြီး သိပ်အရုပ်ဆိုးတာပဲ။

မျက်နှာသစ်ပြီးပြီးချင်း မျက်နှာကို ဘာမှမလိမ်း ဒီအတိုင်းထားတယ်။ ဘာကြောင့်ဆိုပြီးရင် မိတ်ကပ်တွေဘာတွေလိမ်းပြီး တစ်နေ့လုံးနေရတော့မှာ မဟုတ်လား။ ဒါကြောင့် မျက်နှာကို ခဏလောက် လွတ်လွတ်လပ်လပ် နေခွင့်ပြုထားတာ။

ရေတစ်ခွက်သောက်ပြီးတော့ လေ့ကျင့်ခန်းလုပ်တယ်။ ကက်ဆက်ရှိကော်ဒါနဲ့ လေ့ကျင့်တဲ့နည်းပေါ့။ ကက်ဆက်ထဲက ထွက်ပေါ်လာတဲ့ လေ့ကျင့်နည်းနဲ့ အမှတ်စဉ်ရွတ်ဆိုပေးတဲ့အသံအတိုင်း လိုက်လုပ်ရတာလေ။

နာရီဝက်ကြာတယ်။ အံကိုက်ပါပဲ။ လေ့ကျင့်ခန်းလုပ်ပြီးတဲ့အချိန်မှာပဲ (ကန်တော့နော်) အိမ်သာတက်ချင်လာပြီ။

အိမ်သာတက်ရင်း စာဖတ်တယ်။ ရည်းစားစာ။ သိပ်တော့ အထင်မကြီးနဲ့။ သူများက သမီးကိုပေးတဲ့စာတွေကို ဖတ်တာပြောတာ။ ဘာစ်ယောက်ကိုမှစာမပြန်ဖူးဘူး။ စာကတော့ တစ်နေ့ကို အနည်းဆုံးတစ်စောင်လောက် အပေးခံရတတ်တယ်။

ဒါပေါ့။ အိမ်သာထက်ပိုပြီး လုံခြုံတဲ့နေရာ ဘယ်မှာရှိလို့လဲ၊ ပရိုက်ဗေစီ အရှိဆုံးနေရာဟာ အိမ်သာပဲ မဟုတ်လား။



သူတို့ရေးတဲ့ စာတွေက ဖတ်လို့ကောင်းတယ်။ တချို့စာ အရေးအသား ကောင်းတဲ့လူဆိုရင် ဖတ်နေရင်းနဲ့ မျက်ရည်တောင် လည်လာတယ်။ ရယ်ရလွန်းလို့ သူတို့စာတွေကို အိမ်သာထဲမှာ ဖတ်တာသိရင် ဒေါကန်ကြမလား မသိဘူး။ ဒါပေမယ့် သမီးတို့အိမ်သာက သန့်ပါတယ်။ တစ်နေ့နှစ်ကြိမ် ပိုးသတ်ဆေးနဲ့ ဖျန်းတာပဲ။ အနံ့အသက်ပျောက်ဆေးခဲလည်း ရှိတယ်။

အိမ်သာကထွက်တော့ ရေချိုးတယ်။ ဆပ်ပြာသုံးခါတိုက်တယ်။ အကြိုက်ဆုံးဆပ်ပြာအမျိုးအစားကတော့ ကာမေပဲ။ ရေချိုးတာ နာရီဝက်လောက် ကြာတယ်။

ပြီးတော့ မနက်စာစားတယ်။ အစားအသောက်ကို ဂရုစိုက်ရတယ်။ ဝမလာအောင်လို့လေ။ ဒါကြောင့် ကျိုင်းတုံပေါင်မုန့်တစ်ချပ်ကို ထောပတ်ပါးပါးလေးသုတ်ပြီး စားတယ်။ ကြက်ဥ မကျက်တကျက်ပြုတ်တစ်လုံးစားတယ်။ ကော်ဖီအချိုပေါ့ပေါ့ တစ်ခွက်သောက်တယ်။ ဒါပဲ။

အလှပြင်တဲ့အခါ အချိန်ယူပြီး ကျကျနနပြင်တယ်။ အလှပြင်တဲ့ဇွည်းကိရိယာမျိုးစုံလည်း ရှိတယ်။ အားလုံးနိုင်ငံခြားဖြစ်တွေချည်းပဲ။

စိတ်ညစ်ဖို့ အကောင်းဆုံးက အဝတ်အစား ရွေးရတာ။ လွယ်လွယ်လေးမမှတ်နဲ့။ အဆင်ကို ရွေးရတယ်။ အသားကို ရွေးရတယ်။ အရောင်ကို ရွေးရတယ်။ ပုံစံကို ရွေးရတယ်။ အကျီနဲ့ထဘီကို ဝမ်းဆက်ဝတ်မှာလား။ အရောင်ကွဲအဆင်ကွဲဝတ်မှာလား ရွေးရတယ်။ ပြီးတော့ တစ်ခါဖိနပ်၊ လွယ်အိတ်၊ ထီးတို့နဲ့ လိုက်အောင်လည်း ညှိရတယ်။ ကဲ အားလုံးညီညွတ်လှပဖို့ လုပ်ရတာ ဘယ်လောက် လက်ဝင်သလဲ။

တစ်ခါတစ်ခါကျတော့ စိတ်ပေါက်ပေါက်နဲ့ အကုန်တလွဲတွေလျှောက်လုပ်သွားတာ။ အမလေး သူများတွေက ထွင်တာမှတ်လို့ လိုက်လုပ်ကြပါရောလား။

ကျောင်းကို အိမ်ကကားနဲ့ လိုက်ပို့ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ စာသင်ရတဲ့အကြောင်းကတော့ သိပ်မထူးခြားလို့မပြော တော့ပါဘူး။ ပြောစရာရှိတာကတော့ ကျောင်းရောက်တဲ့အခါတိုင်း တစ်ယောက်မဟုတ်တစ်ယောက်က လိုက်စကားပြောတာ ခံရတဲ့အကြောင်း ပါပဲ။

ပုံစံတွေက မျိုးစုံ၊ တောင်းတောင်းပန်ပန် ခယယလုပ်တဲ့လူ၊ ကြောက်ကြောက်ရွံ့ရွံ့နဲ့ စကားတွေမှားပြီး ခလုတ်တိုက်လိုတိုက်။ ပြောင် စပ်စပ်ကောင်တွေလည်း ပါတယ်။ သမီးကတော့ ဘယ်သူ့ကိုမှ အဖြေတ် ပြောမလွှတ်ပါဘူး။

'တို့မှာ ရည်မှန်းထားတဲ့လူ ရှိတယ်'

'အိမ်က စေ့စပ်ထားတဲ့လူ ရှိတယ်'

'တို့အမျိုးသားက နိုင်ငံခြားသွားနေလို့ ပြန်လာရင် လက်ထပ်တော့ မှာ'

စသည်ဖြင့် အေးအေးဆေးဆေး ပြောလွှတ်လိုက်တာချည်းပဲ။

ဒါတောင် တချို့ကောင်တွေက...

'နိုင်ငံခြားမှာ ဘာသွားလုပ်တာလဲ၊ သင်္ဘောလိုက်တာလား၊ ပညာ တော်သင် သွားတာလား။ ဘယ်လောက်ကြာမှာလဲ ဘယ်နိုင်ငံလဲ' စပ်စုကြသေးတယ်။

မရောင်းပါဘူးဆိုနေမှ ဘယ်ဈေးလဲလို့ ထပ်မေးနေသလိုဖြစ်နေပြီ။

မုန့်စားလွှတ်ချိန်ကျရင် စားသောက်ဆိုင်မှာ တစ်ခုခုစားတယ်။ အအေးသောက်တယ်။ ပြီးတော့ အချဉ်ထုပ်တို့၊ နေကြာစေ့တို့ဝယ်ပြီး သူငယ်ချင်းတွေနဲ့ တစ်နေရာရာမှာ ထိုင်စားတယ်။

အစုံပဲ။ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ၊ အဆိုတော်တွေအကြောင်း၊ သူတို့ရဲ့ဇာတ်ကားတွေ သီချင်းတွေ၊ ဗွီဒီယိုတိပ်ခွေ ဇာတ်ကားတွေ အကြောင်း၊ နောက်ဆုံးပေါ်အလှပြင်နည်းတွေ၊ အင်္ကျီဒီဇိုင်းတွေအကြောင်း ကအစ အိမ်ကပူစီလေးကို လက်သည်းဆေးဆိုးပေးရတာ လက်ဝင်တဲ့ အကြောင်းအထိပေါ့။



ဟုတ်တယ်။ ပူစီလေးက သိပ်ဆိုးတာပဲ။ ဖတဆိုး၊ မိတဆိုးလေးမို့ သိပ်ချစ်ရတာနဲ့ နွဲ့ဆိုးဆိုးနေတာပေါ့။ သူ မွေးစပေါက်လေးကတည်းက သူ့အမေသေသွားလို့ နို့ဘူးတိုက်ပြီး မွေးခဲ့ရတာလေ။ နောက်ပြီးတော့လည်း အိမ်မှာ ကြွက်မရှိတော့ သူ့ခမျာ ကြောင်ရယ်လို့ဖြစ်လာရပေမယ့် ကြောင်အခွင့်အရေးဆုံးရှုံးခဲ့ရတယ် မဟုတ်လား။ အလိုလိုက်တော့လည်း ဆိုးချင်တယ်။ လက်သည်း ဆေးဆိုးပေးတဲ့အခါ ငြိမ်ငြိမ်မခံဘူး။ လက်သည်းတွေကို ဝှက်ဝှက်ပစ်တယ်။ အမယ် လည်ပင်းကို ဖဲပြားချည် ပေးတဲ့အခါကျတော့ ငြိမ်ခံနေတယ်။ ဖဲပြားမှာ သူ့နာမည်နဲ့ အိမ်လိပ်စာ ကတ်ပြားလေးကို ပလတ်စတစ်လောင်းပြီး တပ်ပေးထားရတယ်။

တစ်ခါကလည်း သူ့အလည်လွန်ပြီး တစ်ရက်လောက်ပျောက်နေ သေးတယ်လေ။ သမီးဖြင့် သေပြီမှတ်လို့ ငိုလိုက်ရတာ။ နောက်မှ လူ တစ်ယောက်က ကတ်ပြားပေါ်က လိပ်စာအတိုင်း လာပြန်ပို့လို့ ဆုငွေတစ် ရာ ပေးလိုက်ရသေးတယ်။

ညနေအိမ်ပြန်ရောက်တဲ့အခါ လိမ္မော်ရည်တစ်ခွက်သောက်ပြီး ခဏ နားတယ်။ ပြီးတော့ ရေချိုးတယ်။ ထမင်းစားတယ်။ လမ်းလျှောက်တယ်။ ညကျတော့ ရုပ်မြင်သံကြားကြည့်တယ်။

ဩော်...မေးစရာလေးတွေ ကျန်သေးတယ်လား။ မေးပါ၊ မေးပါ။

ဘာဟင်းအကြိုက်ဆုံးလဲ ဟုတ်လား။

ချဉ်ချဉ်ငန်ငန် စပ်စပ်ဟင်းဆိုရင် ကြိုက်တာပဲ။

အသီးအနှံထဲမှာဆိုရင်တော့...

ဟာ...ပြောရမှာ ရှက်စရာကြီး။ ဟိုလေ...နောင်နောင်သည်ဆီမှာ ပေါ်လာတတ်တဲ့ အစိမ်းရောင်အသီးကို အကြိုက်ဆုံးပဲ။ ဘာသီးလဲ ပြော ရမှာ ပါးစပ်မရဲဘူး။ အလှကုန်ပစ္စည်းတွေဆိုရင် အဇွန်တိုက်ထွက်ပစ္စည်း တွေကို အကြိုက်ဆုံးပဲ။

အနှစ်သက်ဆုံး အဆိုတော်ကတော့ ဥသြငှက်ပါပဲ။

အကြိုက်ဆုံး မင်းသား မင်းသမီးလား။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကားမှ မရိုက်ရသေးတဲ့ မင်းသား၊ မင်းသမီးတွေကို ကြိုက်တယ်။ ဟုတ်တယ်လေ။

ခုလောလောဆယ် နာမည်ကြီးနေတဲ့ လူတွေကြိုက်မိရင် ခေတ်နောက်ကျသွားမှာပေါ့။ နောက်တက်လာမယ့် မင်းသားမင်းသမီးတွေကိုလည်း ကြိုက်ရမယ့်အတူတူ ခုကတည်းက ကြိုပြီး ကြိုက်ထားလိုက်တော့အေးရော။

စာရေးဆရာတွေထဲမှာတော့ လွမ်းစရာ၊ ပျော်စရာ၊ ရယ်စရာ၊ ရင်ခုန်စရာကောင်းတာကို ရေးတဲ့ စာရေးဆရာဆိုရင် ကြိုက်တာပါပဲ။

ဘယ်မဂ္ဂဇင်းကို အကြိုက်ဆုံးလဲဆိုတော့ မျက်နှာဖုံးရင်က လှရမယ်။ အထဲမှာ အရောင်တွေ အများကြီး ပါရမယ်။ နာမည်ကြီး စာရေးဆရာတွေ ရေးတဲ့ ဝတ္ထုပါရမယ်။ နိုင်ငံခြားက ပေါ့ပ်ဂီတ အဆိုတော်တွေအကြောင်း၊ ဒိုင်ယာနာတို့၊ ဆာရာတို့အကြောင်း လစဉ်ပါရမယ်။ အထူးသဖြင့်တော့ ကြော်ငြာတွေ များများပါရမယ်။

ဟုတ်တယ်လေ။ ကြော်ငြာတွေကမှ တကယ်ဖတ်လို့ကောင်းတာ။

ဝါသနာပါတဲ့ အလုပ်ကတော့ စိတ်ကောက်တာပဲ။

ဘဝရဲ့ ရည်မှန်းချက်ကတော့ မိုက်ကယ်ဂျက်ဆင်နဲ့ လက်ဆွဲနှုတ်ဆက်ခွင့်ရပြီး သူ့ရဲ့လက်အိတ်တစ်ဖက် လက်ဆောင်တောင်းဖို့ပေါ့။

အားရင် ဘာလုပ်သလဲ ဟုတ်လား။

တော်တော်ရယ်ရတယ်။ ခက်ပါလား။

အားပါတယ်ဆိုမှ ဘာလုပ်စရာလိုတော့လို့လဲ။

ဩော်...ပျင်းတဲ့အခါမှာလား။

သီချင်းနားထောင်တယ်။ ဝတ္ထု၊ မဂ္ဂဇင်း ဖတ်တယ်။ ဗီဒီယိုကြည့်တယ်၊ မိတ်ဆက်စာရေးတယ်။ သူငယ်ချင်းဆီ ဖုန်းဆက်တယ်။

ပူစီလေးကို ပုံပြောပြတယ်။

ပြီးတော့...

ကိုကို့အကြောင်း စိတ်ကူးတယ်။



ကိုကိုက သိပ်ချောတယ်။ အရမ်းလည်း ချမ်းသာတယ်။

ပညာလည်း တတ်တယ်၊ နိုင်ငံခြားလည်း သွားရတယ်။ ကြင်လည်း ကြင်နာတယ်။

အဲဒီ ကိုကိုဆိုတာက ဘယ်သူလဲ ဟုတ်လား။

အဲဒါတော့ သမီးလည်း မသိဘူးလေ။

ကိုကိုဆိုတာက စိတ်ကူးထဲမှာပဲ ရှိတာ။ တကယ်မှ မရှိဘဲ။

ကဲ...ဒီလောက်မေးရင် ကျေနပ်တော့နော်။

အိပ်ချင်ပြီ။ ဂွတ်နိုက်။

အိပ်မက်ထဲမှာ ကိုကိုနဲ့ တွေ့ဖို့ချိန်းထားတယ်။

(ကလျာ၊ ၁၉၉၆၊ အောက်တိုဘာ)

www.burmeseclassic.com

www.burmeseclassic.com




## ဒါကတော့ ဒါပါပဲ

တချို့ပြကွက်တွေကို မကြည့်ရဲသဖြင့် မသိမသာမျက်လွှာချထားလိုက်သည်။ မျက်နှာလွှဲနေလို့တော့မဖြစ်။ သူငယ်ချင်းတွေက ဝိုင်းဟားကြလိမ့်မည်။ သူသည် ကတုန်ကယင်ကြီး ဖြစ်နေသည်။ ဒါမျိုး သူ တစ်ခါမျှ မကြည့်ဖူးသေးချေ။

သူသည် အတွေ့အကြုံလုံးဝမရှိသူ အရိုင်းသက်သက်ကလေးတော့ မဟုတ်။ လူပျိုပေါက်ကလေးလည်း မဟုတ်။ အိမ်ထောင်သက် သုံးနှစ်ရှိ၍ သားတစ်ယောက်၏အဖေပင် ဖြစ်နေခဲ့သူ။ သို့ရာတွင် ခုကြည့်နေရတာမျိုးတွေတော့ တစ်ခါမှတောင် စိတ်မကူးခဲ့ဖူးပါ။

ခိုးကြောင်ခိုးဝှက် ကြည့်ကြရခြင်းဖြစ်သဖြင့် အခန်းတံခါးရော ပြတင်းပေါက်တွေပါ ပိတ်ထားရသည်။ ထို့ကြောင့် အခန်းထဲမှာ လှောင်အိုက်နေသည်။ ဆေးလိပ်မီးခိုးတွေကြောင့်လည်း အသပ်ရှူရတာ မွန်းကျပ်နေ၏။ ချွေးတွေပြန်ပြီး ငြီးစီစီကြီး ဖြစ်နေသည်။

အပြင်ထွက်နေချင်သည့်စိတ်ပင်ဖြစ်လာသည်။ ထွက်တော့ မထွက်ဖြစ်။ တစ္ဆေအခြောက်ခံရသူလိုပင် ကြည့်လည်း မကြည့်ရဲ။ မကြည့်ဘဲလည်း မနေနိုင်ချေ။ ကြည့်မိပြန်တော့လည်း ရင်တွေဖိုပြီး ဖျတ်ခနဲ မျက်လွှာ ပြန်ချမိ၏။

ကျန်သူငယ်ချင်းတွေကတော့ မင်းသားမင်းသမီး နှစ်ပါးသွားအက

www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်နေရသလို ခပ်အေးအေးပင်၊ စီးကရက် ဖွာသူဖွာ၊ စကားပြော သူပြော၊ တချို့ပြကွက်များကို ကြည့်ရင်း အချင်းချင်း နောက်ပြောင်သူ က ပြောင်နှင့် မထူးခြားသလို ရှိနေကြသည်။

ဗီဒီယိုတိပ်ခွေရုပ်ရှင်က ပြီးဆုံးသွားသည်။ မျိုးမင်းမြင့်က...

'သိပ်မကောင်းလှပါဘူးကွာ၊ ငါက ထူးထူးဆန်းဆန်းကလေးများ ကြည့်ရမလားလို့'ဟု ပြောရာ တင်မောင်လင်းက...

'မင်းကိုယ်တိုင် မင်းသားလုပ်ပြီး ရိုက်တဲ့အခါကျမှ အထူးဆန်းဆုံး လုပ်ပြပေတော့'

တစ်ယောက်တစ်ပေါက် ပြောဆိုနောက်ပြောင် နေကြသည်။ ဘာမှ ထူးခြားမှုရှိကြဟန်မတူ။ သူတစ်ယောက်သာ ခုထိ ရင်ထဲမှာ တစ်မျိုး ကြီးဖြစ်ပြီး ကြောင်တောင်တောင်ဖြစ်နေသည်။

'ဟေ့ကောင် ဖိုးအောင်၊ ဘာဖြစ်နေတာလဲ၊ ကြောင်တောင်တောင်နဲ့' မျိုးမင်းမြင့်က သူ့ကို မေးသည်။

'ဟင့်အင်း...ဘာမှ မဖြစ်ပါဘူး'

'ဒီကောင်က တစ်ခါမှ မကြည့်ဖူးဘူးလို့ပြောတယ်ကွ၊ ခုအတိုင်းဆို ရင်တော့ ဟုတ်ပုံရပါတယ်၊ ဒီကောင်ဖြစ်နေပုံ ကြည့်ပါလား'

'ဟာကွာ'

'ဖိုးအောင်ရာ၊ ရန်ကုန်မှာနေပြီး ဒီလောက် တုံးရသလားဟ'

'ကဲပါကွာ၊ သွားကြရအောင်'

'ဘယ်သွားကြဦးမလို့လဲ'

ဖိုးအောင်က မေးလိုက်သည်။ အေးညွန့်ဦးက...

'မျက်စိညောင်းပြီ၊ လူလဲ ညောင်းပြီ၊ တစ်ခုခု သွားစားကြမယ်'

'အစားချည်းပဲလား'

မျိုးမင်းမြင့်က ဝင်မေးရာ...

'မင်း...ရောက်နေမှတော့ အရည်မပါရင် ဘယ်ဖြစ်မလဲ၊ ထမင်း တွေ နင်ကုန်မှာပေါ့'

◆ ◆ ◆

တက္ကသိုလ်မှာတုန်းက တစ်ဆောင်တည်း အတူတူနေခဲ့ကြသော သူငယ်ချင်းတွေ ပြန်ဆုံကြခြင်း ဖြစ်သည်။ အဆောင်မှာ မျိုးမင်းမြင့် နှင့် အေးညွန့်ဦးတို့က တစ်ခန်း၊ ဖိုးအောင်နှင့် တင်မောင်လင်းတို့က တစ်ခန်းနေခဲ့ကြသည်။ အခန်းချင်းက ကပ်လျက်ဖြစ်သဖြင့် သူတို့လေး ယောက်တွဲမိခဲ့ကြသည်။

တွဲမိကြသည်ဆိုသော်လည်း စရိုက်ချင်း လုံးဝတူကြသည်တော့ မဟုတ်။ ဖိုးအောင်က လူအေး။ ကျောင်းမှန်မှန်တက်၊ စာမှန်မှန်ကြည့် တတ်သူ။ စာမေးပွဲနီးလျှင် သူ့မှတ်စုတွေကိုပင် အားလုံးက အားကိုးကြ ရသည်။

ကျန်သုံးယောက်ကတော့ လူရော်လူနောက်တွေချည်း ဖြစ်သည်။ တင်မောင်လင်းက နည်းနည်းသောက်ပြီးလျှင် အွမြူးလာတတ်သည်။ သီချင်းအော်ဆိုပြီး ကတတ်သည်။ အေးညွန့်ဦးက လည်လည်ပတ်ပတ် ရှိသည်။ သူငယ်ချင်းတွေ ငွေပြတ်နေပြီဆိုလျှင် အခန်းတကာ လှည့်ချေး တာတို့၊ ပေါင်တာနှံတာ၊ ရောင်းတာဝယ်တာတို့ ကျွမ်းကျင်သည်။ တစ်ခါတလေ ပိုက်ဆံတစ်ပြားမှမရှိဘဲ ဖဲဝိုင်းမှာ ဝင်ထိုင်ချင် ထိုင်တတ် သည်။ လက်ပတ်နာရီကို ရေ့မှာချပြီး တန်ဖိုးဖြတ်၍ ကစားသည်။ သူက ဖဲလိမ်နည်းတွေ တတ်သဖြင့် ဘယ်တော့မှ မရှုံး။ ဤနည်းဖြင့် သူငယ်ချင်း တွေ သုံးဖို့စွဲဖို့ ရှာကြံပေးတတ်၏။ မျိုးမင်းမြင့်ကတော့ ဟိုစပ်စပ်သည် စပ်စပ်သမား။ နေရာတကာမှာ ဝင်ပါတတ်သည်။ လောင်းတာစားတာ လည်း ဝါသနာပါသည်။ ဘောလုံးလည်း ကန်သည်။ ပန်းချီသင်တန်း လည်း တက်သည်။ ရည်းစားလည်း များသည်။

ဖိုးအောင်သည် ရိုးရိုးအေးအေး ဖြစ်သော်လည်း အားနာတတ်သူ ဖြစ်၍ သူငယ်ချင်းတွေခေါ်လျှင် ကန့်လန့် ကန့်လန့်နှင့် ပါသွားတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တင်မောင်လင်းက ပေါက်ကရသီချင်းတွေဆိုပြီး မိန်းကလေးအဆောင်ရှေ့မှာ သွားကလျှင်လည်း ရှက်ရှက်နှင့်ပင် လိုက်ရသည်။ မျိုးမင်းမြင့်က သူ့ရည်းစား တစ်ယောက်ယောက်ကို သွားစောင့်ဖို့ အဖော်ခေါ်လျှင်လည်း ပါသွားတတ်သည်။

တစ်ခါကလည်း အေးညွန့်ဦးက တခြားအဆောင် တစ်ဆောင်မှာ ဝိုင်းရှိသည်ဆိုပြီး အဖော်ခေါ်သဖြင့် လိုက်သွားသည်။ ဝိုင်းကောင်းနေတုန်း ဆရာတွေက သတင်းရသဖြင့် ဝင်ဖမ်းရာ တစ်ပြုံလုံးမိသည်။ ဖိုးအောင်လည်း မဆီမဆိုင်ပါသွားသည်။ ဆရာကြီးကို ခြေသလုံးဖက်မတတ် ဝိုင်းတောင်းပန်သဖြင့် ကျောင်းထုတ်မခံရဘဲ အပြင်းအထန် သတိပေးခံလိုက်ရသည်။

ဘွဲ့ရပြီးသောအခါ အသီးသီး လုပ်ငန်းခွင် ဝင်ကြရသည်။ မျိုးမင်းမြင့်က သူ့မြို့ကို ပြန်သွားသည်။ ကျန်သုံးယောက်က ရန်ကုန်မှာပင် ကုပ်ကပ်နေပြီး အလုပ်ရှာကြသည်။

သူတို့ထဲမှာ အအေးဆုံး အရိုးဆုံးဆိုသော ဖိုးအောင်က အရင်ဆုံး မိန်းမရသွားသည်။ တင်မောင်လင်းကလည်း လွန်ခဲ့သော နှစ်က လက်ထပ်လိုက်သည်။ အေးညွန့်ဦးနှင့်မျိုးမင်းမြင့်တို့ကတော့ အိမ်ထောင်မပြုကြသေး။

ရန်ကုန်မှာ ကျန်ခဲ့သောသုံးယောက်တို့သည် ကိုယ့်အလုပ်နှင့်ကိုယ်၊ ကိုယ့်အိမ်ထောင်နှင့်ကိုယ် ဖြစ်လာကြသဖြင့် ကျောင်းမှာတုန်းကလို မတွဲဖြစ်ကြတော့။ တစ်ခါတစ်ရံမှသာ ဆုံဖြစ်တော့သည်။

ထိုအချိန်မျိုးတွင် မျိုးမင်းမြင့် ရန်ကုန်ကို လာလည်သည်။ သူငယ်ချင်းတွေ ပြန်ဆုံကြသည်။ မျိုးမင်းမြင့်က...

'ငါ ရန်ကုန်ရောက်တုန်း ပျော်စရာလေးတွေ ရှာရအောင်'

ဟု ဆိုသည်။

တင်မောင်လင်းနှင့် အေးညွန့်ဦးတို့က သဘောတူသည်။ ဖိုးအောင်ကလည်း ထုံးစံအတိုင်း အားနာပါးနာနှင့် ပါလာသည်။



ပထမဆုံး ဗီဒီယိုကြည့်ကြသည်။ အေးညွန့်ဦးက မျိုးမင်းမြင့်ကြည့်ချင်နေသော တိပ်ခွေကို မရ ရအောင် လိုက်ရှာပြီး ပြရသည်။ ပြီးတော့မှ စားကြသောက်ကြဖို့ ထွက်လာခဲ့ကြလေသည်။

❖ ❖ ❖

စားသောက်ဆိုင်တစ်ခုမှာ ထိုင်သည်။ စားကြသောက်ကြသည်။ နှစ်နှင့် ချီအောင် ကွဲနေကြသော သူငယ်ချင်းများ ပြန်ဆုံကြခြင်း ဖြစ်သဖြင့် တော်တော်ပျော်ကြသည်။

စကားတွေလည်း အများကြီး ပြောကြသည်။ အေးအေးဆေးဆေးသမား ဖိုးအောင်တောင် တော်တော်သောက်ဖြစ်သွားသည်။ သူသည် တစ်ခါတလေမှသာ သောက်လေ့ရှိသူဖြစ်သည်။ သောက်လျှင်လည်း စတိသဘော သူငယ်ချင်းတွေ ကျေနပ်အောင် တစ်ခွက် နှစ်ခွက်ထက် မပိုချေ။ ဒီနေ့တော့ သူလည်း နည်းနည်း နှုတ်သွက်အာသွက် ဖြစ်လာသည်။

'ကျောင်းမှာတုန်းက အဆောင်ရှေ့မှာ သီချင်းသွားဆိုတာ သတိရတယ်ကွာ'ဟု တင်မောင်လင်းက ပြောသည်။ မျိုးမင်းမြင့်က...

'ဟေ့ကောင်၊ ဒီအရွယ်ကြီးရောက်မှတော့ လမ်းလယ်ကောင်မှာ သီချင်းဆိုပြီး က,မနေနဲ့ဦးနော်'

'ငါ ဒီလောက် မပေါတော့ပါဘူးကွ'

'အေး...ဒီကောင်က ခုမှုးရင် မကတော့ဘူး၊ သူ့ယောက္ခမက သူ့ကို အထင်သေးတဲ့အကြောင်းပြောပြီး ငိုလိမ့်မယ်'

'ဟာ...ဒီတစ်ခါလေး လုပ်မိပါတယ် ပြောလို့မဆုံးတော့ဘူး'

❖ ❖ ❖

စားသောက်ဆိုင်ထဲက ထွက်လာတော့ အားလုံး မှန်နေကြပြီ။ ဖိုးအောင်သည် အရမ်းမူးနေတာ မဟုတ်သည့်တိုင် ပုံမှန်အတိုင်း မဟုတ်တာတော့ သေချာသည်။ ခေါင်းထဲက ရီတီတီနှင့် အူမြူးသလိုလို ဘာလို

www.burmeseclassic.com

www.burmeseclassic.com



လို ဖြစ်နေသည်။

'ကဲ...ဘယ်နှစ်နာရီ ထိုးပြီလဲ'

'ရှစ်နာရီ'

'ဟာ...အစောကြီး ရှိသေးတာပဲ'

'ကမ်းနားမှာ သွားထိုင်ပြီး စကားပြောကြမလား'

'တစ်ချိန်လုံးစကားတွေပြောခဲ့ကြပြီးပြီပဲ။ ခုလက်တွေ့လုပ်ရမယ့် အချိန်ရောက်လာပြီ'

'မင်း ဘာလုပ်ချင်လို့လဲ'

မျိုးမင်းမြင့်က လက်ဟန်ခြေဟန်ဖြင့် လုပ်ပြသည်။

'ဟာကွာ...ဒါတော့ မလုပ်ပါနဲ့၊ မကောင်းပါဘူး'ဟု ဖိုးအောင်က ကန့်ကွက်သည်။

'အံမာ...မင်းက မိန်းမရှိတဲ့ကောင်ဆိုတော့ ဒီစကားပြောမှာပေါ့၊ ငါ့မှာ ရန်ကုန်လာတုန်းလေး အားရအောင် ပျော်ရတာ။ နယ်မှာဆိုရင် ဘာမှရှိတာ မဟုတ်ဘူး'

ကျန်နှစ်ယောက်က မျိုးမင်းမြင့်အကြံကို လက်ခံသည် ဖိုးအောင် လည်း ထပ်မငြင်းတော့ဘဲ သဘောတူလိုက်၏။

❖ ❖ ❖

ပန်းခြံဘက်သို့ လျှောက်လာကြသည်။ ပန်းခြံထဲမှာ အပန်းဖြေနေကြသူတွေ၊ လမ်းလျှောက်နေကြသူတွေ၊ ထိုင်စကားပြောနေကြသူတွေ၊ တချို့လည်း ဟန်ရေးပြပြီး လမ်းသလားနေကြသည်။ အေးညွန့်ဦးက တစ်ယောက်ကို ညွှန်ပြသည်။

'ဘယ်လိုသဘောရသလဲ'

'မဆိုးပါဘူး၊ မေးကြည့်လေ'

အေးညွန့်ဦးက ဘေးချင်းယှဉ်မိအောင် လိုက်လျှောက်သွားပြီးမေးသည်။



'ဘယ်လိုလဲ'

'ဒီလိုပဲ'

သူတို့ တိုးတိုးတိုးတိုး ပြောကြသည်။ ခဏကြာတော့ အေးညွန့်ဦး ပြန်လာသည်။

'အလကားပါကွာ၊ ငါတို့ကို အချဉ်တွေမှတ်လို့ ဈေးကို နင်းကန် အော်နေတယ်နေကြဦး၊ နည်းနည်း ထပ်ကြိုးစားလိုက်ဦးမယ်'

အေးညွန့်ဦး ထွက်သွားပြန်သည်။ ခဏအကြာမှာ ပြန်ရောက်လာပြီး ...

'အနားကပ်ကြည့်တော့မှ မစွံဘူးကွာ'

ထိုစဉ်မှာ ဖိုးအောင်က တစ်စုံတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ ဗာဒံပင်အောက်မှာ ရပ်နေသော တစ်ယောက်။ ခပ်လှမ်းလှမ်း မာတ်တိုင်မှာ မာကျူရီမီးရောင်က သစ်ပင်ရိပ်ကို ကွက်တိကွက်ကျား ထိုးဝင်နေသဖြင့် သူ့ကို မြင်သာယုံလောက်ရှိသည်။

သူ့ကိုယ်နေဟန်က ပြေပြစ်တောင့်တင်းသည်။ အရပ်အမောင်း ကောင်းသည်။ မျက်နှာကို သေသေချာချာ မမြင်ရသော်လည်း ဆွဲဆောင်မှု ရှိမည်မှာ သေချာသည်။

ဖိုးအောင် ငေးကြည့်နေမိသည်။ ရင်ထဲမှာ တစ်မျိုးကြီးခံစားလိုက် ရသည်။

'ဟော့ကောင်တွေ ဟိုမှာကွ'ဟု ပြောလိုက်သည်။ ပြီးတော့မှ သူ ဘာဖြစ်လို့ ညွှန်ပြလိုက်မိပါလိမ့်ဟု တွေးမိပြန်သည်။ စိတ်ပါသလိုလို ဖြစ်လာသဖြင့်လည်း သူ့ကိုယ်သူ အံ့သြနေသည်။

မျိုးမင်းမြင့်ဆီက လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်။

'ဟာ...သားနားတယ်ဟေ့'

'ငါသွားမယ်'ဟု ဖိုးအောင်က အလိုလိုပြောမိသည်။

'ဟာ...မင်း ဘယ်လိုဖြစ်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်လင်းက ပြောနေတုန်း ဖိုးအောင် ထွက်လာခဲ့သည်။ ဗာဒံပင်အောက်က မိန်းကလေးက ဖိုးအောင်လာနေသည်ကို မြင်သဖြင့် ကိုယ်နေကိုယ်ဟန်ကို ပို၍ ကြည့်ကောင်းအောင် လုပ်လိုက်ပြီးမှ မမြင်ချင်ယောင်ဆောင်နေလိုက်သည်။

ဖိုးအောင်အနားမှာ သွားကပ်ပြီး...

'ဘယ်လိုလဲ'

'ဒီလိုပဲ'

'ဘယ်သွားမလို့လဲ'

'ဟိုနား ဒီနားပေါ့'

'လမ်းကြုံတယ်၊ လိုက်မလား'

'ဘယ်ကိုလဲ'

'တစ်နေရာရာပေါ့'

အမျိုးသမီးက စဉ်းစားသလိုလို လုပ်နေသည်။ အနီးကပ်ကြည့်တော့မှ သူ့ရုပ်ရည်သည် ထင်ထားသည်ထက်ပို၍ ဖွဲ့မက်စရာကောင်းနေကြောင်း တွေ့ရသည်။ ဖိုးအောင် ရင်တွေ ခုန်လာ၏။ အမျိုးသမီးကို စိုက်ကြည့်နေမိသည်။

'အို...လူကို ဘယ်လိုကြည့်နေတာလဲ'

ဖိုးအောင် ရှိန်းခနဲ၊ ဖိန်းခနဲ ဖြစ်သွားသည်။ ချက်ချင်း သတိရလိုက်သည်။ ဘာမျှ ထပ်မပြောတော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။

'ဘယ်လိုလဲကွ၊ မင်း တကယ် ရဲပါလား၊ မင်းဒီလောက် လာလိမ့်မယ်လို့ ထင်တောင်မထင်ဘူး'ဟု သူငယ်ချင်းတွေက ဝိုင်းပြောကြသည်။ သူလည်း သူ့ကိုယ်သူ အံ့ဩမိသည်။ သူက ခေါင်းခါပြီး...

'ပြန်ကြရအောင်ကွာ၊ ဘာမှဆက်လုပ်မနေပါနဲ့တော့'

'ဟာကွာ၊ ဘယ်လိုဖြစ်တာလဲ'

'မင်းတို့ နေချင်နေခဲ့ကွာ၊ ငါ ပြန်တော့မယ်'ဟု ပြောပြီး လှည့်ထွက်လာခဲ့သည်။ သူငယ်ချင်းတွေက...



'ဟာ...ဟော့ကောင်၊ ဘာဖြစ်တာလဲ'ပြောတာကိုတောင် လှည့်မကြည့်တော့။

❖ ❖ ❖

အိမ်ကိုပြန်လာသည့် လမ်းတစ်လျှောက်တွင် သူ့စိတ်တွေ တင်းကျပ်နေသည်။ ခုလို တစ်ခါမျှ မဖြစ်ခဲ့ဖူးချေ။ အရက်သောက်တာ များသွားလို့များလား။ တစ်ချက်တစ်ချက်တွင် ဗာဒံပင်အောက်က အမျိုးသမီး၏ ကိုယ်နေဟန်ကို ဖျတ်ခနဲ ဖျတ်ခနဲ မြင်ယောင်မိသေးသည်။ သူသည် အတင်းကြိုးစား၍ မြင်ကွင်းထဲက မောင်းထုတ်ပစ်လိုက်သည်။

အိမ်ပြန်ရောက်သည်အထိ ကတုန်ကယင်ကြီး ဖြစ်နေတုန်းပင်။ ရီဝေဝေဖြစ်နေတာလည်း မပျောက်သေး။ သူ့စိတ်တွေ ပုံမှန်မဟုတ်တော့ဘူးဆိုတာ သူ့ကိုယ်သူ သိသည်။

အိမ်ပေါက်ဝမှာ ခဏရပ်သည်။ စိတ်ကို ငြိမ်အောင်ထိန်းလိုက်ပြီးမှ တံခါးခေါက်လိုက်သည်။ တံခါးဖွင့်သည်။ တံခါးပေါက်ဝတွင် သူ့မိန်းမ ရပ်နေသည်။ အိမ်ရှေ့မီးမှိန်မှိန်တွင် သူ့မိန်းမ၏မျက်နှာကို ခပ်မှုန်မှုန်မြင်နေရသည်။ သူသည် မိန်းမကို အကြာကြီး စိုက်ကြည့်နေမိသည်။ သူ့ရင်တွေ ပြင်းထန်စွာ ခုန်လာသည်။

သူ့မိန်းမက...

'ဘာဖြစ်နေတာလဲ'ဟု မေးသည်။

'ဘာဖြစ်လို့လဲ'ဟု သူက ပြန်မေးသည်။ သူ့အသံတွေက မမှန်။

'မောင့်မျက်လုံးတွေက တစ်မျိုးကြီးပဲ'

သူက ဘာမျှပြန်မပြောဘဲ သူ့မိန်းမ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

(ချယ်ရီ၊ ၁၉[illegible]၊ ဇန်နဝါရီ)

www.burmeseclassic.com

www.burmeseclassic.com



## မေ့ကျန်ရစ်ခဲ့သောမျက်နှာ

နာမည်နှင့်လိုက်အောင် ပြုံးပြုံးရွှင်ရွှင်နေတတ်သော ခင်မောင်ပြုံး ည် ဒီတစ်ခါတော့ ထူးခြားလှစွာ ဒေါသကြီးနေ၏။ အိမ်ပေါ်တက်လာ ာ ခြေသံကိုက ပြင်းလွန်းလှသည်။ ကျွန်တော်တို့ အိမ်ခန်းကလေး ခပ်လှုပ်လှုပ်မို့ သူ တက်လာသောအခါ သိမ့်သိမ့်ခါသွား၏။ ခါတိုင်း ို လျှင် ခြေဖော့နင်း၍ တက်လာပြီး အိမ်ရှေ့ခန်းရှိ ပက်လက်ကုလား ိုင်ပေါ်မှာ ညင်ညင်သာသာ ထိုင်ချတတ်သည်။ ခုတော့ ကြမ်းပြင်ပေါ်မှာ ရှိန်နှင့်ဆောင့်ပြီး ထိုင်ချလိုက်သဖြင့် ကျွန်တော် အံ့ဩသွားသည်။ ာမှ မမေးမိခင် သူကပင်စ၍...

'ဒီကောင် ဒီလိုလုပ်တာ ကောင်းသလားကွ၊ အချင်းချင်းတွေ'ဟု ချင်းအဖျားမရှိ ပြောသည်။

'ဘာ...ဘာဖြစ်တာလဲကွ'

'မင်း...စဉ်းစားကြည့်ကွာ'ဟု ပြောနေတုန်း ကျွန်တော့်မိန်းမထွက် ာပြီး...

'ကိုခင်မောင်ပြုံးပါလား၊ မရောက်တာတောင် တစ်ပတ်လောက်ရှိပြီ' နှုတ်ဆက်သည်။ မိန်းမကိုမြင်မှ သူ့ဒေါသမျက်နှာကို အနည်းငယ် ျှော့ချပြီး ပြုံးချင်ယောင်ဆောင်လိုက်သည်။

'ဩော်...အင်း၊ မအားလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့တော့ လက်ဖက်ကုန်နေတယ်၊ ပဲခြမ်းကြော်သုပ်နဲ့ပဲ ဧည့်ခံရတော့မှာပဲ'

'ဟာ…နေပါစေ၊ ဘာမှမလုပ်နဲ့၊ ကျွန်တော်တို့လက်ဖက်ရည်ဆိုင်သွားမှာ'

မိန်းမရှေ့မှာ မပြောချင်မှန်း ကျွန်တော် ရိပ်မိသဖြင့် ရှပ်အင်္ကျီကောက်ဝတ်ပြီး ထွက်လာခဲ့သည်။ ကျွန်တော့်မိန်းမ ရှိနေတာကိုပင် သတိမေ့ပြီးပြောမိမလိုဖြစ်ခြင်းကြောင့် သူ့စကားမှာ အရေးကြီးမည်ဟု မှန်းသည်။ သူ့လို အေးအေးချမ်းချမ်း နေတတ်သူတစ်ယောက်က ဆူဆူပွက်ပွက်ဖြစ်နေသည့်အတွက်လည်း ဘာဖြစ်ပါလိမ့်ဟု ပိုစိတ်ဝင်စားမိ၏။

သူကလည်း သိပ်ပြောချင်နေသည်။ လက်ဖက်ရည်ဆိုင် ရောက်သည်အထိ မစောင့်။ အိမ်က ထွက်ထွက်ချင်း…

'သိပ်အကြံပက်စက်လွန်းတယ်' ဟု ပြောပြန်သည်။

'နေစမ်းပါဦး ခင်မောင်ပြုံးရာ၊ ဘာဖြစ်လာတယ်ဆိုတာလဲ ရှင်းအောင် သေသေချာချာ ပြောစမ်းပါဦး၊ မင်းပြောနေတာတွေ ငါ နားမလည်ဘူး၊ ဘယ်သူက အကြံပက်စက်တာလဲ'

'မင်း သူငယ်ချင်းပေါ့ကွ'

'ဟာ…ငါ့သူငယ်ချင်းတွေက အများကြီးပဲ၊ ဘယ်သူလဲ'

'ဘယ်သူရှိရမှာလဲ၊ သိန်းမောင်ပေါ့ကွ'

'ဟင်… သိန်းမောင်က ဘာအကြံပက်စက်တာလဲ'

'ငါ ဒီနေ့ မအေးခင်ဆီ ရောက်တော့…'

လက်ဖက်ရည်ဆိုင်သို့ရောက်လာသဖြင့် လူရှင်းသည့်စားပွဲနေရာရွေးခြင်း၊ လက်ဖက်ရည်မှာရခြင်းတို့ကြောင့် စကားခဏပြတ်သွားသည်။ ပြီးမှ သူ ဆက်ပြောသည်။

'ခါတိုင်း ငါသွားရင် မအေးခင်က သိပ်အရေးပေးတာ၊ ဟိုကောင်ထက် ငါ့ကိုပိုပြီး အရေးပေးတယ်ဆိုတာ သိသာတယ်၊ ဒါကြောင့် ဒီကောင်မနာလိုပြီး လုပ်တာ'



မအေးခင်နှင့် ပတ်သက်သော ကိစ္စဖြစ်သဖြင့် ကျွန်တော်ပို၍ စိတ်ဝင်စားလာသည်။ စကားတောင် ဝင်မထောက်ခံမိဘဲ နားသာ စွင့်မိ၏။

'ငါက ပိုပြီး တည်တည်တံ့တံ့ ရှိတယ်ဆိုတာ အားလုံးအသိပဲ၊ ငါ့ကို ယှဉ်နိုင်မှန်းသိလို့ အကောက်ကြံတာ'

'ဘယ်လိုကြံလို့လဲ'

'ဒီနေ့ မအေးခင်က အခါတိုင်းလိုမဟုတ်ဘူး၊ ခပ်တည်တည်ကြီးနဲ့ စကားလည်း ဟဟပြောဘူး၊ ဒါနဲ့ငါက ဘာဖြစ်လို့လဲမေးတော့မှ…'

လက်ဖက်ရည်ခွက်များ ရောက်လာသည်။ ကျွန်တော်က ဆာနေသဖြင့် ပန်းကန်ပြားထဲ နည်းနည်းထည့်ပြီး သောက်သည်။ သူကတော့ မသောက်သေးဘဲ စကားသာ ဆက်၏။

'သူက ပြောတယ်၊ ငါဟာ လူရှုပ်လူပွေ တစ်ယောက်တဲ့။ အခုလဲ တခြားမိန်းကလေးတစ်ယောက်နဲ့ ဖြစ်နေတာ သူသိတယ်တဲ့၊ သူ့ကို ခုလို မျက်နှာပြောင်ပြောင်နဲ့ လာတွေ့ရဲတာ အံ့သြတယ်တဲ့၊ နောက်နောင်သူနဲ့ဘယ်တော့မှ အဆက်မသွယ်မလုပ်ပါနဲ့တော့တဲ့၊ ပြောလွှတ်လိုက်တယ်'

'မင်းက မဟုတ်တဲ့အကြောင်း ရှင်းမပြဘူးလား'

'ရှင်းပြတာပေါ့၊ သူကလဲ အခိုင်အမာပြောတာ၊ သက်သေအထောက်အထားရှိတယ်တဲ့၊ ငါ့အကြောင်း အတွင်းသိ အစင်းသိ လူတစ်ယောက်က ပြောလို့သိရတာတဲ့၊ 'ဘယ်သူပြောတာလဲ' ဆိုတော့ ဒါတော့ မသိချင်ပါနဲ့လို့ ပြောတယ်'

'မင်းက သိန်းမောင်ပြောတာလို့ ထင်နေတယ်ပေါ့'

'သူကလွဲလို့ တခြား ဘယ်သူရှိဦးမှာလဲကွ'

'သိန်းမောင် ဒီလောက် မယုတ်မာပါဘူးကွာ'

'ငါကတော့ သူပဲလို့ တပ်အပ်စွပ်စွဲတယ်ကွာ'

'ဒါဆို မင်း သိန်းမောင်နဲ့တွေ့ပြီး မေးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မေးစရာမလိုပါဘူး၊ အရှင်းကြီးပဲ၊ သူနဲ့ တွေ့လဲမတွေ့ချင်ဘူး တွေ့ရင် ငါ ဆွဲထိုးမိလိမ့်မယ်'

'ငါပဲ သွားတွေ့ပြီး မေးပါ့မယ်'

'မင်းမေးတော့ကော သူက ဘယ်ဝန်ခံမလဲကွ'

ခင်မောင်ပြုံး အရမ်းစိတ်ဆိုးနေသည်။ ပြေရာပြေကြောင်း ပြောလို့ရမည်မဟုတ်။ ဘယ်လိုဖြစ်သလဲဆိုတာ တစ်နည်းနည်းနှင့် စုံစမ်းကြည့်ရဦးမည်။

◆ ◆ ◆

သိန်းမောင်နှင့် ကျွန်တော် ငယ်သူငယ်ချင်းဖြစ်၏။ ကျွန်တော်က ဆယ်တန်းအောင်ပြီး ရုံးအလုပ်လုပ်ရင်း လုပ်သားကောလိပ်တက်သည်။ သိန်းမောင်က ပြင်ပ လုပ်ငန်းထဲ ရောက်သွား၏။ ရုံးမှာ ခင်မောင်ပြုံးနှင့် တွေ့ပြီး ခင်မင်သွားသည်။ ထိုမှတစ်ဖန် ခင်မောင်ပြုံးနှင့် သိန်းမောင်တို့လည်း ကျွန်တော့်ကို အကြောင်းပြု၍ ခင်မင်သွားကြ၏။ ခင်မောင်ပြုံး ရုံးပြောင်းသွားသည့်တိုင် ကျွန်တော်တို့ သုံးယောက် အတွဲ မပျက်ခဲ့ကြ။

လုပ်သားများကောလိပ်မှာ မအေးခင်နှင့် ကျွန်တော် တစ်တန်းတည်း တက်ရသည်။ သိကျွမ်းခင်မင်ခဲ့ကြသည်။ ကျောင်းက ဘွဲ့ရပြီးနောက် သူနယ်ပြောင်းသဖြင့် မဆုံဖြစ်တော့။ လေးငါးခြောက်နှစ်ကြာမှ ရန်ကုန်ပြန်ပြောင်းလာရသည်။

တစ်ရက် ကျွန်တော်တို့ရုံးက ညွှန်မှူး၏အလှူမှာ ပြန်ဆုံသည်။ ထိုအလှူသို့ ခင်မောင်ပြုံးပါ ရောက်လာသဖြင့် မိတ်ဆက်ပေးလိုက်သည်။ နောက်တစ်ခါ ကျွန်တော်တို့အိမ်က အလှူမှာ သိန်းမောင်နှင့် မအေးခင်ကို မိတ်ဆက်ပေးလိုက်ပြန်သည်။

ဤသို့ဖြင့် သုံးပွင့်ဆိုင်ဇာတ်လမ်းတစ်ခု ပေါ်ပေါက်လာခြင်းဖြစ်၏။ ကျွန်တော်က အိမ်ထောင်ကျပြီး ကလေး နှစ်ယောက်တောင် ရနေပြီ။ သူတို့ သုံးယောက်စလုံးက ခုထိ လူပျိုကြီး အပျိုကြီးတွေ လုပ်နေကြတုန်း



အသက်တွေ သုံးဆယ်ကျော်မှ အချစ်ကိစ္စဝင်လာသောအခါ အလုပ်တွေ ရှုပ်ကုန်တော့သည်။

တစ်နေ့တွင် ခင်မောင်ပြုံး ကျွန်တော်ဆီ ရောက်လာပြီး တိုင်ပင်သည်။ မအေးခင်ကို သူ စိတ်ဝင်စားနေသတဲ့။ ကျွန်တော် အံ့ဩသွားရ၏။ ဒီကောင်အရင်က ဒါမျိုးတွေ စိတ်မဝင်စားတတ်။ တစ်သက်လုံးပဲ လူပျိုကြီးလုပ်တော့မလိုလို။ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်ကို ကျွန်တော် သဘောတူပါသည်။ ခင်မောင်ပြုံးက လူရိုးလူအေး၊ အမြဲ ပြုံးပြုံးပြုံးပြုံးနှင့် နေတတ်သည်။ မအေးခင်က အပျိုကြီးမို့ ဇီဇာကြောင်သည်။ ဗျစ်တောက်ဗျစ်တောက် ပြောတတ်သည်။ ခင်မောင်ပြုံးလို သည်းခံခွင့်လွှတ်တတ်သူမျိုးမှ ဖြစ်မည်။ ထို့ကြောင့် တတ်နိုင်သလောက် ကူညီမည်ဟု ကျွန်တော် ပြောလိုက်သည်။

သို့ရာတွင် သူ့ကို ဘာမှ မကူညီရသေးခင် သိန်းမောင်က တစ်ထောင့်က တစ်စခန်းထလာပြန်၏။ သူကလည်း မအေးခင်ကို စိတ်ဝင်စားနေသည်ဟု လာပြောပြန်သည်။ ကျွန်တော့်အဖို့တော့ သူငယ်ချင်းတွေချည်းဖြစ်သဖြင့် သူနှင့်လည်း သဘောတူရပြန်သည်။ သူနှင့်ဆိုလျှင်လည်း မဆိုးလှပါ။ သိန်းမောင်သည် လူဖြောင့်စိတ်တို ဖြစ်၏။ မအေးခင်ကလည်း ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောတတ်သဖြင့် စရိုက်ချင်းတူသည်ဟု ဆိုရမည်။

ကျွန်တော့်ပြဿနာက ဘယ်သူ့ဘက် လိုက်ရမလဲဆိုတာပဲ ဖြစ်၏။ နှစ်ယောက်စလုံးက သူငယ်ချင်းတွေ။ နောက်တစ်ချက်မှာ မအေးခင်ကို နှစ်ယောက်စလုံးက ကြိုက်နေကြောင်း သူတို့ချင်းသိသွားအောင် ပြောသင့်မပြောသင့်ဆိုသော ကိစ္စ။ မပြောဘဲ လွှတ်ထားမည်ဟု စိတ်ကူးသေးသည်။ တော်ကြာ ဒီကောင်နှစ်ကောင် တစ်ယောက်အကြောင်း တစ်ယောက်မသိဘဲ ရှုပ်ကုန်မှာ စိုးရသည်။

သို့ဖြင့် သူငယ်ချင်းသုံးယောက်ဆုံပြီး ဖြစ်နေပုံကို ပြောပြရသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် စိတ်မဆိုးကြ။ တိုက်တိုက်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင် ကြိုရပုံကိုသာ အံ့သြကြသည်။ ပြီးတော့ သဘောတူညီမှု ရကြသည်။ မအေးခင်၏ အချစ်ကိုရဖို့ နှစ်ယောက်စလုံး ကြိုးစားကြမည်။ တစ်ယောက်ယောက်က အောင်မြင်သွားလျှင် ကျန်တစ်ယောက်က ကြည်ဖြူစွာ နောက်ဆုတ်ပေးရမည်။

လူပျိုကြီးတွေ ဖြစ်သောကြောင့် လုပ်ထုံးလုပ်နည်းတွေကလည်း တစ်မျိုးဖြစ်၏။ ချာတိတ်တွေလို စာလိုက်ပေးတာတို့၊ လိုက်စကားပြောတာတို့၊ အိမ်ရှေ့မှာ သီချင်း သွားဆိုတာတို့ ဘာတို့ လုပ်လို့မရ။ တစ်ဖန် မအေးခင်ကလည်း ကျောင်းသူကလေးအရွယ် မဟုတ်တော့။ အလုပ်အကိုင် အတည်တကျနှင့် အပျိုကြီးတစ်ယောက်။ အိမ်ထောင်တစ်ခုကို သူ့သဘောနှင့်သူ စိတ်ကြိုက်ရွေးပြီး တည်ဆောက်နိုင်သည့် အရွယ်ရောက်နေပြီ။ သူနှင့်အတူနေသော ဦးလေးနှင့်အဒေါ်မှာလည်း သူ့အထောက်အပံ့ဖြင့် နေသူများ၊ သူ့ကိုစောင့်ရှောက်ရုံသာ သြဇာရှိသူများဖြစ်၏။

ထို့ကြောင့် ခင်မောင်ပြုံးနှင့် သိန်းမောင်တို့သည် မအေးခင်အိမ်သို့ သွားလည်ခြင်း၊ လမ်းကြုံသည့်ပုံစံဖြင့် ရုံးသို့သွားခြင်းများ ပြုလုပ်ကြ၏။

သိန်းမောင်က အရင်ဦးအောင် ဖွင့်ပြောဖြစ်သွားသည်။ မအေးခင်က...

'ကျွန်မ အိမ်ထောင်ရေးကို မစဉ်းစားသေးပါဘူး'ဟု ပြောလွှတ်လိုက်သည်။ သိန်းမောင်ကတော့ လက်မလျှော့သေး။

ခင်မောင်ပြုံးသည် ဖွင့်ပြောဖို့နောက်ကျသော်လည်း သူနှင့် မအေးခင်တို့ ပို၍ လေပေးဖြောင့်သည်ကို သိသည်။ ခုလို သိန်းမောင်ကို မအေးခင်က ယဉ်ယဉ်ကျေးကျေး ငြင်းလွှတ်လိုက်သောအခါ သူ့အခြေအနေက ပိုကောင်းသည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဖွင့်ပြောသည့်အခါကျမှ ပြဿနာတက်ရခြင်းပင်။

...သိန်းမောင် မယုတ်မာတတ်ကြောင်း ကျွန်တော် သိသည်။ သို့ရာတွင် မေးတော့ မေးကြည့်ရဦးမည်။

❖ ❖ ❖



သိန်းမောင်ဆီသွားဖို့တောင် မလိုတော့။ သူက အရင်ဦးအောင် ကျွန်တော့်ဆီ ရောက်လာသည်။ ရုံးသက်သာလက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသောအခါ...

'ခင်မောင်ပြုံးတော့ ငါ့ကိုညစ်ပြီထင်တယ်'ဟု ပြောသည်။ ထို့နောက် အံ့သြဖွယ်သတင်းကို သူ ပြောပြပြလေ၏။ မအေးခင်ဆီ သူရောက်သွားသည်။ နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်ဖို့ဖြစ်၏။ ဒီမှာတွင်ပဲ မအေးခင်က ဆီး၍ ပြော၏။ မျက်နှာပြောင်တိုက်ပြီး လာတာအံ့သြပါရဲ့။ ရှင်ဟာ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် တွဲနေတဲ့လူ... စသည်ဖြင့်...

'ငါက အဲဒီအကြောင်းတွေ ဘယ်သူကပြောတာလဲ၊ မဟုတ်ဘူးလို့ ငြင်းတော့၊

'...ခိုင်လုံတဲ့နေရာပေါ့၊ ရှင်နဲ့ အနီးစပ်ဆုံးနေနေတဲ့ လူဆီကပေါ့... ဟု ပြောသတဲ့။

'...အဲဒါ ဘယ်သူဖြစ်နိုင်သလဲ၊ ခင်မောင်ပြုံးပဲရှိတာပေါ့'

'ဟာ...ဘာတွေဖြစ်ကုန်တာလဲ' ဆိုပြီး ခင်မောင်ပြုံးကလည်း ဒီအတိုင်းပြောကြောင်း ပြောလိုက်၏။ သူ ခဏာမျှတွေသွားပြီး...

'သြော်...ဒီလိုကိုး'

'ဘာလဲကွ'

'ရှင်းနေတာပဲ၊ ခင်မောင်ပြုံး မကောင်းကြောင်း မအေးခင်ကို ငါပြောတာ မဟုတ်ဘူး။ ငါ ဒါမျိုးဘယ်တော့မှ မလုပ်ဘူး၊ ဒါပေမယ့် ခင်မောင်ပြုံးကတော့ ငါပြောတာပဲလို့ ထင်နေတယ်။ ဒါကြောင့် ငါ့ကို ကလဲ့စားချေတဲ့ အနေနဲ့ ငါမကောင်းကြောင်း မအေးခင်ကို ပြန်ပြောတာပဲပေါ့'

'ဟာ...မဟုတ်နိုင်ပါဘူး၊ ဒီကောင် ဒါမျိုးမလုပ်တတ်ပါဘူး'

'လုပ်တတ်လို့ အခုလုပ်ခဲ့ပြီပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ...အစဉ်းစားရကျပ်လိုက်တာ၊ မင်းတို့နှစ်ယောက် ဆုံပြီးရှင်းဖို့ လို လာပြီ'

'အေး...ဟုတ်တယ်၊ သဘောတူညီချက်တစ်ခုကို ရရင်တော့ တွေ့ ချင်တယ်'

'ဘာသဘောတူညီချက်လဲ'

'သူနဲ့ငါ ဓားချင်းယှဉ်ခုတ်ဖို့ပေါ့'

သူ့ကို ကျွန်တော် ကြည့်သည်။ သိန်းမောင်၏ မျက်နှာသည် အလွန် တင်းမာ ခက်ထန်နေလေ၏။

◆ ◆ ◆

တော်တော် အစဉ်းစားရခက်သည့် ကိစ္စပင်ဖြစ်၏။ ခင်မောင်ပြုံးကို ရောသိန်းမောင်ကိုပါ ကျွန်တော် ယုံသည်။ နှစ်ယောက်စလုံး ယုတ်မာ သော စိတ်ထားမရှိ။ ကြားထဲက တစ်ယောက်ယောက်က ဝင်ပြီး ခ လောက်ဆန်တာ ဖြစ်ရမည်။ ဘယ်သူဖြစ်နိုင်သလဲ ဆိုတာတော့ စဉ်းစား လို့ မရဘူး။ သူတို့လိုပင် မအေးခင်ကို စိတ်ဝင်စားနေသူ ကြားလူတစ် ဦးဦးပဲ ဖြစ်ရမည်။

ခင်မောင်ပြုံးနှင့်သိန်းမောင်ကို ဆုံပြီးရှင်းခိုင်းဖို့တော့ မဖြစ်နိုင်ချေ။ ပြဿနာ ပြေလည်စရာအကြောင်း မမြင်။ နှစ်ယောက် ထသတ်ကြဖို့သာ အကြောင်းရှိသည်။

ဒီပြဿနာ၏ အဖြေပေါ်အောင် ကျွန်တော် ကြိုးစားရလိမ့်မည်။ ကျွန်တော့်ကို ဗဟိုပြုပြီး သူတို့သုံးယောက်၏ ဇာတ်လမ်းပေါ်လာခဲ့ခြင်း မဟုတ်လား။ တစ်နည်းပဲ ရှိသည်။ မအေးခင်ကို တွေ့ပြီး မေးဖို့။

သူတို့နှစ်ယောက် မအေးခင်၏အချစ်ကိုရဖို့ စတင်ကြိုးစားကတည်း က မအေးခင်ဆီ ကျွန်တော် မရောက်တော့။ မျက်နှာပူသောကြောင့် တစ်ကြောင်း၊ မအေးခင်က ကျွန်တော် မြှောက်ပေးတာဆိုပြီး ပွက်မှာစိုး သောကြောင့် တစ်ကြောင်းပင် ဖြစ်၏။



ခုတော့ မျက်နှာပူပူနှင့်ပင် လာခဲ့ရသည်။ မအေးခင်ကလည်း ကျွန်တော်လာရင်းကိစ္စကို သိသည်။ သူက ပြော၏။

'ငါလဲ နင့်ကိုမျှော်နေတာပဲ'

'အေးဟာ၊ နင့်ကို မေးစရာလေးရှိလို့'

'ဟိုနှစ်ယောက်ကိစ္စ မဟုတ်လား'

သူက ပွင့်ပွင့်လင်းလင်း ၊ ခပ်ပြောင်ပြောင်ပြောတတ်သူ တစ်ယောက် မို့ တော်သေးသည်။ သို့မဟုတ် စကားစဖို့မလွယ်။ ကျွန်တော် ခေါင်း ညိတ်ပြီး...

'သူတို့နှစ်ယောက်အကြောင်း မဟုတ်တာတွေ လုပ်ကြံပြီး နင့်ကို ပြောတယ်ဆိုတာ ဘယ်သူလဲ'

'အခြားလူမဟုတ်ဘူး၊ ငါကိုယ်တိုင်ပဲ'

'ဘာ'

ကျွန်တော် အံ့သြသွားသည်။ သူက ရယ်ပြီး...

'ဒီလိုဟာ၊ ငါ့ဘာသာ အပျိုကြီးဘဝနဲ့ အေးအေးမနေရဘူး။ သူ တို့နှစ်ယောက်က တစ်ယောက်တစ်လှည့်စီ လာလာပိုးနေတာ၊ သိပ်ရှက် ဖို့ကောင်းတာပဲ၊ ဒါကြောင့် တစ်ခါတည်း ကိစ္စပြတ်အောင် ငါ့ဘာသာ ငါလုပ်ကြံပြီး ပြောပစ်လိုက်တာ'

'ဟာ...နင် တော်တော်ဆိုးတယ်၊ ဟိုနှစ်ကောင်က တစ်ယောက်ကို တစ်ယောက် အထင်လွဲပြီး သတ်မယ်ဖြတ်မယ်တောင် ဖြစ်နေတာ'

'အေးဟာ၊ ဒီလောက်တောင်ဖြစ်သွားမယ်လို့ ငါ မစဉ်းစားမိဘူး၊ ကိစ္စအေးအောင် ကြံမိကြံရာ ပြောလိုက်တာ'

'နေစမ်းပါဦး၊ နင်က တစ်သက်လုံး အပျိုကြီးဘဝနဲ့ နေသွားမှာလား၊ တကယ်လို့ အိမ်ထောင်ပြုဖို့စိတ်ကူးတယ် ဆိုရင်လဲ သူတို့နှစ်ယောက်ထဲ က တစ်ယောက်ယောက်ကို လက်ခံဖို့ ငါအကြံပေးချင်တယ်၊ နှစ်ယောက် စလုံး လူကောင်းတွေ...'

www.burmeseclassic.com

www.burmeseclassic.com



သူက လက်ကာပြပြီး...

'ငါ အိမ်ထောင်ပြုဖို့ လုံးဝစိတ်မကူးဘူး။ အိမ်ထောင်သည်ဘဝကို စိတ်ကုန်လွန်းလို့ နင်ပဲ စဉ်းစားကြည့်လေ။ ငါသာအချစ်ကိစ္စတို့၊ အိမ်ထောင်ရေးကိစ္စတို့ စဉ်းစားရင် ကျောင်းမှာတုန်းက နင်ငါ့ကို စာပေးကတည်းက နင့်ကို ပြန်ကြိုက်ခဲ့မှာပေါ့'

'ဟာ...'

ဆိုပြီး ကျွန်တော် တစ်ကိုယ်လုံး ထူပူသွား၏။ သူက ကျွန်တော်ဖြစ်သွားပုံကိုကြည့်၍ ရယ်ပြီး...

'နင့်ကို လက်ခံလိုက်ရကောင်းမလားလို့ နောက်ပိုင်းကျတော့ စဉ်းစားကြည့်သေးတယ်၊ အဲဒီအချိန်ကျတော့ နင်ကလက်လျှော့ပြီး တခြားတစ်ယောက်ကို လိုက်နေပြီလေ။ အမယ် ခေါင်းကြီးငုံ့လို့၊ ခုမှရှက်မနေပါနဲ့ဟာ၊ ဒါတွေက ပြီးခဲ့ပါပြီ၊ ငါက ရယ်စရာအဖြစ် ပြန်ပြောပြတာပါ'

သူက အသံများပင်ထွက်အောင် ရယ်နေလိုက်သေးသည်။ ကျွန်တော်ကတော့ ကျွန်တော့်မျက်နှာကို အိမ်မှာမထားရစ်ခဲ့မိသဖြင့် နောင်တရနေမိ၏။

(ကလျာ၊ ၁၉၈၈၊ ဇွန်)




www.burmeseclassic.com

www.burmeseclassic.com

## သူတို့တွေ အလွန်ခက်တယ်

'ယောက်ျားတန်မယ့် စိတ်ကောက်ရသလား'

ဟု ကိုကို့ကို ပြောလို့မဖြစ်ချေ။ ပြောလျှင် ကိုကို စိတ်ဆိုးမည်။ ဒါဆိုလျှင် စိတ်ကောက်တာထက် ပို၍ ဆိုးလိမ့်မည်။ ကိုကို စိတ်ကောက်လျှင် တစ်နေ့လုံးကြာသည်။ စိတ်ဆိုးပြီဆိုလျှင်တော့ နှစ်ရက်၊ သုံးရက် စကားမပြောဘဲ နေပြီသာမှတ်။

တကယ်တော့ မိန်းကလေးဖြစ်သော သီသီကသာ စိတ်ကောက်သင့်သည်။ သူသည် ကိုကို့ထက် အသက်ငယ်သည် မဟုတ်လား။ တစ်ခုတော့ရှိသည်။ သီသီက သူ့မိသားစုမှာ အစ်မအကြီးဆုံးဖြစ်၏။ ထို့ကြောင့် စိတ်ကောက်ဖို့အခွင့်အရေး မရခဲ့။ ကိုကိုကတော့ မောင်နှမတွေထဲမှာ အငယ်ဆုံးဖြစ်သည့်အပြင် တစ်ဦးတည်းသော သားယောက်ျားလေးလည်း ဖြစ်ခဲ့သည်။ ဆိုးချင်တိုင်း ဆိုးခွင့်ရခဲ့သည်။ သူ့မိသားစုက အလိုလိုက်ထားခဲ့သည်။ ဤတွင် စိတ်ကောက်သည့် အကျင့်လည်း ရနိုင်ခဲ့ပေသည်။ ဒီအကျင့်ကခုထိ မပျောက်သေး။

ယောက်ျားတွေ စိတ်ကောက်သောအခါ ရယ်စရာတော့ ကောင်းလေသည်။ မိန်းကလေးတွေလို နှုတ်ခမ်းစူခြင်း၊ ခြေဆောင့်ခြင်းမျိုး လုပ်လို့မရ၊ စိတ်ကောက်တယ်လို့လည်း အပြောမခံချင်။ ယောက်ျားသိက္ခာကျဦးမည်။



ဒီတော့ တစ်နေ့လုံး စကားမပြောဘဲ နေတတ်သည်။ စကားမပြောဘူး ဆိုတာတောင် ဝစီပိတ် လုပ်နေတာမျိုးတော့ မဟုတ်။ သီသီကစပြီး စကားသွားပြောလျှင် 'အင်း ... ဟင့်အင်း၊ ဟုတ်တယ်၊ မဟုတ်ဘူး' စသည်ဖြင့် ခပ်ပြတ်ပြတ် တုံးတိတိပြန်ပြောပြီး စိတ်မကောက်လေသယောင် ဟန်ဆောင်တတ်ပြန်သည်။

◆ ❖ ❖

ဒီနေ့လည်း ကိုကို စိတ်ကောက်၏။ အကြောင်းကတော့ သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ချေ။ အိပ်ရာက နိုးနိုးချင်း ထမင်းကြော် အဆင်သင့် မဖြစ်သောကြောင့် ဖြစ်သည်။ ကိုကို အိပ်ရာမှနိုးလျှင် မပူမအေး ခပ်နွေးနွေးရှိသော ထမင်းကြော် စားတတ်သည်။ ဓာတ်ဘူးထဲမှာ ထည့်ပြီး နှပ်ပေးထားသော ကော်ဖီကြမ်းသောက်သည်။

မနေ့ညက မျက်စိကြောင်နေသဖြင့် တော်တော်နှင့် အိပ်မပျော်။ ထို့ကြောင့် မနက်အိပ်ရာထ နောက်ကျသည်။ ကိုကို အိပ်ရာမှ နိုးသည့်အချိန်တွင် သီသီ မျက်နှာသစ်ပြီးခါစပဲ ရှိသေးသည်။ အရေးထဲမှာ မီးကျက်နေသဖြင့် လျှပ်စစ်မီးဖိုကို သုံးလို့မရ။ မီးသွေးမီးဖိုမွှေးနေတုန်း ကိုကိုတ မျက်နှာသစ်ပြီး သွားသည်။ အိမ်သာဝင်ပါစေဟု ဆုတောင်းသော်လည်း ကိုကို ထမင်းစားစားပွဲမှာ ထိုင်စောင့်နေပြီး အတန်ကြာသောအခါ စိတ်မရှည်သဖြင့်...

'ထမင်းကြော် မရသေးဘူးလား'

မေးသည်။

'ခဏလေးနော်၊ သီ အိပ်ရာထ နည်းနည်းနောက်ကျသွားလို့ မကြာပါဘူး'

'နေပါစေတော့'

ကုလားထိုင်ကို ခပ်ကြမ်းကြမ်း တွန်းသံကြားရသည်။ ကိုကို အပြင်ထွက်တော့မည်။ မုန့်ဟင်းခါးစားပြီး လက်ဖက်ရည်ဆိုင် ထိုင်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာမှ ပြန်လာသည်။ သီသီဈေးသွားခါနီး...

'ဒီနေ့ ဘာဟင်းစားမလဲ ကိုကို'

ဟု မေးသေးသည်။

'ချက်ချင်တာချက်'

ကိုကိုက သုန်မှုန်သော မျက်နှာဖြင့် ပြန်ပြောသည်။ ကိုကို စိတ်ကောက်နေပြီ။ ရုံးပိတ်ရက်တစ်ရက်တော့ ပျင်းရိခြောက်ကပ်စွာ ပြီးဆုံးရတော့မည်ဟု သီသီ သိလိုက်လေ၏။ ပင်ကိုကစကားနည်းသောကိုကိုသည် ခုလို စိတ်ကောက်နေပြီဆိုတော့ ပြောဖွယ်ရာမရှိပြီ။

သီသီ ဈေးက ပြန်လာသောအခါ ပက်လက်ကုလားထိုင်မှာ ထိုင်ပြီး သတင်းစာဖတ်နေသော ကိုကို့ကို...

'ကိုကိုကြိုက်တတ်တဲ့ ငါးပြေမကြီးတွေ တွေ့လို့ ဝယ်လာတယ် သိလား'ဟု လေပြေထိုးကြည့်သော်လည်း ကိုကိုက မကြားသလို လုပ်နေ၏။

◆ ◆ ◆

ချက်ပြုတ်ပြီးစီးသည်အထိ ပက်လက်ကုလားထိုင်မှ ကိုကိုမထသေး။

'ရေချိုးတော့လေ၊ ထမင်းစားရအောင်'

သီသီက ပြောသည်။

'မဆာသေးဘူး'

တုံးတိတိ ပြန်ပြောသည်။

'ငါးပြေမက ချက်ပြီးပြီးချင်းစားမှ ကောင်းတာ'

ဆိုသော်လည်း ဘာမျှပြန်မပြော။ သီသီ ရေချိုးသည်။ ကိုကို့ကိုခေါ်၍ ရမည်မဟုတ်မှန်းသိ၍ မခေါ်တော့ဘဲ သူ့ဘာသာ ထမင်းစားသည်။ ပြီးတော့ ကိုကို့အတွက် ထမင်းပွဲဆက်ပြင်ကာ ဆန်ခါဖြင့် အုပ်ပေးထားလိုက်သည်။



ကိုကိုသည် ဟန်လုပ်နေသော်လည်း တော်တော် ဆာနေမည်ဖြစ်ကြောင်း သူ သိ၏။ ခါတိုင်း ရုံးပိတ်ရက်တွေ သီသီဟင်းချက်နေလျှင် မကျက်သေးဘူးလား။ ဆာလှပြီဆိုပြီး ဟင်းအိုးကို မဆီမဆိုင် လာလာဖွင့်ကြည့်နေကျ။

ထို့ကြောင့်...

'ဟိုဘက်ခန်း ခဏသွားဦးမယ်'

ဆိုပြီး ရှောင်ပေးလိုက်သည်။ တစ်နာရီသာသာကြာမှ ပြန်လာသည်။ ကိုကိုသည် ရေချိုးထမင်းစားပြီးနေပြီ။ ဘာသာပြန် ဝတ္ထုစာအုပ်တစ်အုပ်နှင့်အတူ ပက်လက်ကုလားထိုင်ပေါ် ပြန်ရောက်နေပြန်၏။

သီသီပျင်းလာသည်။ ရုံးပိတ်ရက်မှာ ကိုကိုနှင့်စကားလေးဘာလေးပြောချင်သည်။ ရုံးဖွင့်ရက်ဆိုလျှင် မနက်အိပ်ရာထ ချက်ပြုတ်ပြင်ဆင်ပြီး အသီးသီး ရုံးသွား။ ကိုကိုက အိမ်ပြန်နောက်ကျတတ်သည်။ အပေါင်းအသင်းတွေနှင့် တစ်နေရာမဟုတ် တစ်နေရာ ပါသွားတတ်စမြဲ။ ခုလို ရက်မျိုးမှာသာ လင်မယားအချိန်ကြာကြာ မျက်နှာချင်းဆိုင်ရသည်။ ဒီကြားထဲမှာမှ ကိုကိုက စိတ်ကောက်ပြီး မခေါ်မပြောလုပ်နေတော့။

ကိုကို့ကို ချော့မှပဲဟု စိတ်ကူးသည်။ ကိုကို့ဘေးမှာ ကျုံ့ကျုံ့လေး သွားထိုင်သည်။ ကိုကိုက မျက်လုံးကလေးတောင် လှန်မကြည့်ချေ။

'ကိုကိုက ဘာဖြစ်နေတာလဲ'

ဟု မေးသည်။ ဘာမျှပြန်မပြော။

'သီ ဘာများလုပ်မိလို့လဲ၊ ဪ...ဟုတ်ပြီ၊ မနက်က ကိုကိုအိပ်ရာက ထထချင်း ထမင်းကြော် အဆင်သင့်မဖြစ်လို့လား၊ နက်ဖြန် ဒါမျိုး မဖြစ်စေရဘူး၊ သီ ကတိပေးတယ် ဟုတ်လား'

ဘာမဟုတ်သည့်ကိစ္စလေးအတွက် ကိုကို့ကို အပြစ်လုပ်ပြီး တောင်းပန်နေရသည့်အတွက် သီသီ ရယ်ချင်သလို ဖြစ်လာ၏။ ရယ်လို့တော့ မဖြစ်ချေ။ ကိုကိုက သူ့ကို လှောင်ရကောင်းလားဆိုပြီး ဒေါသကန်သွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မျက်နှာထားကို အကဲခတ်ကြည့်တော့လည်း သုန်မှုန်နေတုန်းပင်၊ ထမင်း ဟန်ဆောင်ပြီး တင်းထားမှန်းတော့ သိသာ၏။ သို့ရာတွင် ဘာတတ်နိုင်မလဲ။ ဒါကို ပြေအောင်ချော့ဖို့က သီသီ့တာဝန်။

'ကိုကို'

သီသီက ကုလားထိုင် လက်တန်းပေါ်တင်ထားသော ကိုကို့လက်ကို လှမ်းကိုင်ရင်း ခေါ်လိုက်သည်။ ကိုကိုက လက်ကို ရုန်းဖယ်ပြီး ဆတ်ခနဲ ထသည်။ ထို့နောက် အိမ်အောက်ဆင်းပြီး ထွက်သွား၏။ လက်ဖက်ရည်ဆိုင်မှာ တမေ့တမော ထိုင်လေဦးတော့မည်။

သီသီသက်ပြင်းချရပြန်သည်။

◆ ◆ ◆

ညနေစောင်းမှ ကိုကို ပြန်ရောက်လာသည်။ မျက်နှာထား အပြောင်းအလဲ မရှိသေး။ သီသီလည်း စိတ်လျှော့ထားလိုက်ပြီ။ ကိုကို့ကို ကြည်လင်လာအောင် မကြိုးစားချင်တော့။

ကိုကို့လက်ထဲမှာ စာအုပ်ဆိုင်က ငှားလာဟန်တူသော ချယ်ရီ မဂ္ဂဇင်းကို တွေ့လိုက်ရသောအခါ သီသီ့အထင် မှန်ကြောင်း ပို၍ သေချာသွားသည်။ ကိုကိုသည် တစ်အိမ်လုံးမှာ သူ့အတွက်နေစရာဆိုလို့ ပက်လက်ကုလားထိုင်တစ်လုံးသာ ရှိတော့သည်ဟု ထင်နေသလားမသိ။ ဝင်ထိုင်ပြီး မဂ္ဂဇင်းစာအုပ်ကိုဖွင့်သည်။

သူ တစ်သက်လုံး ဒီလိုကြီးတော့နေနိုင်မည် မဟုတ်။ မသကာ ဒီတစ်ည စောင့်နေလိုက်ရုံသာ။ ကံကောင်းလျှင် ညတွင်းချင်းတောင် ကိုကို စိတ်ပြေသွားနိုင်သည်ဟု သီသီ တွေးလိုက်သည်။

ညစာ ထမင်းစားချိန်ရောက်ပြီ။ သီသီ ဟင်းနွှေးသည်။ ထမင်းပွဲပြင်သည်။

'ကိုကို ဟင်းပူတုန်းစားရအောင်'

ဟု ရမည်မဟုတ်မှန်း သိလျက် ခေါ်လိုက်သေးသည်။ ကိုကိုက စာ



အုပ်ကိုပိတ်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ပြီးတော့ စာအုပ်ပြန်ဖွင့်သည်။

သီသီ တစ်ယောက်တည်း စားသည်။ ကိုကို့အတွက် ပြင်ပြီး ဆန်ခါနှင့် အုပ်ထားပေးရပြန်သည်။ ထို့နောက် အိမ်ရှေ့ခန်း ပြန်ထွက်ပြီး လုံချည်အစုတ်တွေ ချုပ်နေလိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြသဖြင့် သူတို့အိမ်ခန်းကလေးသည် လူတစ်ယောက်မှမရှိဟု ဘေးလူ ထင်စရာဖြစ်နေ၏။

ထိုစဉ် တံခါးခေါက်သံကြားရသည်။ ကိုကို ခေါင်းထောင်ပြီး နားစွင့်ဟန်ပြုသည်။ သီသီ တံခါးသွားဖွင့်သည်။ အပေါက်ဝမှာ ရပ်နေသူ နှစ်ယောက်ကို တွေ့ရ၏။ ကိုကို့သူငယ်ချင်းများဖြစ်သော ဖော်ကြီးနှင့် ဖော်လေး အမြွှာညီအစ်ကို။ သီသီက ပြုံး၍ နှုတ်ဆက်စဉ်မှာပင်။

'ဟာ...ဖော့ကောင်တွေ လာကြ'

ကိုကို့အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ သီသီက ကိုကို့ကို လှည့်ကြည့်လိုက်သည်။ ကိုကို့မျက်နှာထားမှာ စောစောကနှင့် တခြားစီ။ ဘီလူးကကနေရာမှ မျောက်အကကို ရုတ်တရက်ပြောင်းလဲလိုက်သလိုပင်။ ချက်ချင်း ပြုံးရွှင်မြူးတူးလာသည်။

ထို့နောက် သူငယ်ချင်းသုံးယောက် စကားထိုင်ပြောရင်း တဝါးဝါး တဟားဟား ဖြစ်နေကြလေသည်။ မိန်းမနှင့်ဆိုလျှင် စကားနည်းတတ်သော ကိုကိုသည် သူငယ်ချင်းတွေနှင့်ကျတော့ သူကချည်း ဒိုင်ခံပြောနေတော့သည်။ ထို့မှမက...

'သီသီရေ...ဒီကောင်တွေကို တစ်ခုခုကျွေးဦးလေ'

ဟု စောစောက ဘာမှမဖြစ်ခဲ့သည့်အလား လှမ်းပြောလိုက်သေးသည်။ သီသီက မြေပဲလိပ်နှင့် ရေနွေးကြမ်းချပေးရင်း...

'ထမင်းကော စားပြီးကြပြီလား'

'ဘယ်စားရဦးမလဲ'

ဖော်ကြီးက ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလဲ စားသွားကြပါလား၊ ဟင်းတွေ ရှိပါတယ်။ ထမင်းအိုး တစ်လုံးတည်လိုက်ရုံပါပဲ'

'နေပါစေ...ဟဲဟဲ'

ဆိုပြီး ဖော်လေးကို ကြည့်သည်။ ဖော်လေးက စပ်ဖြဲဖြဲလုပ်ရင်း...

'ငါက အပြင်ထွက်စားမလားလို့'

'အေးကွ၊ ကောင်းသားပဲ၊ ငါတို့လဲ မဆုံတာကြာပြီ'

ဟု ကိုကိုက အားတက်သရောပြောပြီး သီသီ့ဘက်လှည့်၍...

'ကိုကို လိုက်သွားရမလား...ဟင်'

ပြုံး၍ မေးသည်။ သီသီ...

'မလိုက်နဲ့ဆိုရင်ကော မလိုက်ဘဲ နေမှာမို့လို့လား'

'လိုက်သွားပါရစေနော်...သီ'

အနူးအညွတ် ခွင့်တောင်းသလို ပြောသည်။ ပြီးတော့ တဟားဟား ရယ်သည်။

'မင်းက တော်တော် မိန်းမကြောက်ရတဲ့ ကောင်ပဲ'

ဖော်ကြီးက စသည်။

'ကြောက်ရတာပေါ့ကွ၊ ဟုတ်ဘူးလား...သီသီ'

'အလကား ကိုဖော်ကြီး၊ တစ်နေ့လုံး မျက်နှာကြီးရှုပုပ်နေတာ၊ ကျွန်မကိုလဲ စကားမပြောဘူး၊ ခု ကိုဖော်ကြီးတို့ရောက်လာမှ ပြုံးလာ၊ ရယ်လာ ဖြစ်လာတာ၊ နောက်ဆိုရင် သူ ကျွန်မကို စိတ်ဆိုးနေတဲ့အခါ စိတ်ပြေအောင် သူငယ်ချင်းတွေကို ပြေးခေါ်ရမလိုဖြစ်နေပြီ'

ပြောပြီးမှ ကိုတို့ကို လှမ်းအကဲခတ်ရသေးသည်။ ကိုကိုက စိတ်ခု ဟန်မပြဘဲ ပြုံးဖြဲဖြဲလုပ်၍ အဝတ်အစားလဲရန် ထထွက်သွား၏။

◆ ◆ ◆

ဖော်ကြီးဖော်လေးတို့နှင့် သွားလျှင် အရက်သောက်ဖြစ်ကြမည်ဖြစ် ကြောင်း သီသီ သိပြီးသား။ စိတ်တော့ မပူချေ။ ဖော်ကြီး၊ ဖော်လေးတို့ နှင့်ဆိုလျှင် စိတ်ချရသည်။ ကိုကိုကလည်း အရက် စွဲစွဲမက်မက် များ များစားစား သောက်တတ်သူမဟုတ်။ အပျော်သဘောသာ ဖြစ်၏။ သောက်ပြီး ပြန်လာလျှင်လည်း ဆူဆူပူပူ မလုပ်တတ်။ သဘောတောင် ကောင်းလာတတ်သေးသည်။



ကိုကို ညဉ့်နက်မှ ပြန်လာမည်ဖြစ်ကြောင်း သိသဖြင့် တစ်ဖက်အိမ်မှာ ရုပ်မြင်သံကြား သွားကြည့်နေလိုက်သည်။ အစီအစဉ်ပြီးတော့ အိမ်ပြန်လာပြီး ချုပ်လက်စလုံချည်တွေ ချုပ်ရင်း ကိုကို့ကို စောင့်နေ၏။

ကိုကိုသည် သူငယ်ချင်းတွေကို တော်တော်ချစ်သည်။ တစ်ခါတစ်ခါတော့ သီသီ့ထက်တောင် ပိုချစ်သလားဟု တွေးမိတတ်သေးသည်။ သီသီ့ထက် သူငယ်ချင်းတွေ ပိုပြီး ဂရုစိုက်တာတော့ သေချာသည်။

ဟိုစဉ်တုန်းကတည်းက။

ကိုကိုက သီသီကို စိတ်ဝင်စားနေကြောင်း သူငယ်ချင်းတွေကို အသိပေးတင်ပြသည်။ သူငယ်ချင်းတွေက သဘောတူသည်ဟု အတည်ပြု ဆုံးဖြတ်ပေးတော့မှ ဖွင့်ပြောခဲ့ခြင်း ဖြစ်၏။

ချစ်ခဲ့ပြီးကြတော့လည်း...

သီသီနှင့် ရုပ်ရှင်ကြည့်ဖို့ချိန်းရာတွင် ရုံကို သူငယ်ချင်းတွေ တစ်ပြုံတစ်မကြီး ခေါ်ချင်ခေါ်လာတတ်သည်။ သီသီနှင့် ချိန်းဆိုပြီးကာမှ သူငယ်ချင်းတစ်ယောက်ယောက်က ဆွဲခေါ်လျှင် ပါချင်ပါသွားတတ်သည်။

လက်ထပ်ပြီးတော့ကော...

သီသီက ပြည်ထောင်စုနေ့ ပြခန်းတွေ ကြည့်ချင်တယ်ဆိုလျှင်သာ။

'မအားဘူး၊ မနှစ်ကလဲ ကြည့်ပြီးပြီ မဟုတ်လား'

ဆိုပြီး လိုက်မပို့ချင်ဘဲ ရှိချင်ရှိမည်။ သူငယ်ချင်းတွေက ခေါ်လျှင် မြိတ်ထဲမှ သဃ်န်းကျွန်းအထိလိုက်ပြီး လက်ဖက်ရည်သောက်ချင်သောက်တတ်၏။

သီသီနေမကောင်းလို့ ဆေးခန်းလိုက်ပို့ဖို့ကို အင်တင်တင် လုပ်တတ်သော်လည်း မြစ်သားမြို့က သူ့သူငယ်ချင်းတစ်ယောက် ခေါ်သလို့ သွား

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်း ကျိုးသွားသည်ကို တကူးတကန့်သွားပြီး သတင်းမေးခဲ့ဖူးသည်။

သူငယ်ချင်း တစ်ယောက်ယောက်၏ အဖေတို့အမေတို့ ဆုံးတာမျိုး ဆိုလျှင်တော့ ခုနစ်ရက်လုံးလုံး အိမ်မပြန်တော့ဘဲ အသုဘအိမ်မှာပဲ နေနေတတ်လေသည်။

ခုလည်း မိန်းမကို တစ်နေ့လုံး စိတ်ကောက်နေပြီး သူငယ်ချင်းတွေလည်း လာရော ချက်ချင်း အကောင်းပကတိဖြစ်ပြီး ဟေးလားဝါးလား လုပ်ရင်း ကောက်ကောက်ပါအောင် လိုက်သွားပြီ။

❖ ❖ ❖

သန်းခေါင်နီးပါးမှ တံခါးခေါက်သံ ကြားရသည်။ သီသီ တံခါးဖွင့်ပေး၏။ ကိုကို နည်းနည်းတော့ မူးလာပြီ။

'သီ မအိပ်သေးဘူးလား'

မေးသည်။

'ကိုကို့ကို စောင့်နေတာ'

'သီက သိပ်လိမ္မာတာပဲ၊ ဒါကြောင့် ချစ်ရတာ'

ဆိုပြီး သီသီ့ပါးကို ခပ်ဖွဖွဆွဲလိမ်သည်။

'သီသီသာ ကိုကို့သူငယ်ချင်းဖြစ်ရင် သိပ်ကောင်းမှာပဲနော်'

ဟု သီသီ ပြောလိုက်ချင်သည်။ သို့ရာတွင် မပြောဖြစ်ချေ။ ပြောလျှင် မတော်တဆ ကိုကို စိတ်ကောက်ချင် ကောက်သွားမှာစိုးရသည်။ ခုလို ညကြီးမိုးချုပ်ကျတော့မှ ကိုကို့သူငယ်ချင်းတွေကလည်း သီသီကို လာကယ်နိုင်ကြမှာ မဟုတ်တော့။

(ပန်းဝေသီ၊ ၁၉၈၈၊ ဇွန်)




www.burmeseclassic.com

www.burmeseclassic.com

## မာလာနှင်းဆီမြနွယ်

ဆောင်းမနက်ခင်း ပန်းဖူးကလေးတွေပေါ်မှာ တင်နေသောနှင်းရည်စက်ကလေးများထက်ပင် ကျွန်တော့်မေတ္တာက ပိုသည်။ မနှင်းဆီကို ချစ်ရသော အချစ်က ကိုယ့်ကိုယ်ကိုယ်ပင် အံ့ဩယူရလောက်အောင် ဖြစ်၏။ မိဘအပေါ် ညီအစ်ကိုမောင်နှမအပေါ်၊ သူငယ်ချင်းအပေါ် ချစ်သောအချစ်က တစ်မျိုး။ ဝေလို့ငှလို့ မျှလို့တလို့ရသည်။ သူ့အပေါ် ချစ်သောအချစ်က ဘယ်သူ့မှ မမျှမဝေနိုင်သောအချစ်။ အချိန်ကြာလေများပြားတိုးပွားလေဖြစ်သော ဗေဒါပင်များနှယ် ဖြစ်၏။

ဤနေရာတွင် တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသော စကားသွက်သွက်ခါအောင် မှားနေသည်ဟု ဆိုရမလိုဖြစ်နေ၏။ မနှင်းဆီက ကျွန်တော့်ကို အလကားနေရင်း မြင်ပြင်းကပ်မိသည်ဟု ပြောကြောင်းကြားရသူ့သူငယ်ချင်းတစ်ယောက်မှ တစ်ဆင့် ကျွန်တော် သိရသည်။

သူ့ကိုတော့ ကျွန်တော် မမုန်း၊ ချစ်မြဲ၊ ချစ်လျက်။

◆ ◆ ◆

သူ့ကိုမြင်လိုက်ရသည်နှင့် ရင်မှာ ဒိုင်းခနဲ ခုန်သွားရသည်။ ထိုရုပ်သွင်ကား အိပ်မက်ထဲမှာ အတွေးထဲမှာ ဘယ်လိုမှ ပုံဖော်မရခဲ့ဖူးသော



ဝိုးတဝါး သိသလိုလိုသာရှိခဲ့သော၊ ကျွန်တော့်နှလုံးသားက ရှော်လင့်စောင့်စားနေခဲ့သော သခင်မပင်တည်း။

မြင်ဖန်များလျှင် ဝေဝါး၍ မစွဲတော့ဟု ဆိုကြသည်။ သူ့ကျတော့ ဒီလိုမဟုတ်၊ အမြဲတမ်းမြင်ရအောင် သူ့ပုံတူကို ရင်ထဲမှာ ဆွဲ၍ သိမ်းမိသည်။ အိပ်မက်ထဲမှာ ညစဉ်မြင်အောင် သိစိတ်က မသိစိတ်ကို ဖြားယောင်း သွေးဆောင်သည်။ အတွေးထဲမှာ ထာဝရ ခိုအောင်းနေရအောင် ဦးနှောက်ကို နှလုံးသားက အသနားခံသည်။

ကျွန်တော့်ရင်ထဲ နှလုံးသားထဲ ဦးနှောက်ထဲမှာပင် သိုသိပ်စွာ ဝှက်ထားသောအချစ်ကို သူ ဘယ်သို့ သိသွားပါလိမ့်။ ဒါကြောင့်သာ ကျွန်တော့်ကိုမြင်တိုင်း မျက်နှာထားတင်းတင်းဖြင့် ဣန္ဒြေပျက်လောက်အောင် ဖြစ်ဖြစ်သွားခြင်းပင်။

ကျွန်တော် အံ့ဩသည်။ အချစ်ကို ဖွင့်မပြောခင်ကပင် အမုန်းကို ကြိုတင်ရနေခဲ့သည့်အတွက် ကျွန်တော် ကံဆိုးသည်။ နားမလည်နိုင်အောင်လည်းဖြစ်ရသည်။ တကယ်တော့ သူသည် အစဉ် ရယ်ရယ်ပြုံးပြုံးနေတတ်သူ တစ်ယောက်သာဖြစ်၏။ ကျွန်တော်အပေါ်ကျကာမှ ကွက်၍ မျက်စောင်း ကွက်ကျားမိုးရွာတာ စဉ်းစားရခက်လှသည်။

ဒီတော့ ကျွန်တော်၏ မဖွင့်ဟရသေးသော အချစ်ကို မကြေညာမိပြန်လည်ရုပ်သိမ်း၍ သစ်ပုပ်ပင်ကြီးလို ငြိမ်ကုပ်နေရ ကောင်းမလားဘဲ။ သို့ရာတွင် မိုးဦးကျသည်နှင့် ပေါက်ဖွားလာသော မြက်ပင်များကဲ့သို့ပင် တားမနိုင်ဆီးမရချေ။

'စစ်တိုက်ခန်းပြနေတုန်း သီချင်းဆိုခန်း ပါလာသလိုပင်။

'မနှင်းဆီ'

သူ တုံ့ခနဲ ရပ်သည်။ ကျွန်တော့်ကိုမြင်လျှင် အံ့ဩခြင်းနှင့် ဒေါသဘယ်ပဓာမှန်းမသိသော အရိပ်အယောင်တွေ သူ့မျက်နှာပေါ်မှာ ပေါ်လာသည်။ သို့တိုင်အောင် ကျွန်တော်ဆက်ပြောရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ပြောချင်တာတွေကတော့ အများကြီးပါပဲ၊ ဒါပေမယ့် အတိုချုံးပြီးတော့ပဲ ပြောပါရစေ၊ မနှင်းဆီကို ကျွန်တော်ချစ်...'

'ဘာပြောတယ်'

'ကျွန်တော့် မေတ္တာကို အသိအမှတ်ပြုဖို့'

'ရှင် ရိုင်းလှချည်လား'

'ကျွန်တော် မနှင်းဆီကို နှောင့်ယှက်သလိုဖြစ်ရင် တောင်းပန်ပါတယ်၊ ကျွန်တော့်အနေနဲ့ ဘယ်လိုမှ မမျိုသိပ်နိုင်လို့ ဖွင့်ပြောရတာပါ'

'တော်စမ်းပါ၊ ရှင့်ကို တစ်ခွန်းပဲပြောမယ်၊ နောက်ထပ် ကြိုးစားဦးမယ့် အကြိမ်တွေအတွက်ပါ ကြိုပြီးပြောမယ်၊ ရှင့်ကို သိပ်မုန်းတယ်၊ မြနွယ် အတွက်ပါ ရောပေါင်းပြီး နှစ်ထပ်ကွမ်း မုန်းတယ်၊ ဒါပဲ'

ဘယ်လို ဆက်စပ်နားလည်ရမှန်းမသိ။

မြနွယ်၏အချစ်ကို ကျွန်တော် ဖောက်ခွဲ ဖျက်ဆီးပစ်ခဲ့သည်ဟု သတင်းတွေ ပျံ့လွင့်နေမှန်း နောက်ကျစွာ သိခဲ့ရ၏။ တကယ်တော့ မြနွယ်နှင့်ကျွန်တော် ဘာမျှမဖြစ်ခဲ့။ သူ့ကိုလည်း မချစ်ခဲ့ဖူးချေ။

သူနှင့် ကျွန်တော်သည် တစ်မြို့တည်းသား သူငယ်ချင်းများသာ ဖြစ်၏။ ထို့ကြောင့် တစ်မြို့တည်းသားချင်းမို့ ကျွန်တော် သူ့အဆောင် မကြာခဏရောက်သည်။ သူ့ကို ကူညီသည်။ သူ ခိုင်းတာ လုပ်ပေးသည်။ သည့်ထက်မပို။

မြနွယ်ဘက်ကတော့ ပိုလာသည်။ သူ ကျွန်တော့်အပေါ် သံယောဇဉ်တွယ်လာကြောင်း ကျွန်တော် သိလာရသည်။ ကျွန်တော် သူ့အဆောင်ကို သွားသည့်အခါ ဝမ်းသာရွှင်မြူးစွာ ပြောဆိုနေပုံများ၊ သူဈေးဝယ်ထွက်လို့ ကျွန်တော် အဖော်လိုက်သွားလျှင် ချစ်သူနှင့်တွဲသွားရသည့် ဟန်ပန်မျိုး ဖြစ်နေပုံများ ထင်ရှားပေါ်လွင်လာခဲ့ရသည်။ ဘေးလူတွေက ကျွန်တော်တို့နှစ်ယောက်ကို ချစ်သူများအဖြစ် သတ်မှတ်ချင်လာသည်။ ကြာလျှင် ခက်တော့မည်။



သို့ဖြင့် မြနွယ်ကို ကျွန်တော် ရှောင်ရသည်။ သူ့ထံသို့ မသွားတော့။ သူက ပြောစရာရှိလို့လာပါဦး ဆိုပြီး လူကြုံနှင့်မှာသည်။ ကျွန်တော် မသွား။ တစ်ရက်တွင် သူ ကျွန်တော်တို့ အဆောင်ရှေ့မှာ လာစောင့်နေတာကို မြင်သည်။ ကျွန်တော် လုံးဝထွက်မတွေ့ဘဲ အဆောင်ထဲမှာ ပုန်းအောင်းနေလိုက်၏။ ထို့နောက် သူ့ထံမှ နောက်ထပ် ဆက်သွယ်မှုမပြုတော့။

ထိုအခါကျပြန်တော့လည်း ကျွန်တော်တို့ နှစ်ယောက်ကို ချစ်သူများ ထင်ခဲ့ကြသူများက ကျွန်တော်သည် မြနွယ်ကို ရက်ရက်စက်စက် စွန့်ခွာထွက်ပြေးခဲ့ပြီဟု ဆိုလာကြပြန်သည်။ ထိုသတင်းကို မနှင်းဆီက ယုံသည်။ ယုံလည်း ယုံလောက်သည့် အခြေအနေပင်။ ကျွန်တော် သူ့ကို ရှင်းပြလျှင်လည်း လက်ခံမည်မဟုတ်။

ဒီကိစ္စကို ပြေလည်အောင် ရှင်းပေးနိုင်သူက မြနွယ်တစ်ယောက်တည်းသာ ရှိ၏။ မြနွယ်သည်လည်း မနှင်းဆီလိုပင် မာလာဆောင်မှာနေသူ ဖြစ်သည်။ အဆောင်သူငယ်ချင်းမို့ အပြောအဆိုတော့ ရှိပေမည်။ အများထင်သလို မဟုတ်ကြောင်း မြနွယ်က ရှင်းပေးနိုင်လျှင် ကိစ္စပြီးပြီ။

ကျွန်တော်သည် မြနွယ်ကို တစ်ချိန်လုံးရှောင်နေခဲ့သည်။ ခု ကိုယ့်ကိစ္စရှိလာမှ တွေ့ရခြင်းအတွက် လိပ်ပြာ မလုံလှ။ မြနွယ်ကိုယ်တိုင်ကော ဘယ်လိုနေမည်နည်း။ ဘာမှမဖြစ်ရပါဘဲနှင့် ချစ်သူပစ်မလေးအဖြစ် လူတကာက သနားသဖြင့် ဝိုင်းကြည့်ခြင်း ခံရသောအခါ ဘယ်လောက် မခံချိမခံသာ ရှိပါမည်နည်း။

မြနွယ်နှင့် သွားတွေ့သည်၊ မြနွယ်က ကျွန်တော့်ကို အတွေ့မခံကြောင်း အံ့သြစွာ ကြုံရသည်။ ကျွန်တော့်ကို ကလဲ့စားချေခြင်းပင်ဖြစ်ရမည်။ သူ့ကို ကျွန်တော် စွန့်ခွာခဲ့သည့်အတွက် လူတကာ၏ အထင်လွဲမှုကို သူ ခံရသည်။ ထို့အတွက် သူ အရှက်ရမည်။ ကျွန်တော့်ကို သူ စိတ်ဆိုးပေလိမ့်မည်။ ကိစ္စမရှိ။ မြနွယ်အကြောင်း ကျွန်တော် သိသည်။ ကျွန်တော် ဒုက္ခရောက်နေရကြောင်း သူ သိလျှင် ဘယ်လိုမှ နေနိုင်မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။

မြနွယ်ဆီ စာရေးသည်။ အဖြစ်အပျက်ကို ပြောပြ၍ ကျွန်တော့်ကိုကူညီရန် မနှင်းဆီကို ရှင်းပြပေးရန် တောင်းပန်သည်။ စာကို သူ့သူငယ်ချင်း တစ်ယောက်မှတစ်ဆင့် ပေးခိုင်းလိုက်သည်။ သို့ဖြင့် မနှင်းဆီနှင့် တိုက်ရိုက်တွေ့ဆုံ ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်သည်။

မနှင်းဆီကို တွေ့ခွင့်ရဖို့ဆိုသည်မှာ မလွယ်။ ကျွန်တော့်ကို မြင်တိုင်း တစ္ဆေသရဲကို မြင်သလို ချာခနဲ မျက်နှာလွှဲတတ်သည်။ တစ်နေ့တွင် သူ့ကို ကျွန်တော် မိသည်။ သူနှင့် သူငယ်ချင်း တစ်ယောက်တို့ အင်းယားဘက် လမ်းလျှောက်နေရာမှ အပြန်တွင် ဖြစ်သည်။

'မနှင်းဆီ ခဏလောက်'

သူက မရပ်။

'ရှင်နဲ့ ပြောစရာမရှိဘူး၊ ရှင့်လိုလူနဲ့ ရပ်စကားပြောရင် ကျွန်မပါ သိက္ခာကျတယ်'

ကျွန်တော် သူ့ဘေးက အတင်း ကပ်လိုက်သည်။

'ကျွန်တော်တစ်ခွန်းပဲ ပြောမှာပါ၊ ကျွန်တော်နဲ့ ပတ်သက်တဲ့သတင်းတွေ လုံးဝ မမှန်ဘူးဆိုတာ မြနွယ်ကို မေးကြည့်ရင် အားလုံးသိရပါလိမ့်မယ်'

လှောင်ရယ်သံကို ကြားရပြီး...

'မေးနေစရာ မလိုပါဘူး၊ ရှင်နဲ့ပတ်သက်တဲ့ကိစ္စကို ကျွန်မ ယုံခဲ့တာက ဟိုလူပြော ဒီလူပြော မဟုတ်လား၊ မြနွယ်ကိုယ်တိုင်ပြောလို့ သိပြီလား'

ရုတ်တရက် မှန်တိုင်းကြီး ကျလာသလိုပင်။

❖ ❖ ❖

မြနွယ် ကျွန်တော့်ကို လက်စားချေပြီ။ သူ ကျွန်တော့်အပေါ် ဒီလောက် ပက်ပက်စက်စက် ကြံလိမ့်မည်ဟု ကျွန်တော် မထင်။ သူနှင့်



တွေ့ပြီး ရှင်းကိုရှင်းရတော့မည်။ သူ့အဆောင်သို့ ကျွန်တော်သွားသည်။ သူ မရှိတော့။ ကျောင်းပိတ်ဖို့ နှစ်ပတ်ခန့် လိုပါသေးလျက် သူ မြို့ပြန်သွားပြီဟု သိရ၏။

ကျွန်တော်တို့အဖို့ ရေဆုံးရေဖျား လိုက်ဖို့သာ ရှိတော့သည်။ ကျွန်တော်မြို့ကို ပြန်သည်။ သူ့အိမ်ကို ကျွန်တော် ဝင်ထွက်သွားလာနေကြခြင်းဖြစ်၍ သူနှင့်တွေ့ဖို့ အခက်အခဲ ရှိမည်မထင်။ သို့ရာတွင် အံ့သြစရာကြုံရသည်။ သူ မြို့ကို ပြန်လာခြင်း မဟုတ်။ လုပ်အားပေးလိုက်သွားမည်ဖြစ်၍ ဒီတစ်ခါ ကျောင်းပိတ်ရက်တွင် အိမ်ပြန်လာမည် မဟုတ်ကြောင်း သူ့မိဘတွေဆီ စာရေးလိုက်သည်ဟု သိရ၏။

ဒါတွေ မင်းမသိဘူးလား၊ မင်းနဲ့ မတွေ့ဘူးလား၊ မင်းကို သမီးက ဘာမှမပြောဘူးလား ဆိုသော အလွှန်အဖြေရခက်သည့် မေးခွန်းများကို ယုတ္တိရှိအောင် ပြန်ဖြေနိုင်ခဲ့ခြင်းအတွက်ပင် ကိုယ့်ကိုယ်ကို ကျေးဇူးတင်ရသေးတော့သည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။ ဘာမှ မလုပ်ချင်တော့ ဖြစ်လာသမျှ လည်စင်းခံလိုက်ဖို့သာ ရှိတော့သည်။ ရှင်းလို့လည်း ရတော့မည် မဟုတ်။ ပတ်ဝန်းကျင်ကကျွန်တော်သည် မြနွယ်ကို ရက်စက်စွာအသည်းခွဲခဲ့သူအဖြစ် တစ်ထစ်ချယုံကြည်နေကြပြီ။ ကျွန်တော်တို့ မြို့သို့ သတင်းရောက်မလာသေးခြင်းကိုပင် တော်သေးသည်ဟု ယူဆရသည်။ မြို့သာ ဒီသတင်းဖြစ်ပေါ်လာလျှင် ကျွန်တော် နေစရာရှိတော့မည် မဟုတ်။

❖ ❖ ❖

ကျောင်းပိတ်ရက်များကို ခက်ခဲပင်ပန်းစွာ ကူးခတ်ကျော်လွှားနေရသည်။ မနှင်းဆီကို သတိရလိုက်သည်မှာ ဖျပ်ဖျပ်လူးနေ၏။ မြနွယ်ကိုကော မြနွယ်ကို အစက စိတ်ဆိုးသည်။ နောက် စိတ်မဆိုးချင်တော့။ စိတ်ဆိုးနိုင်သော အားအင်လည်း မရှိတော့။ ကျွန်တော်သည် ခြေကုန်လက်ပန်းကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ကျောင်းဖွင့်ရက်ကို ရောက်လာသည်။ ကျွန်တော်ကျောင်းကို ပြန်မသွားချင်တော့။ ကျောင်းကိုရောက်သည်နှင့် သစ္စာမဲ့သူအဖြစ် ဝိုင်းဝန်းကြည့်ရှုသည့် မျက်လုံးများနှင့် ရင်ဆိုင်ရမည်။ ထိုဒဏ်ကို ကျွန်တော် မခံနိုင်။

ကျောင်းဖွင့်၍ ဆယ်ရက်ခန့်လွန်လာသည်အထိ ကျွန်တော် မသွားဖြစ်။ ကျွန်တော့် အုပ်ထိန်းသူများဖြစ်ကြသော အစ်မနှင့်ယောက်ဖတို့ကို ဖြစ်သမျှအကြောင်း အားလုံးပြောပြသည်။ သူတို့က ကျောင်းပြန်တက်ဖို့သာပဲ တွင်တွင်တိုက်တွန်းနေသည်။ ကျွန်တော်ကတော့ နေမြဲနေဆဲ။

ထိုစဉ် မြနွယ်ဆီက စာတစ်စောင်ကို ရသည်။

◆ ◆ ◆

နှင် ကျောင်းကို ပြန်မလာတာ သိရတော့ ငါ သိပ်စိတ်ထိခိုက်သွားရတယ်။ နှင် ခုလို ဒုက္ခခံစားနေရတာဟာ ငါ့အပြစ်တွေချည်းပါပဲ။ ငါ မရှက်မကြောက် ပြောပါရစေတော့။ နှင့်ကို ငါ သိပ်တွယ်တာမိခဲ့တယ်။ ငါ ထင်သလို ဖြစ်မလာတော့ ငါ သိပ်ခံစားရတယ်။ လူတွေက ငါ့ကို ချစ်သူပစ်မလေးဆိုပြီး ဝိုင်းသနားလာကြတဲ့အခါ ငါ့စိတ်ထဲမှာ တစ်မျိုးဖြစ်လာတယ်။ နှင့်အချစ်ကို မရခဲ့ပေမယ့် နှင့်ရဲ့ စွန့်ခွာပစ်ပြေးခြင်းခံရတဲ့ လူတစ်ယောက်လို့ လူတွေကထင်တာကို သာယာလာမိတယ်။ နောက်ဆုံး မနှင်းဆီကိုတောင် နှင်က ငါ့ကို စွန့်ပစ်ခဲ့ပါတယ်လို့ ပြောမိတဲ့အထိ ဖြစ်သွားတယ်။ စိတ္တဇဝေဒနာတစ်မျိုး စွဲကပ်ခဲ့တယ်လို့ ဆိုချင်လဲဆိုပါတော့။ ဒါပေမယ့် ခုလို နှင် ဒုက္ခရောက်နေတာမြင်တော့ ငါ မကြည့်ရက်တော့ဘူး။ ငါလုပ်ခဲ့တာတွေဟာ ဘာမှအကျိုးမရှိဘူးဆိုတာလဲ သိလာတယ်။ ဒါကြောင့် မနှင်းဆီကို အကြောင်းစုံရှင်းပြလိုက်ဖို့ ဆုံးဖြတ်ပြီးပါပြီ။ နှင် ကျောင်းပြန်တက်ပါ။ နှင့်အတွက် အားလုံးပြေလည်သွားမှာပါ။

ထိုစာကိုဖတ်ပြီး ကျွန်တော် ဝမ်းသာသင့်သည်ဖြစ်၏။ သို့ရာတွင် ဝမ်းမသာနိုင်။ ထိုစာရောက်မလာမီ နှစ်ရက်အလိုမှာပင် သတင်းစာထဲမှာ မနှင်းဆီ၏ စေ့စပ်ကြောင်းလမ်းခြင်းကြော်ငြာကို တွေ့ခဲ့ပြီး ဖြစ်သောကြောင့်ပင်။



ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့။ ကံကိုသာ ဝမ်းနည်းတော့သည်ဟု ပြောရုံသာ ရှိ၏။ ဝတ္ထုတွေ ရုပ်ရှင်တွေလို့ မြနွယ်၏အချစ်ကို သဘောပေါက်နားလည်ပြီး ပြန်ပေါင်းထုပ်ကြဖို့ဆိုသည်မှာလည်း စိတ်ကူးယဉ်ဆန်လွန်းလှသည်။

ကျွန်တော့်အဖို့ အခံစားရဆုံးကိစ္စကတော့ မြနွယ်နှင့် ဖြစ်ပျက်ခဲ့သည်ဆိုသော သတင်းသာ မပေါ်ပေါက်ခဲ့လျှင် မနှင်းဆီက ကျွန်တော့်အချစ်ကို လက်ခံနိုင်လောက်သည်ဟု ကြားသိခဲ့ရခြင်းပင်။ သို့ရာတွင် ကျွန်တော့်အချစ်သည် ပြက္ခဒိန်ဟောင်း တစ်ခုလိုသာ ဖြစ်၏။ ရှိမြဲရှိနေသော်လည်း ဘာမျှအသုံးမဝင်တော့ပါပြီ။

(ပန်းဝေသီ၊ ၁၉၈၈၊ ဧပြီ)

www.burmeseclassic.com

www.burmeseclassic.com



## သူတစ်ယောက်မှာ

သူ့ကို နာမည်ရင်းမခေါ်ဘဲ မောင်မောင်တုတ်ဟူ၍သာ ကျွန်တော်တို့ ခေါ်ကြသည်။ မြန်မာရာဇဝင်မှာ မိန်းမရှုပ်ပွေသော ရနောင်မောင်မောင်တုတ်နှင့် စရိုက်ချင်းတူသောကြောင့် ဖြစ်၏။ သူကလည်း ဒီလိုခေါ်သဖြင့် စိတ်မဆိုး၊ ခုလို ရှုပ်နိုင်ပွေနိုင်တာကပင် သူ့အရည်အချင်းကြောင့်ဟု ဂုဏ်ယူတတ်သူ ဖြစ်၏။

တကယ်တော့ သူသည် လူပျိုမဟုတ်ချေ။ မိန်းမရှိသည်။ ကလေးနှစ်ယောက်လည်း ရှိသည်။ မိန်းမ နှင့်ကလေး နှစ်ယောက်ကို နယ်မြို့တစ်မြို့မှာထားပြီး သူက ရန်ကုန်မှာ တစ်ယောက်တည်း လာနေသည်။ နှစ်လ သုံးလ တစ်ခါလောက် သူ့မိန်းမဆီ ပြန်တတ်သည်။ ကြည့်ရတာ သူ့မိန်းမကလည်း သူ့အကြောင်း သိပါလျက် မတတ်သာ၍ လွှတ်ထားရခြင်း ဖြစ်ဟန်တူသည်။

သူက အတွေ့တွေ့ပွဲစားဖြစ်၏။ အလုပ်အကိုင်လည်လည်ပတ်ပတ်ရှိသဖြင့် ငွေကြေးပြေလည်သည်။ သုံးနိုင်စွဲနိုင်သည်။ အဝတ်အစားအကောင်းစားဝတ်ပြီး ကြော့နေအောင် နေတတ်သည်။အပြောကောင်းသူလည်း ဖြစ်၍ သူက တစ်ကိုယ်ရေတစ်ကာယသမားပါဟု ပြောသောအခါ မိန်းမတွေက ယုံတတ်ကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း လှုပျို့တွေနေသည့်ပုံစံအတိုင်းနေသည်။ တစ်ကိုယ်ရေတစ်ကာယ သမားချည်းစုပြီး ငှားနေသော အိမ်ခန်းမှာ လာနေသည်။ ကျွန်တော်တို့ငှားနေသော အိမ်ခန်းမှာ ရုံးအလုပ်သမားတွေ၊ ကျောင်းဆရာတွေ၊ အပြင်လုပ်ငန်းလုပ်သူတွေ တစ်ခန်းမှာ နှစ်ယောက်နေကြခြင်း ဖြစ်၏။ မောင်မောင်တုတ်ကတော့ တစ်ယောက်တည်း တစ်ခန်းသပ်သပ်နေသည်။ သူက တတ်နိုင်သူဖြစ်သဖြင့် သူ့အခန်းမှာ ရေဒီယို၊ ကက်ဆက်၊ စားပွဲတင်ပန်ကာတို့ ရှိသည်။ သူ့အခန်းရှေ့က ဖြတ်သွားလျှင် ရေမွှေးနံ့ ပေါင်ဒါနံ့တို့ သင်းပျံ့နေတတ်သည်။

မောင်မောင်တုတ်သည် ကြွားကလည်း ကြွားတတ်သည်။ သူအလုပ်လုပ်တာ ဘယ်လောက်တော်ကြောင်း၊ ငွေ ဘယ်လောက်ရကြောင်း၊ ဘယ်လိုဆုံးဖြတ်နိုင်ကြောင်း စသည်ဖြင့်၊ သူ မကြာခဏ ကြွားလေ့ရှိသည့်ကိစ္စကတော့ သူ မိန်းမဘယ်လောက်စွံသည့် အကြောင်းပင်ဖြစ်၏။ သူနှင့် အဆက်ဖြစ်ခဲ့ဖူးသော မိန်းကလေးတို့၏ ဓာတ်ပုံများကို အယ်လ်ဘမ်တစ်ခုထဲတွင် ထည့်ထားပြီး ကျွန်တော်တို့ကို ပြတတ်သည်။ များသောအားဖြင့် ဓာတ်ပုံတစ်ခုကို လက်ညှိုးထိုးပြပြီး ထိုမိန်းကလေးနှင့် ဘယ်လိုတွေပြီး ဘာတွေဖြစ်ခဲ့ကြောင်း ပြောပြလေ့ရှိသည်။ တစ်ခါတလေတော့ သူနှင့် နောက်ဆုံးတွဲသော ကောင်မလေးတစ်ယောက်အကြောင်း ပြောပြလေ့ရှိသည်။

သူက မိန်းကလေးတွေအကြောင်း ပြောသည့်အခါတွင် ထုတ်ဖော်မပြောသင့်သည့် လျှို့ဝှက်အပ်သောကိစ္စတွေပါ ခရေစေ့တွင်းကျပြောပြတတ်၏။ သားမယားရှိပါလျက် မိန်းကလေးတွေကို ညာပြီးတွဲတာကပင် လွန်လှပြီ။ ခုလို တစ်ဖက်သား၏ဂုဏ်သိက္ခာကို မငဲ့ကွက်ဘဲ အကုန်ဖွင့်ပြောတတ်တာမျိုး ကျွန်တော် မကြိုက်။ သို့ရာတွင် ကျွန်တော်က နှုတ်နည်းသူဖြစ်၍ ဘာမျှ မပြောဖြစ်ချေ။

တချို့ကတော့ သူ့ကို ဝေဖန်တတ်သည်။ ကျောင်းဆရာတစ်ယောက်ကဆိုလျှင် ပြစ်တင်ရှုတ်ချခြင်း ပြု၏။ သို့ရာတွင် သူက ဂရုမစိုက်။ သူ့စိတ်ထဲမှာ ဒီအိမ်ခန်းမှာနေသူများသည် သူ့လောက် အလုပ်အကိုင် မကောင်း။ သူ့လောက် ငွေမရှိ။ ထို့ကြောင့် သူ့အဖို့ ဂရုစိုက်စရာ အလေးထားစရာမဟုတ်ဟု ထင်နေပုံရသည်။



ဒီမှာနေကြသူတွေကလည်း ရုံးစာရေး၊ ဈေးသည်၊ မူလတန်းပြဆရာ ဆိုတာလောက်ပင်ဖြစ်၍ သူက အထင်သေးနေခြင်း ဖြစ်၏။ ကျွန်တော်တစ်ယောက်သာ သုံးရာ့နှစ်ဆယ်စကေး အရာရှိငယ်တစ်ယောက်ဖြစ်၏။ သို့တိုင်အောင် ကျွန်တော်က ခပ်ကုပ်ကုပ်နေသဖြင့် သူ့အဖို့ မှုလောက်စရာမရှိဘဲ ဖြစ်နေပြန်၏။

သို့ဖြင့် သူသည် နဂိုက ကြွားတတ်သည့်ညာဉ်ရှိရသည့်အထဲ အားလုံးက သူ့ထက်နိမ့်သည်ဟု ထင်နေပြန်သောအခါ ကျွန်တော်တို့တစ်တွေကို ခပ်နှိမ်နှိမ် ခပ်ကျောကျော ဆက်ဆံလာလေတော့သည်။တစ်ယောက်ယောက်က အဝတ်အစား အဟောင်းအစုတ် ဝတ်တာတွေလျှင်...

'ဟော့ကောင် အင်္ကျီလုံချည်မရှိရင် ငါ့အခန်းလာယူကွ၊ ငါ့မှာ အများကြီး ရှိတယ်၊ မင်းလုံချည်ကလဲကွာ၊ ငါဆို ဒီလောက်ဟောင်းရင် ရေလဲပုဆိုးတောင် မလုပ်တော့ဘူး'ဟု နောက်သလို ပြောင်သလို နှိမ်တတ်သည်။ ကျောင်းဆရာကို သူတစ်ခါ သွားကျောတုန်းကတော့ ဟိုကပက်ခနဲ ပြန်အုပ်ခဲ့ဖူး၏။

'ကျောင်းဆရာ ခင်ဗျားကျောင်းစိမ်းကလဲဗျာ မြက်ခြောက်ရောင်ထနေပြီ၊ ကျွန်တော့်ဆီမှာ တက်ထရွန် အစိမ်းတစ်စရှိတယ်၊ လာယူပါဗျာ စားပွဲခင်းတပ်မလို့ ဝယ်ထားတာ'

'နေပါစေဗျာ၊ ကိုယ့်မှာရှိတဲ့အစုတ်ကိုပဲ သန့်သန့်နဲ့ ဝတ်ပါ့မယ်' ဟု ကျောင်းဆရာ ပြန်ပြောလိုက်သည်။

သူ့ကို သိပ်သဘောမကျသော်လည်း တစ်အိမ်တည်းနေကြသူများအဖို့ မလွှဲမရှောင်သာ ဆက်ဆံပြောဆိုနေကြရသည်။ အချို့ကတော့ ခပ်တန်းတန်းသာ ဆက်ဆံကြ၏။ သူကလည်း သူ့ကို မကြည်ဖြူသူတွေဖြစ်နေကြောင်း သိသောအခါ ပြန်၍ ရွဲ့သည့်အခါတွေ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာနေသူများသည် ချို့တဲ့ကြသဖြင့် ထမင်းဆိုင်မှာ နေ့စဉ်ဝယ်စားနိုင်ကြသူများ မဟုတ်ကြ။ ထမင်းချိုင့် တစ်ယောက်စာမှာပြီး ထမင်းထပ်ချက်၍ နှစ်ယောက်မျှစားသူများ။ ကိုယ့်ဘာသာ ချက်ပြုတ်စားကြသူများသာ ဖြစ်ကြ၏။ ဟင်းကလည်း ဘဲဥကြော်၊ ဝက်ခေါင်းသုပ်၊ ပဲကုလားပဲဟင်းတို့သာ ဖြစ်သည်။

မောင်မောင်တုတ်တို့ကတော့ နေ့စဉ် ဆိုင်တကာလှည့်လည်နေသူဖြစ်၏။ တစ်ခါတလေ ဘဲကင်၊ ဂဏန်းပေါင်း စသည်တို့ ဝယ်လာပြီး ဘီယာဘူးတွေ ဖောက်သောက်ရင်း မြည်းတတ်သည်။ တမင် သူများသွားရည်ကျအောင် လုပ်ပြခြင်း ဖြစ်၏။

'ဘီယာလေး ဘာလေး သောက်ကြပါဦး၊ အသားစုံကြော်လေးနဲ့'

ဟု တကယ်ခေါ်ခြင်းမဟုတ်ဘဲ ဟန်လုပ်တတ်သည်။

ဤသို့ဖြင့် သူနှင့်တခြားလူတွေကြားမှာ မပြေမလည်တာလေးတွေ ရှိလာ၏။ ကျွန်တော်ကတော့ သူလာကျောလည်း ဘာမှပြန်မပြော။ သူ့မှာ ကြားလည်း နားထောင်နေလိုက်သဖြင့် သိပ်ပြဿနာမရှိ။

❖ ❖ ❖

သို့ရာတွင် သူနှင့် ကျွန်တော် ငြိစရာကိစ္စလေးတစ်ခု ပေါ်လာသည်။ တစ်ရက် ကျွန်တော်ရုံးခန်းထဲမှာ တစ်လအတွင်း လုပ်ငန်းအခြေအနေတွေ ပြန်စစ်နေတုန်း အပြင်ဘက်က စကားသံကြားရသည်။ မောင်မောင်တုတ်အသံနှင့်တူသဖြင့် နားစွင့်မိ၏။ ကျွန်တော့်လက်အောက်က အထက်တန်းစာရေး တစ်ယောက်ကို သူက ပြောနေခြင်း ဖြစ်ပါ၏။

'လုပ်ပါဆရာရယ်၊ ကျွန်တော် အရေးကြီးလို့ပါ၊ အခုပဲ သွားလက်မှတ်ထိုးခိုင်းပေးပါ'

'မဟုတ်ဘူးဗျ၊ ခင်ဗျား ကိစ္စက မြို့နယ်အထွေထွေ ဦးစီးဌာနက ကန့်ကွက်ဖို့မရှိကြောင်း စာတစ်စောင်လိုနေတယ်'

'ဟာ...ဆရာ့ ဆရာ ပြီးရင်ပြီးပါတယ်'



သူက အတင်းပြောနေသဖြင့် စာရေးက သူ့ကို ကျွန်တော့်ဆီခေါ်လာသည်။

'ဆရာ ဟောသည်က'

စာရေးက စကားစရုံရှိသေးသည်။ သူက...

'ဟာ...မင်း ဒီရောက်နေတာကိုး၊ ဒီပြောင်းလာတာ ငါတောင် မသိဘူး'

သူက ဆရာခေါ်သူက ကျွန်တော့်ကို ဆရာခေါ်သဖြင့် နည်းနည်းတော့ အောင့်သက်သက် ဖြစ်လိမ့်မည်။ ထို့ကြောင့် ကျွန်တော့်ကို မင်းတစ်လုံး ငါတစ်လုံးပြောရင်း အထက်စီးကဆက်ဆံဖို့ ကြိုးစားနေ၏။ ကျွန်တော်က...

'ခင်ဗျားကိစ္စက သူပြောသလိုစာတစ်စောင် လိုနေတယ်ဗျ။ ဒါမှ ကျွန်တော် လက်မှတ်ထိုးပြီး တင်ပေးလို့ရမယ်'

'ဟာကွာ...အချင်းချင်းတွေပဲ၊ မင်းပြီးရင် ပြီးပါတယ်။ ငါ အရင်လဲ ဒီလိုပဲ'

'ဆောရီးပဲဗျာ၊ မဖြစ်လို့ပါ'

သူက တစ်ချက်တွေသွားသည်။ နောက်ပြုံး၍ ခေါင်းညိတ်လိုက်ပြီး ကျွန်တော့်ကို မျက်စိတစ်ဘက် မှိတ်ပြလိုက်၏။

ညနေကျတော့ ကျွန်တော် ရုံးကအပြန် သူ စောင့်နေ၏။

'လာကွ၊ တစ်ခုခု သွားစားရအောင်၊ ဘီယာလေးဘာလေးလဲ သောက်ရင်း စကားပြောချင်တယ်'

သူ ဘာကြောင့် ခေါ်ကြောင်း ကျွန်တော် သိသည်။

'ကျွန်တော် မသောက်ချင်ဘူးဗျ၊ ဘာမှလဲ မစားချင်ဘူး'

'မင်းကလဲကွာ၊ လာစမ်းပါ'

သူက ဖွတ်ခေါ်နေသည်။ ကိစ္စပြတ်သွားအောင် ပြောလိုက်ရသည်။

'ကျွန်တော် ညွှန်မှူးအိမ်သွားရမှာမို့ပါ။ ခင်ဗျားကိစ္စ အချက်အလက်ပြည့်စုံအောင်သာ လုပ်ခဲ့ပါ၊ ကျွန်တော် ချက်ချင်းတင်ပေးပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်နှင့် မပြီးသေး။ ညကျတော့ အခန်းထဲမှာ ကျွန်တော် တစ်ယောက်တည်းရှိနေချိန် သူဝင်လာသည်။

'ငါကလဲ ငါပဲကွာ၊ အလိုက်ကန်းဆိုးမသိဘူး၊ ရုံးက လူတွေကြား ထဲမှာဆိုတော့ မင်းလဲ လုပ်ပေးရမှာခက်မှာပေါ့၊ ကဲ... မနက်ဖြန် ငါလာခဲ့ မယ်ကွာ'

ပြောပြောဆိုဆို စားပွဲပေါ်သို့ စာအိတ်ရှည်တစ်အိတ်ပစ်ချပြီး ပြန်ထွက်သွားသည်။ အိတ်ထဲမှ ငွေငါးရာလောက်တော့ ပါမည်ဖြစ်ကြောင်း သိသည်။ ကျွန်တော် နည်းနည်း စိတ်ဆိုးသွားသည်။ စာအိတ်ကိုကောက် ယူပြီး သူ့အခန်းသို့ ချက်ချင်း လိုက်သွားသည်။ သူ ကျွန်တော့်ကို ပြုံးပြ သည်။ ကျွန်တော်က ခပ်ဆတ်ဆတ်လေသံဖြင့်...

'ခင်ဗျားပစ္စည်း ပြန်ယူပါ၊ ကျွန်တော် အဲဒီလိုလူစား မဟုတ်ဘူး'

စာအိတ်ကို မွေ့ရာပေါ် ပစ်ချပေးပြီး သူက ဘာမှ ပြန်မပြောနိုင်ခင် ပြန်ထွက်ခဲ့သည်။

သူ ကျွန်တော့်ကို စိတ်ဆိုးသွားဟန်တူသည်။ တစ်ပတ်လောက် စကားမပြောဘဲ နေသည်။ နောက်တော့လည်း ပုံမှန်အတိုင်း ပြန်ဖြစ်သွား သည်။ သို့ရာတွင် ကျွန်တော့်ကို ကြုံလျှင် ကြုံသလို ရိတိတိ လုပ်တတ် သည်။

ကျွန်တော့်အခန်းထဲဝင်လာပြီး နံရံပေါ်မှာ ဟိုကြည့်သည်ကြည့်လုပ် တတ်သည်။

'ဘာကြည့်တာလဲဗျ'

ဟုမေးလျှင်...

'သြော်...အမှုထမ်းကောင်းလက်မှတ် ဘယ်နားချိတ်ထားသလဲလို့ ရှာကြည့်တာပါ'

ဟု သရော်တော်တော် ပြောတတ်၏။

❖ ❖ ❖



'ကျွန်တော်က တစ်ခါတလေ ရုံးတွေလိုက်ပြီး စာရင်းစစ်ရတယ်ဗျ၊ အဲဒါ စီမံကိန်း ရေးဆွဲရေးဌာနမှာ သူနဲ့တွေ့တာပဲ၊ သိပ်လှတယ်ဗျ၊ အဲ... ယဉ်တယ်ပေါ့လေ၊ ကျွန်တော့်ကိုလဲ စိတ်ဝင်စားပုံရတယ်၊ ဒီနေ့တော့ ဗျာ သူတို့ရုံးမှာ အလုပ်ကိစ္စနဲ့ တစ်နေကုန်တာပဲ၊ ရုံးဆင်းတော့ သူ့ကို အအေးသောက်ဖို့ခေါ်တာ လိုက်လာတယ်ဗျ၊ ဒါနဲ့ အအေးသောက်ရင်း စကားပြောကြတာပေါ့ဗျာ၊ ပြေလည်ဖို့ကျိန်းသေတယ်၊ နောက်တစ်ခါ တွေ့ရင် ဖွင့်ပြောတော့မယ်ဗျာ'

ဟု ကျွန်တော်က ပြောရာ အခန်းဖော်ကိုသိန်းဝင်းက...

'ဒါနဲ့ မင်း အူမြူးပြီး ဝင်သောက်လာတယ်ဆိုပါတော့'

'ရမ်နှစ်ပက်တည်း သောက်လာတာပါဗျာ'

ထိုစဉ်မှာပင် မောင်မောင်တုတ်အခန်းထဲဝင်လာသည်။ သူ့မျက်နှာ မချိုမချဉ်လုပ်ပြီး...

'မင်းပြောနေတာ ငါ ကြားပါတယ်ကွ၊ မင်းပြောတဲ့ မြတ်မြတ်ထွေး ဆိုတဲ့ ကောင်မလေးက ငါနဲ့ တော်တော်ခင်တယ်ကွ၊ ငါကြိုက်ရင် ရတာ ပေါ့၊ ဟဲ...ဟဲ၊ နည်းနည်းပိန်နေလို့ ငါက ပယ်ခဲ့တာကွ'

ကျွန်တော်သည် ဒီတစ်ခါတော့ ထောင်းခနဲ ဒေါသဖြစ်သွားသည်။

'ခင်ဗျား ကြိုက်လို့ရရင် ကြိုက်လိုက်လေဗျာ၊ ခင်ဗျား စွမ်းမယ်ထင်ရင်ပေါ့'

သူက ပြုံး၍ ခေါင်းတညိတ်ညိတ်လုပ်ရင်း ထွက်သွားသည်။

ကျွန်တော် အံ့သြရသည်။ မြတ်မြတ်ထွေးကို ကျွန်တော် ဖွင့်ပြော လိုက်သောအခါ သူက 'ကျွန်မမှာ ချစ်သူ ရှိပြီးသားပါ' ဟု ဆိုသည်။

ရက်အတန်ကြာသည်အထိ အကြောင်းရင်းကို ကျွန်တော် မသိ သေး။ မောင်မောင်တုတ်က ကျွန်တော့်ကို ဓာတ်ပုံလာပြတော့မှ သိသည်။ မြတ်မြတ်ထွေး၏ ဓာတ်ပုံ။ ကျောဘက်မှာ 'ချစ်သော အစ်ကိုသို့' ဟု ရေးထားသည်။

'ကဲ...ဘယ်နှယ်ရှိစ၊ စွမ်းမယ်ထင် လုပ်လိုက်ဆို၊ အခု ဘယ်သူစွမ်းတာ မင်းသိပြီ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



သူ၏လျှောင်ပြုံး၊ ထေ့ပြုံး၊ နိုင့်ထက်စီးနင်း အပြုံးများကို ကျွန်တော် မရှုမလှခံနေရသည်။ ကိုသိန်းဝင်းကသာ ကျွန်တော့်လက်ကို မသိမသာဖမ်းယူ ဆုပ်မထားလျှင် မောင်မောင်တုတ်ကို ကျွန်တော် ဆွဲထိုးလိုက်မိမည်မှာ အမှန်ပင်။

မောင်မောင်တုတ်သည် တစ်ခါက သူ့အလုပ်ကိစ္စအတွက် မကူညီခဲ့သဖြင့် ကျွန်တော့်အပေါ် အငြိုးထားခဲ့လိမ့်မည်။ ထို့ကြောင့် ကျွန်တော့်ကို လှလှပပ လက်စားချေလိုက်ခြင်းပင်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ခံပြင်းရတာကလွဲ၍ ဘာမှ မတတ်နိုင်။

မြတ်မြတ်ထွေးသည် ဒီလောက် ညံ့လိမ့်မည်ဟု မထင်ခဲ့။ သို့တည်းမဟုတ် သူကိုယ်တိုင်ကလည်း မောင်မောင်တုတ်လို ကောင်မျိုးကိုမှ သဘောကျတတ်သူမျိုးလား။ သို့မဟုတ်လျှင်လည်း မောင်မောင်တုတ်ကပင် သိပ်စွမ်းလွန်းလို့လား။

မြတ်မြတ်ထွေး၏ အချစ်ကို ကျွန်တော် မရတော့မှန်း သိသည်။

သူ့အပေါ် မေတ္တာတော့ မပျက်၊ စေတနာလည်း မကွက်ခဲ့။ မောင်မောင်တုတ်သည် သူ့ကို ဇာကယ်ချစ်တာ မဟုတ်။ အတည်ကြံခြင်းလည်း မဟုတ်၊ ကျွန်တော့်ကို ချိုးနှိမ်ဖို့ အသုံးချခဲ့ခြင်းသာ ဖြစ်၏။ မောင်မောင်တုတ်သည် သူ့ဘဝကို ဖျက်ဆီးပစ်မှာ သေချာသည်။ ဒါမျိုးမဖြစ်အောင် ကျွန်တော် တားဆီးသင့်သည်ဟု ထင်၏။ အခန်းဖော် ကိုသိန်းဝင်းကို တိုင်ပင်ကြည့်တော့ သူက ပြောသည်။

'သူ့စရိုက်နဲ့ သူ သွားစမ်းပါစေကွာ၊ ဒီလိုကောင်မျိုးကိုမှ မက်မောတဲ့မိန်းမမျိုး နည်းနည်း ပညာရသွားအောင် လွှတ်ပေးလိုက်စမ်းပါ'

သို့ရာတွင် ကျွန်တော်ကတော့ မနေနိုင်၊ ဒီကိစ္စကို တစ်နည်းနည်းဖြေရှင်းရမည်။ ကျွန်တော် စာတစ်စောင်ရေးသည်။ ကျွန်တော့်နာမည်နှင့်ရေးလျှင် မနာလိုလို့ ဖျက်လိုဖျက်ဆီးလုပ်တယ် ထင်မည်။ ထို့ကြောင့် အတွင်းသိတစ်ဦးဆိုပြီး ရေးလိုက်သည်။ စာထဲတွင် မောင်မောင်တုတ်သည် လူပျိုမဟုတ်။ မိန်းမနှင့် ကလေးနှစ်ယောက်ရှိသည်။ မယုံလျှင်



စုံစမ်းကြည့်နိုင်ဖို့ နယ်မှာရှိသည့် သူ့မိန်းမနာမည်နှင့် လိပ်စာပါ ထည့်ရေးပေးလိုက်သည်။ ထိုစာကို မြတ်မြတ်ထွေးဆီ ပို့လိုက်၏။

ရက်သတ္တပတ်ခန့် ကြာသွားသည်။ တစ်ရက် ကျွန်တော်ရုံးအဆင်းတွင် ရုပ်ရှင်ဝင်ကြည့်နေသဖြင့် အိမ်ပြန်နောက်ကျသည်။ အိမ်အဝင်ဝကတည်းက ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေကြားရသည်။ မောင်မောင်တုတ်သူ့အခန်းမှာမူးပြီး ရမ်းနေခြင်း ဖြစ်၏။ သူ့အခန်းရှေ့အဖြတ်တွင်...

'သတ်မယ်...သတ်မယ်၊ ငါ့ကို ဒီလိုလုပ်လို့ ရမလားကွ ဟင်း'

ဆိုပြီး အခန်းနံရံကို ဝုန်းခနဲ ဆောင့်ကန်လိုက်တာ ကြားရသည်။ ကျွန်တော့်စာကြောင့် မြတ်မြတ်ထွေးက သူ့ကို ကန်ထုတ်လိုက်ပြီ။ ချက်ချင်းပင် ကျွန်တော် စိုးရိမ်သွား၏။ ထိုစာကို ကျွန်တော်ရေးကြောင်း သူ ရိပ်မိနိုင်သည်။ ဒါဆိုကျွန်တော့်ကို သူ ရန်လုပ်လာနိုင်သည်။ ကျွန်တော်လည်း ကိုယ့်အခန်းထဲပြန်ဝင်ပြီး တံခါးပိတ်ထားလိုက်သည်။ အခန်းထဲမှာ ကိုသိန်းဝင်းကတော့ ခပ်အေးအေးပင်။ စာအုပ်တစ်အုပ်ဖတ်နေသည်။ ကျွန်တော်က မနေနိုင်ဘဲ...

'ဟိုလူ ဘာဖြစ်နေတာလဲဗျ'

ဟု မေးလိုက်သည်။ ကိုသိန်းဝင်းက စာအုပ်က စာမျက်နှာမခွာဘဲ...

'လူပါးဝလင်းထိလို့ပဲ ခေါ်ရမလား၊ လည်လွန်းတဲ့ဘီး ချေးနင်းမိတယ်ပဲ ပြောရမလား မသိဘူးကွ၊ အခု ဒီကောင်ကောင်းကောင်း ခံနေရပြီလေ၊ ဝင်္ဂလည်တဲ့ သဘောပေါ့ကွာ'

'ဘာဖြစ်လို့လဲ'


'နယ်မှာထားခဲ့တဲ့ သူ့မိန်းမက သူတို့မြို့က ကောင်လေးတစ်ယောက်နဲ့ လိုက်ပြေးသွားလို့လေ'

'ဟင်း' ဟု ရေရွတ်လိုက်မိသည်။ ဒီလူ ခုလို ခံလိုက်ရတာကို ကျွန်တော် ဝမ်းမသာနိုင်အားသေးပါ။ ကျွန်တော် ရေးထည့်လိုက်သောစာကို မြတ်မြတ်ထွေးရဖြစ်အောင်ရပါစေဟူ၍သာ စိတ်ထဲက ဆုတောင်းမိသည်။

(မြဝတီ၊ ၁၉၇၉၊ မတ်)

www.burmeseclassic.com

www.burmeseclassic.com




# ကံမကုန်လျှင်

ဖြူစင်ကို အသက်ရှင်လျက် ပြန်တွေ့လိုက်ရသလားဟု ထင်မိသေးသည်။ မဖြစ်နိုင်။ ဖြူစင်ရှိနေလျှင် ဒီလောက် အသက်မငယ်နိုင်တော့။ ဘာပဲဖြစ်ဖြစ် အဝတ်အစားနှင့် ဆံပင်ပုံစံ ကွာခြားသည်ကလွဲ၍ နောက်ဆုံးအကြိမ် တွေ့ခဲ့ရသောဖြူစင်နှင့် တစ်ထေရာတည်းလောက် တူသည်မှာ အမှန်ပင်။

'ညီမလေး နီခင်က ခုနစ်တန်းလေ၊ ဖြူစင်နဲ့တော်တော်တူတယ်' ဟု ဖြူစင် ပြောခဲ့ဖူးသည်။ ပြီးတော့ သူငယ်ချင်းတစ်ယောက်၏ မင်္ဂလာဆောင်သို့ နီခင်ကို ခေါ်ခဲ့ဖူးသည်။ ထိုစဉ်က နီခင်သည် အပျိုဖော်ဝင်စ ရှက်ရွံ့ရွံ့ကလေး။ ခုကျတော့။

သူငယ်ချင်းတွေနှင့် နောက်ပြောင်ရယ်မောနေရာမှ ဒီဘက်လှည့်အကြည့် မိမိကို မြင်သောအခါ တစ်ချက် မျက်မှောင်ကုတ်သည်။ စူးခနဲရဲခနဲ ကြည့်သည်။ ရယ်မောပျော်ရွှင်ခြင်းမှ တင်းမာခက်ထန်ခြင်းသို့ ရုတ်တရက်ပြောင်းလဲသွားပုံမှာ မယုံနိုင်လောက်အောင် မြန်ဆန်လွန်းလှသည်။

နီခင်သည် သူ့ကို ဘာကြောင့် မုန်းတီးနေရသနည်း။ ဖြူစင်ကား နီခင်ကို ဘာပြောခဲ့သနည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



'နီခင်...ဘာဖြစ်သွားတာလဲဟ၊ ငါပြောတာ မရယ်ရဘူးလား'

သူ့ကို လိုက်စကားပြောသော ကျောင်းသားတစ်ယောက် ခြေလှမ်းတွေမှားပြီး ခလုတ်တိုက်လဲပုံကို အားရပါးရပြောပြနေသော သူငယ်ချင်းက မေးသည်။ နီခင်ကလွဲ၍ တစ်အုပ်စုလုံး ရယ်လို့မဆုံးသေး။ နီခင်ရုတ်တရက် မျက်နှာတည်သွားသဖြင့် မေးခြင်း ဖြစ်၏။ နီခင် ကြည့်နေရာသို့ သူငယ်ချင်းက လိုက်ကြည့်ပြီး...

'သြော်...နီခင်ရယ်၊ ဒါစိတ်ဆိုးစရာမှ မဟုတ်တာ၊ နီခင်လှလို့ ကြည့်တာပဲ၊ ကြည့်ပါစေ၊ သနားပါတယ်'

'မဟုတ်ပါဘူး'

ဟု နီခင်က ပြန်ပြောလိုက်သည်။

ဒီလိုလူမျိုးကိုများ မမက ဘာဖြစ်လို့ချစ်ခဲ့ရတာလဲ၊ ဘာကြောင့် စွဲစွဲလမ်းလမ်း ဖြစ်ခဲ့ရတာလဲ၊ သူနဲ့ခွဲခွာရတဲ့အတွက်ကြောင့်များ...

ကဗျာဆရာ ကိုအေးသာဆိုသူကို တစ်ချက်လှမ်းကြည့်သည်။ ထိုသူသည် ဗာဒံပင်ကို ငေးကြည့်နေသည်။ နီခင်ငယ်ငယ်က မင်္ဂလာဆောင်တစ်ခုသို့ မမနှင့် လိုက်သွားဖူးသည်။ ဒီတုန်းက ကိုအေးသာကို စတင်မြင်ဖူးခဲ့သည်။ မင်္ဂလာဆောင်ဖြစ်သောကြောင့် လူအားလုံး သပ်ရပ်သားနားစွာ ဝတ်ဆင်လာကြသည်။ ထိုသူတစ်ယောက်မှအပ။ အဝါရောင်သမ်းနေသော လည်ကတုံး ရှပ်အင်္ကျီအဖြူ၊ ဖားဥစွဲနေသော ပင်နီချောတိုက်ပုံ အရောင်လွင့်နေသော ကချင်လုံချည်နှင့် တိုက်ပုံအင်္ကျီလက်ဖျား ခေါက်ရိုးနေရာက ဖွာစပြုနေတာ နီခင် မြင်ဖြစ်အောင် မြင်ခဲ့သည်။

မမက ဒီလိုလူမျိုးနှင့်မှ တစ်စားပွဲတည်း ထိုင်သည်။ ကိုအေးသာကို မမက တော်တော် အရေးပေးသည်။ မမသာမက သတို့သားကိုယ်တိုင်ကလည်း စထရင်းဟိုတယ်လို နေရာမျိုးကို ဒီလို စုတ်ချာချာပုံစံနဲ့ လာတဲ့လူကို အရေးတယူရှိကြောင်း အံ့သြစွာ တွေ့ရသည်။ ဓာတ်ပုံတောင် တွဲရိုက်လိုက်သေးသည်။ သတို့သမီးနဲ့ မိတ်ဆက်ပေးသောအခါမှာ သတို့သမီးက ပြုံးပြရုံကလွဲ၍ သိပ်ဟက်ဟက်ပက်ပက် မရှိလှတာကိုတော့ နီခင်



ကျေနပ်သည်။ မမက ထိုသူနှင့် နီခင့်ကိုလည်း မိတ်ဆက်ပေးသေးသည်။

'ဒါ ညီမလေး နီခင်လေ၊ ဖြူစင်နဲ့ မတွေ့ဘူးလား'

ကိုအေးသာဆိုတဲ့လူက နီခင်ကို ပြုံးကြည့်ပြီး။

'ဟုတ်တယ်၊ ဖြူစင်နဲ့တော်တော်တူတယ်၊ ဒါပေမယ့် နီခင်က ပိုလှပါတယ်'

ဟု နီခင် ကျေနပ်အောင် ပြောသည်။ သို့ရာတွင် သူ့ကို နီခင် နှစ်သက် ခင်မင်စိတ် မပေါ်ပေါက်ခဲ့ချေ။

တစ်ရက်တွင် မမနှင့်ကိုအေးသာတို့ တွဲလျှောက်သွားသည်ကို ကျောင်းကားနှင့် ဖြတ်သွားရင်း မြင်လိုက်သည်။

'မမနဲ့ အဲဒီလူကြီး ကြိုက်နေတာလား'

ဟု မေးသောအခါ မမက ပြုံးပြီး...

'နင် ဘာမှ နားမလည်သေးဘူး၊ ကိုယ်နဲ့မဆိုင်တာ မမေးနဲ့လေ'

ဟူ၍သာ ပြောသည်။

❖ ❖ ❖

သူ ငေးကြည့်နေသော ဗာဒံပင်သည် ဟိုတုန်းက လူတစ်ရပ်သာသာလောက်သာ ရှိသေးသည်။ ထို့အတူ သူ့အသက်ကလည်း နှစ်ဆယ်သာရှိသေးသည်။ ဖြူစင်က ပိန်ပိန်သွယ်သွယ်ကလေး ဖြစ်၏။ ယောက်ျားတကာတို့ မက်မောတတ်သော ဖုထစ်ကြွရွသော အသားဆိုင်များမရှိ။ အသားက တော်တော်ဖြူသည်။ နှုတ်ခမ်းများကပါ ဖြူရော်ရော်ဖြစ်နေကြောင်း နောက်ပိုင်းကျမှ တွေ့လာရသည်။ ကဗျာဆရာတစ်ယောက်အဖို့ မက်မောတက်ကြွစေသော အထိအတွေ့အာရုံများမလိုအပ်ဟု အေးသာ ထင်ခဲ့သည်။

အေးသာက ပင်နီတိုက်ပုံအင်္ကျီကို မချွတ်တမ်းဝတ်ခဲ့သည်။ တကယ်တော့မှ သစ်လွင်တောက်ပခြင်း မရှိသော အဝတ်အစားများဖြစ်သော သူ့ကို တွေ့ရမြဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လောက်ပုံကောင်းအောင် ချုပ်ထားတဲ့အကျႌပဲဖြစ်ဖြစ် မင်းဝတ်လိုက်ရင် ဖရိုဖရဲနဲ့ ကြည့်ရဆိုးသွားတာချည်းပဲ။ နာမည်ကျော်အပ်ချုပ်ဆိုင်တွေက မင်းကို အသရေဖျက်မှုနဲ့ တရားစွဲမှာ ကြောက်ရတယ်'

ဟု သူငယ်ချင်းတွေက ပြောစမှတ်ပြုရသူ။ အနုပညာအသင်းကိစ္စ၊ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းကိစ္စ၊ ကဗျာစာအုပ်ကိစ္စတွေနှင့်သာ လုံးချာလည်နေသောသူ။ အတန်းတစ်တန်းမှာ သုံးနှစ်လောက် ကျောင်းခွေး လူခွေးနေတတ်တဲ့ ဒီလိုလူအေးသာကိုမှ ဖြူစင်ကလည်း ခင်မင်တွယ်တာမိခဲ့၏။

သူတို့နှစ်ယောက်သည် စာပေဝါသနာ ပါတာချင်းတူသည်။ သို့ဖြင့် ခင်မင်မှုက ပိုမိုခိုင်မြဲလာခဲ့သည်။ တွဲတွဲသွားသွားရှိလာသည်။ စားသောက်ဆိုင်မှာ တူတူထိုင်ကာ လမ်းလျှောက်ကြတာ၊ ဖြူစင်သွားချင်သောနေရာကို အဖော်လိုက်ပေးတာ။

သူများတွေက သူတို့နှစ်ယောက်ကို ချစ်သူများအဖြစ် သတ်မှတ်ထားကြသည်။ သူတို့ကတော့ နှုတ်စောင့်စည်းနေကြဆဲ၊ တစ်ယောက်အပေါ်တစ်ယောက် နက်ရှိုင်းသော တွယ်တာမှုရှိကြောင်း နှစ်ယောက်စလုံးသိသည်။ သံယောဇဉ် ခိုင်မြဲနေပြီမှန်းလည်း သိသည်။ နှုတ်ကမှ ဖွင့်မပြောကြ။

သူတို့ဆက်ဆံရေးမှာ မောင်နှမ သူငယ်ချင်းထက် မပိုသေး။ မျက်လုံးများ၏အကြည့်အရှုကိုတော့ ထိန်းချုပ်ရန် ခက်ခဲသောကြောင့် မတတ်နိုင်။ အေးချမ်းသာယာသော နေရာကလေးတွေမှာ ထိုင်ကြသည်။ ကဗျာအကြောင်း၊ စာအကြောင်းတွေ ပြောကြသည်။ မဂ္ဂဇင်းတွေအကြောင်း ပြောသည်။ ဖတ်ဖူးသော စာအုပ်တွေအကြောင်းပြောသည်။ တစ်ယောက် [illegible] မဖတ်ရသေးလျှင် ပေးဖတ်သည်၊ တစ်ခါတစ်ရံ ဘာမှမပြောဖြစ်ကြဘဲ တစ်ယောက် စာအုပ်တစ်အုပ်စီဖတ်ရင်း အချိန်ကုန်ကြ၏။

တစ်ယောက်အပေါ်တစ်ယောက် မောင်ရင်းနှမကြင်နာမှုမျိုးတော့ ပြခဲ့ကြသည်။ အေးသာ ပေပေတေတေနေခြင်းကို ဖြူစင်က မကန့်ကွက်



သော်လည်း မိုးရွာထဲ ထီးမပါဘဲ လျှောက်သွားတာကိုတော့ သတိပေးစကားပြောသည်။ အေးသာက...

'ကျွန်တော့်တို့ကိုခင်မင်လို့ ဟိုးအဝေးကြီးကတောင် ခုန်ဆင်းလာရတဲ့ မိုးစက်ကလေးတွေကို ထီးနဲ့ကာပြီး ဖယ်ရှားပစ်ရမှာ မတရားဘူးထင်လို့'

ဟုပြောသော်လည်း ဖြူစင်လက်ဆောင်ပေးသော ထီးကိုတော့ အမြတ်တနိုး ဆောင်းသည်။

ဖြူစင်က ချူချာသည်။ မကြာခဏ ဖျားတတ်သည်။ ဖြူစင်အအေးမခံနိုင်မှန်း အေးသာက သိသည်။

'ဒီနေ့ နည်းနည်းအေးတယ်ထင်တယ်၊ ဖြူစင်မှာ အနွေးထည်လဲ ပါမလာဘူး၊ ဒီနေရာက လေလဲတိုက်တယ်၊ ကြာကြာမထိုင်သင့်ဘူး၊ ကျွန်တော်တို့ ကော်ဖီပူပူ သွားသောက်ရင်ကောင်းမယ်'

ဖြူစင်က မငြင်း။ တစ်ခါကတော့ မန္တလေးဆောင်အောက်မှာ မိုးခိုကြရင်း ဖြူစင်ချမ်းနေသဖြင့် အေးသာက သူ့ပင်နီတိုက်ပုံကို ခြုံပေးသည်။ ချွေးနံ့တွေ လှိုင်နေသော ညစ်ပေပေတိုက်ပုံကို ဖြူစင်က ကျေနပ်စွာ ခြုံထားသည်။

'ကျွန်တော့်ကျတော့ ပြောတယ်၊ ဖြူစင်လဲ သိပ်ပေတာပဲ၊ အနွေးထည် ဘာဖြစ်လို့ယူမလာတာလဲ'

'ကိုယ့်ကိုယ်ကိုယ် ဒီလောက် ချူချာရကောင်းလားလို့ မကျေနပ်ဘူး၊ ဒါကြောင့် တစ်ခါတစ်ခါ ဖြစ်ချင်ရာဖြစ်ဆိုပြီး အရွဲ့တိုက်ကြည့်တာလေ'

အေးသာက သိုးမွေးဆွယ်တာလေးတစ်ထည် ဝယ်သည်။ ဖြူစင့်ကိုမပေး။ သူ့လွယ်အိတ်ထဲမှာ အမြဲဆောင်ထားသည်။ ဖြူစင် အနွေးထည်ယူမလာသည့်အခါကျမှ အဆင်သင့်ထုတ်ပေးတတ်သည်။ ထိုအခါ ဖြူစင်၏ မျက်နှာမှာ သာယာကြည်နူးမှု အရိပ်အယောင်တွေ မြင်ရစမြဲ။

www.burmeseclassic.com

www.burmeseclassic.com



အစကတော့ ဖြူစင်ချူချာတာ ရိုးရိုးပဲဟုထင်သည်။ နောက်မှ သူမှာ သွေးအားနည်းရောဂါရှိကြောင်း သိရသည်။

ထိုအခါ...

❖ ❖ ❖

ကိုအေးသာကို နီခင် မကြည့်ချင် မမြင်လို။ သို့ရာတွင် နေလို့မရ။ ကြည့်မိသည့် အခါတိုင်းမှာလည်း ခက်ခဲပင်ပန်းစွာ အသက် ထွက်သွားခဲ့ရရှာသော မမကို မြင်ယောင်သည်။ ကိုအေးသာကို မြင်လိုက်ရသည်မှာ အိပ်မက်ဆိုးတစ်ခုကို အပြင်မှာတကယ် ထပ်တွေ့လိုက်ရသည်နှင့် တူ၏။ ကိုအေးသာကို တစ်ခါကြည့်လိုက်တိုင်း မျက်နှာထားတစ်ရစ် တင်းသွားသည်ကို သူငယ်ချင်းတွေက သတိပြုမိသည်။

'နီခင် ဒီနေ့တစ်မျိုးပဲ၊ ဒီလောက် မျက်စိမျက်နှာပျက်တာ တစ်ခါမှ မတွေ့ဖူးဘူး၊ ဒီလူကြီး နီခင့်ကို ကြည့်ပုံကလဲ တစ်မျိုးကြီး၊ ဘာတွေလဲဟ' ဟု မေးကြသည်။

'နင်တို့ မသိပါဘူး၊ သိလဲ မသိချင်နဲ့၊ ပြောလဲ မပြောချင်ဘူး'

မပြောဘဲနေနိုင်သော်လည်း မတွေးဘဲ မနေနိုင်။

မမ၏ ကျန်းမာရေးမှာ တစ်စတစ်စ ပို၍ ယိုယွင်းလာသည်။ ထိုအချိန်တွင် ကိုအေးသာက မမကို စွန့်ပစ်လိုက်သည်။ အဆက်အသွယ် ဖြတ်တောက်ပစ်ခဲ့သည်။ ကိုအေးသာ၏ အချစ်နှင့် ကျားကန်ထားရသော မမ၏စိတ်ဓာတ်သည် တစ်ဟုန်ထိုး ပြိုလဲကျဆင်းသွားရ၏။

မမကို နီခင် မကြည့်ရက်။ ထိုစဉ်က နီခင် ကိုးတန်းသာရှိသေးသည်။ မမအတွက် ဘာလုပ်ပေးရမည်မသိ။ မမ သူငယ်ချင်းတွေ လူနာလာမေးကြတော့ နီခင်က ကိုအေးသာကို တွေ့အောင်ရှာပြီး မမဆီခေါ်ခဲ့ဖို့ မမကွယ်ရာမှာ ပြောသေးသည်။ ကိုအေးသာကို ဘယ်သူကမှ ရှာလို့ မတွေ့ကြဘူးတဲ့။



မမသည် သူ့ကို စွန့်ပစ်သွားသော ကိုအေးသာကို နာကြည်းမုန်းတီးခြင်းမရှိခဲ့။ သူ့သူငယ်ချင်းတွေကို ပြောနေတာ နီခင်ကြားရသည်။

'ဖြူစင့်လို လူမမာတစ်ယောက်ကို တစ်သက်လုံး လက်တွဲသွားဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲလေ၊ သူ့ကို ဖြူစင် နားလည်ပါတယ်'ဟု ခွင့်လွှတ်စကား ဆိုခဲ့သည်။

နီခင်ကတော့ ဘယ်သောအခါမှ ခွင့်မလွှတ်နိုင်။

❖ ❖ ❖

'ဒီနေ့ ကျွန်တော် အရေးကြီးတဲ့ စကားတစ်ခု ပြောချင်တယ် ဖြူစင်'

ဖြူစင်၏ ဖြူသောမျက်နှာသည် နီမြန်းမြန်းကလေး ဖြစ်သွား၏။ အစဉ်ဖြူရော်ရော် ဖြစ်နေသော နှုတ်ခမ်းများပင် သွေးရောင်တက်လာသည်။

'ကျွန်တော်တို့ တစ်သက်လုံး မောင်နှမတွေလို နေသွားကြရအောင်နော်'

ဖြူစင့် နှုတ်ခမ်းအရောင်သည် သုညအဆင့် အဖြူသို့ ပြောင်းလဲသွား၏။ အေးသာ၏ စကားအဓိပ္ပာယ်ကို သူ နားလည်သည်။ လှပသော စကားလုံးများနှင့် ခါးသီးသော နောက်ကွယ် အနက်အဓိပ္ပာယ်။

ဖြူစင်ကို သူ သိပ်ချစ်သည်။ သို့ရာတွင် လက်ထပ်ရန် မဖြစ်နိုင်။ သူကဘယ်တော့မှ ငွေကြေးပြည့်စုံမှာ မဟုတ်၊ အမြဲပင်ပန်းဆင်းရဲစွာ လှုပ်ရှားရုန်းကန်နေရမည့် စာပေသမားတစ်ယောက်သာ ဖြစ်မည့်သူ။ ဖြူစင်က အစဉ်ကျန်းမာရေးချို့တဲ့နေသူ၊ ငွေကြေးပြည့်စုံစွာနှင့်အထောက်အကူပြုနိုင်သည့်ဘဝမှာမှ ဆက်လက်ရှင်သန်နိုင်မည့်သူ။ဖြူစင်အသက်ရှင်ရေးအတွက် သူ ဖြူစင့်ကို စွန့်လွှတ်ရမည်။

ဖြူစင့်ကိုသာမက ကျောင်းနယ်မြေကိုပါ စွန့်လွှတ်ပြီး ဖြူစင်ကို ရှောင်ပြေးခဲ့သည်။ မြို့နယ်ကလေးတစ်ခုမှာ ကျောင်းဆရာကလေးလုပ်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ဖြူစင်ဆုံးသော သတင်းကို ကြားရသည်။ သူ ပြင်းစွာ တုန်လှုပ်ချောက်ချားသွားရ၏။ မိမိသည် လူတစ်ယောက်ကို သေဆုံး သွားရလောက်အောင် အချစ်ကြီးခဲ့မိပါပကော။

❖ ❖ ❖

သူ့စိတ်ကို အနည်ထိုင်အောင် စောင့်သည်။ ဖြူစင်ကို ဘယ်တော့မှ မမေ့သော်လည်း အချိန်ကာလက သူ့ကိုအထိုက်အလျောက် တည်ငြိမ်စေခဲ့သည်။ ထိုအခါကျမှ နီခင်နှင့် လာဆုံရခြင်းဖြစ်၏။

နီခင်နှင့် စကားပြောချင်သည်။ ဖြူစင်က မိမိအပေါ် ဘယ်လိုသဘောထားသွားသလဲ။ ခွင့်လွှတ်ခဲ့သလား။ နာကြည်းမုန်းတီး သွားခဲ့သလား။ သိချင်သည်။ သို့ရာတွင် သိခွင့်မရှိ။ တစ်ခုခု သိလိုက်ရလျှင် မိမိအဖို့ စိတ်ဖြေရာ ဖြစ်ကောင်း ဖြစ်သွားနိုင်သည်။ သို့ရာတွင် မိမိ၏ပြစ်မှုသည် စိတ်ဖြေရာမရထိုက်။ မိမိသည် စိတ်သက်သာခွင့် ရသင့်သူမဟုတ်။

နီခင် မတ်တတ်ရပ်လိုက်သည်ကို တွေ့ရသည်။ ဒီဘက်ကို လျှောက်လာသည်။ နီခင့်ကို မကြည့်မိအောင် ကြိုးစားသည်။ သူ့စားပွဲရှေ့တည့်တည့်အရောက်တွင် နီခင်က မိမိပါးကို ပြင်းထန်စွာ ရိုက်လိုက်စေချင်သည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ သူ နီခင့်ကို ဖျတ်ခနဲ မော့ကြည့်မိ၏။ နီခင်ကလည်း သူ့ကို တစ်ချက် စူးခနဲကြည့်သည်။ နီခင့်အကြည့်များသည် ပါးရိုက်တာထက် ပြင်းထန်သည်။ သူ့တစ်ကိုယ်လုံး အမှုန့်ဖြစ်အောင် ချေမွှန်းပစ်လိုက်လေသည်။

❖ ❖ ❖

'သူက တိုက်ဖို့ကျက်ဖြစ်လို့ တက္ကသိုလ်ဆေးရုံမှာ တက်နေရတာ နီခင်နဲ့ ဆုံတဲ့နေ့က ဆေးရုံကနေ ခဏလစ်ထွက်လာခဲ့တာ၊ နီခင်နဲ့တွေ့ပြီးတော့ ဆေးရုံကို သူ ပြန်မသွားတော့ဘူး၊ ဘယ်ရောက်သွားမှန်းလဲ မသိဘူး၊ နောက်မှ သူ့ သူငယ်ချင်း ကဗျာဆရာတစ်ယောက်နဲ့တွေ့လို့ သူ ဆုံးပြီဆိုတာ သိရတာ။ ကိုအေးသာဟာ သစ္စာမဲ့တတ်တဲ့လူမျိုး မဟုတ်ဘူးဆိုတာတော့ မမတို့ ယုံတယ်'

ဟု မမသူငယ်ချင်းတစ်ယောက်က ပြန်ပြောပြသည်။ နီခင်သည် ကိုအေးသာကို အကြီးအကျယ် မုန်းခဲ့သည်။ သို့ရာတွင် လူတစ်ယောက်ကို သေဆုံးသွားလောက်အောင် မုန်းတီးသည့်ဆန္ဒမျိုးတော့ ဘယ်တုန်းကမှ မရှိခဲ့ပါ။

တမလွန်ဆိုတာ ရှိခဲ့လျှင်...

ကံမကုန်ကြသေးလျှင်...

ကံမကုန်ကြသေးလျှင်...

ထိုနေရာမှာ ကိုအေးသာနှင့် မမဖြူစင်တို့ ပြန်ဆုံကြလိမ့်မည်။ ထိုအခါ မမ၏ ခွင့်လွှတ်စကားကို ကိုအေးသာ ကြားရကောင်း ကြားရလိမ့်မည်။

တမလွန်မှာ စကားရှိပါစေ၊

တမလွန်မှာ နားရှိပါစေ၊

နီခင် ဆုတောင်းသည်။

(ဓာပေရုပ်ရှင်စတား ၁၉၉၀၊ ဖေဖော်ဝါရီ)



www.burmeseclassic.com

www.burmeseclassic.com



## မြတ်ပါတယ် ဦးလေးရယ်

တစ်လောဆီက ရုပ်မြင်သံကြားက ပြသွားတဲ့ 'ယန်းအဂိန်း' ဆိုတဲ့ ဇာတ်ကားတစ်ကား ကြည့်လိုက်ရတယ်။ ဇာတ်လမ်းကတော့ အသက်လေးဆယ်လောက်ရှိတဲ့ လူတစ်ယောက် ခေတ်ကာလသားသမီးတွေကြည့်ပြီး အားကျမိတယ်။ အဲဒီအရွယ် ပြန်ရောက်ရင် ကောင်းမှာပဲလို့ တမ်းတမိတယ်။ အဲဒီမှာ တန်ခိုးရှင် တစ်ယောက်နဲ့တွေ့ပြီး လူပျိုပေါက် အရွယ် ပြန်ဖြစ်သွားတယ်၊ သူ့ကိုယ်သူ သူ့သားယောင်ဆောင်ပြီး ကျောင်းတက်တယ်၊ တကယ်တမ်းကျတော့ ချာတိတ်တွေရဲ့ အမူအကျင့်နဲ့ သူတို့ ပြောတဲ့ စကားတွေကို နားမလည်ဘူး။ လိုက်မမီဘူး၊ ဒီကြားထဲမှာ သူ့ သူငယ်ချင်း ကောင်မလေးတစ်ယောက်ရဲ့အမေက ရည်းစားဟောင်းဖြစ်နေတယ်။ အဲဒီမှာ ပြဿနာတက်တော့တာပဲ။

ဒီဇာတ်ကားကို ကျွန်တော် တော်တော် သဘောကျသွားတယ်၊ လူတွေဟာ အသက်ကြီးလာရင် အနည်းနဲ့အများတော့ ငယ်ဘဝကို တမ်းတကြစမြဲပဲ၊ ငယ်ငယ်က အပူအပင်ကင်းစွာ နေထိုင်ခဲ့ရတာကို တမ်းတချင်တမ်းတမယ်၊ တချို့ အသက်ကြီးလာလို့ အိုမင်းမစွမ်း ရှိလာတဲ့အခါကျန်းမာ သန်စွမ်းတဲ့ လူငယ်ဘဝကို သတိတရ ရှိချင်ရှိမယ်၊ တချို့ လူတွေကျတော့ ခေတ်မိန်းကလေး လှလှလေးကို ကြည့်ပြီး 'ငါတို့ ငယ်ငယ်က ဘာဖြစ်လို့ ဒီလိုဟာလေးတွေ မရှိခဲ့သလဲကွာ၊ ခုနေ ပြန်ငယ်

www.burmeseclassic.com



လိုက်ရ ဟင်း...တောက်'ဆိုပြီး မချင့်မရဲ ဖြစ်ချင်ဖြစ်မယ်။

ကျွန်တော်ဟာ အသက်သိပ်မကြီးလှသေးပါဘူး၊ သုံးဆယ်ငါး သုံးဆယ့်ခြောက်၊ ခုခေတ်အနေနဲ့ဆို လူငယ်မဟုတ်တောင် လူရွယ်လောက်ပဲ ရှိပါသေးတယ်၊ တကယ်လို့ ငယ်ဘဝကို လွမ်းမောချင်တယ်ဆိုရင်တော့ ကျောင်းသားဘဝနဲ့ ရည်းစားထားခါစ အရွယ်ကိုပဲ လွမ်းရတော့မှာပဲ။

ကျွန်တော့်မှာ ကလေးနှစ်ယောက် ရှိတယ်၊ မိန်းမနဲ့ဆိုတာကလဲ လင်မယားပုံစံပဲ နေလို့ဖြစ်မယ်၊ သမီးရည်းစားတွေလို နေလို့ရတာမှ မဟုတ်ဘဲ။ သူကလဲ ရုံးသွား၊ ကျွန်တော်ကလဲ မဂ္ဂဇင်းတိုက်တော့ သွားနဲ့ဟာ၊ တစ်လနေလို့တစ်ခါ နှစ်ယောက်တွဲ မထွက်ဖြစ်ပါဘူး။

သွားဖြစ်တဲ့အခါကျတော့လဲ ကလေးတွေပါလာဦးမယ်။ နှစ်ယောက်တည်း လစ်ထွက်လို့ရတယ် ထားပါဦး၊ ဘာလုပ်မလဲ၊ ဒီအချိန်ကျမှ အင်းလျားကန်စောင်း သွားထိုင်လို့ရတာလဲ မဟုတ်။ အပြန်ကျရင် ကလေးတွေအတွက် ဘာဝယ်သွားရမလဲ။ စဉ်းစားရတာကပဲ အလုပ်တစ်ခု။ ပြီးတော့လဲ သမီးရည်းစားတွေလို ညနေလမ်းခွဲကြပြီး အိမ်ပြန်ရောက်တော့ တစ်နေ့တာ ပြောခဲ့ဆိုခဲ့တာလေးတွေ လွမ်းတရတဲ့ အရသာကို မခံစားရတော့ဘူး၊ အိမ်ကို အတူတူပြန်ပြီး ဒီမျက်နှာကြီးတွေ ဆက်မြင်နေရတာပဲလေ။

မိန်းမကို စိတ်ကုန်နေတာ မဟုတ်သော်လည်း တစ်ခါတစ်ခါတော့ ရည်းစားဘဝကလို ရင်တထိတ်ထိတ် ခုန်ချင်မိပါရဲ့။ အသက်ပြန်ငယ်ဖို့ကတော့ မဖြစ်နိုင်ဘူးလေ။ ကျွန်တော့်အသက်အရွယ်နဲ့ဆိုရင် ကောင်မလေး တစ်ယောက်ယောက်နဲ့ ကိုကိုနဲ့ချာတိတ်ဇာတ်လမ်းမျိုး ကြိုးစားကြည့်ရင်တော့ ရကောင်းရနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်က ဒါမျိုးလုပ်ရဲတာ မဟုတ်ဘူး။ ကျွန်တော် သတ္တိမရှိမှန်းသိလို့ မိန်းမကတောင် စိတ်ချလက်ချ လွှတ်ထားတာပဲ ကြည့်တော့။

ဒါကြောင့်မို့ စာရေးဆရာပီပီ စိတ်ကူးထဲမှာပဲ ဇာတ်လမ်းဆင်ကြည့်ရတာပေါ့လေ။



❖ ❖ ❖

ကျွန်တော့်အသက်က ဆယ့်ရှစ်နှစ်။ ကျွန်တော့်ရုပ်ရည်နဲ့ ပုံသဏ္ဌာန်က ခုခေတ်ကောင်လေးတွေ ပုံမျိုးဆိုတော့ အနီးစပ်ဆုံးပြောရရင် ရန်အောင်နဲ့ ကျော်သူ ပေါင်းထားတဲ့ပုံမျိုး။ ကျွန်တော့်နာမည်ကလဲ ရန်အောင်နဲ့ကျော်သူ ပေါင်းထားတဲ့ နာမည်ပဲ။

ရန်သူတဲ့။

ဒီနာမည်ကြောင့်ပဲ သူနဲ့စပြီး ထိတွေ့ခဲ့ရတာပေါ့။ ကျောင်းစတက်တဲ့နေ့မှာ နာမည်ခေါ်တော့ ...

'မောင်ရန်သူ'

'ရှိပါတယ်ခင်ဗျ'

ကျွန်တော့်နာမည်ကြောင့် အတန်းထဲမှာ လှုပ်လှုပ်ရွရွဖြစ်ကုန်ပြီး လှည့်ကြည့်ကြတယ်။ ကျွန်တော်က နောက်ဆုံးခုံတန်းမှာ ထိုင်တာလေ။ အများစုက ထူးခြားတဲ့ နာမည်ပိုင်ရှင်က ဘယ်လိုပါလိမ့်ဆိုပြီး သိချင်စိတ်နဲ့ ကြည့်ကြတာပါ။

အဲဒီထဲမှာ ကောင်မလေးတစ်ယောက်ကတော့ ထူးခြားတယ်။ ကြည့်ရုံမဟုတ်ဘဲ အားပါးတရ ရယ်နေတယ်။ ညီညာဖြူဖွေးတဲ့သွားတွေ အထင်းသားပေါ်အောင်ကို ရယ်နေတာ။ သူ့ပုံစံကတော့ ဖင်မာဦးနဲ့မေသန်းနု ပေါင်းစပ်ထားသလိုပဲဆိုရင် လုံလောက်ပါတယ်။

(သူ့နာမည်ကို ဘယ်လိုပေးမလဲ။ နာမည်လေးငါးလုံးမှည့်တာက ရိုးနေပြီ။ မကြာခင်မှာ နာမည်တစ်လုံးတည်းမှည့်တာတွေ ခေတ်စားလာနိုင်တယ်။ ဒါကြောင့် ထူးခြားမှုလည်း ရှိအောင်)

'ဟိတ်'

ဟော့ကို ဟိတ် ဆိုတဲ့ အသံထွက်နဲ့ ခေါ်တာမဟုတ်။ သူ့နာမည်က 'ဟိတ်'တဲ့။ ကျောင်းအဆင်းမှာ သူ့နောက်ကနေလိုက်ပြီး ခေါ်တာ။ သူက လှည့်ကြည့်ပြီး ကျွန်တော့်ကို မြင်တော့ ရယ်ပြန်ရော။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သူ့နားမှာ ရပ်ပြီး…

'နင်…ဘာသွားတိုက်ဆေးသုံးလဲ ဟင်၊ ကိုးလ်ဂိတ်လား၊ ပက်ဆိုးဒင့်လား၊ ဘလူးစကိုင်းလား'

သူက ဖွေးခနဲရယ်ပြန်ပြီ။

'နိုင်ငံခြားမှာဆိုရင်တော့ သွားတိုက်ဆေးကြော်ငြာတဲ့ အလုပ် ရနိုင်တယ်'

သူက ရယ်လျက်ကပဲ…

'တို့အဖေက သွားဘက်ဆိုင်ရာဆရာဝန်ကြီး ဒေါက်တာဦးသူရလေ'

'ဒါကြောင့် သွားလေးတွေက ဒီလောက်လှနေတာကိုး၊ အစစ်ကော ဟုတ်ရဲ့လား'

သူက မဖြေဘဲပြန်မေးတယ်။

'သူကတော့ မိတ်ဆွေလား၊ ရန်သူလား'

'ရန်သူရဲ့ရန်သူဟာ မိတ်ဆွေပေါ့'

အဲဒီနေ့ကစပြီး ကျွန်တော်တို့ ခင်သွားကြတယ်။ ကျောင်းဆင်းရင် အတူတူ လမ်းလျှောက်ကြတယ်။ တစ်ခါတလေ အအေးဆိုင်ထိုင်တယ်။ တစ်ခါတလေ လက်ဖက်ရည်ဆိုင်ထိုင်တယ်။

ဒီလိုနဲ့ နှစ်ပတ်လောက်ကြာတော့ သူ့သူငယ်ချင်း ကောင်မလေးတစ်ယောက်က လာပြောတယ်။

'ဟိတ်ကမေးနေတယ်၊ နင် သူ့အပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ ဖော်ထုတ်ပြဖို့လိုပြီတဲ့'

ဟုတ်တာပေါ့လေ၊ တွဲရုံတွဲနေလို့တော့ ဘယ်ဖြစ်မလဲ။ ကျွန်တော် စဉ်းစားကြည့်ပါတယ်။ ဟိတ်က သိပ်လှတယ်၊ သူကလဲ အမြဲလိုလို ရယ်နေတတ်တာပါပဲ။ သူ့ကို ချစ်သင့်တယ်လို့ ထင်တယ်လေ။

❖ ❖ ❖



(ကျွန်တော်နဲ့ ကျွန်တော့်မိန်းမက ဆယ်တန်းကတည်းက နေလာခဲ့ကြတာ။ တက္ကသိုလ်မှာ အဓိကဘာသာကွဲပေမယ့် တစ်ကျောင်းတည်းပဲ။ တက္ကသိုလ်နောက်ဆုံးနှစ်ကျမှ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်။ သူ့အချစ်ကိုရဖို့ ရှစ်လစောင့်ရတယ်။ ငါးနှစ်တိတိကြာအောင် ချစ်သူဘဝနဲ့ နေပြီးမှ လက်ထပ်ခဲ့ကြတယ်။ ထားပါတော့ ခုဟာက ခေတ်ကောင်လေးနဲ့ ကောင်မလေး ဇာတ်လမ်းကိုး။ ဒီလောက်ကြာနေလို့ မဖြစ်ဘူး။ အချိန်လဲ သိပ်မရဘူး။ ဒါကြောင့်…)

သူနဲ့ကျွန်တော် ချစ်သွားကြတယ်။ တစ်လနဲ့ဆယ်ရက်အကြာမှာပေါ့။ ချစ်ကြပြီဆိုတော့လဲ လျှောက်လည်ကြတာပေါ့လေ။

'ရုပ်ရှင်ကြည့်မလား'

လို့ ကျွန်တော်ကမေးတယ်။

'ဟင့်အင်း…ရုပ်ရှင်ကြည့်ရတာ ရိုးနေပြီ၊ ပြဇာတ်သွားကြည့်ရအောင်'

'ကောင်းသားပဲ'

အချိန်က သိပ်မရဘူး။ ပြဇာတ်မကြည့်ခင် အဆာပြေ တစ်ခုခုစားချင်သေးတယ်။ ဒါကြောင့် ကားတစ်စင်းငှားလိုက်တယ်။

'မြို့ထဲကို ဘယ်လောက်ပေးရမလဲ၊ ဝဇီရာရုံနား'

'တစ်ဆယ်'

အငှားကားဆရာက ပြောတယ်။

(မဟုတ်သေးပါဘူး၊ ကျွန်တော်တို့ သမီးရည်းစားဘဝကတော့ တစ်ဆယ်ပြောရင် ရှစ်ကျပ်လောက် ဆစ်လို့ရတယ်။ အခုတော့ တစ်ဆယ်ဆယ်ရမလဲ။ ဇာတ်လမ်းတစ်ခုဟာ ခေတ်နဲ့အညီ ရှိမှ ယုတ္တိရှိမှာပေါ့။ သုံးဆယ်လို့ ပြင်ပြောခိုင်းလိုက်။)

'သုံးဆယ်'

'အိုကေ'

www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲရောက်လို့ ကားပေါ်ကဆင်းတော့ ကျွန်တော်က မေးတယ်။

'တစ်ခုခုစားဦးမလား'

'ကောင်းသားပဲ'

'ဘာစားချင်လဲ'

'ရှမ်းခေါက်ဆွဲစားရင် ကောင်းမလား'

'ကောင်းတယ်'

ကျွန်တော်တို့ ရှမ်းခေါက်ဆွဲဆိုင်ဘက် လျှောက်ခဲ့တယ်။ ခေါက်ဆွဲစားပြီးတော့ သူက စပတ်ကလင်လီမွန်သောက်တယ်။ ကျွန်တော်က ဖရူတိုသောက်တယ်။ ငွေရှင်းတော့...

'သုံးဆယ်နှစ်ကျပ်'

(ဟင်... များလှချည်လား။ ရှမ်းခေါက်ဆွဲက တစ်ပွဲကိုးကျပ်၊ အအေးက တစ်ပုလင်းခုနစ်ကျပ်တဲ့။ ကျွန်တော်တို့တုန်းက ရှမ်းခေါက်ဆွဲ နှစ်ကျပ်ပါ။ အအေးကလည်း တစ်ပုလင်းသုံးကျပ်ကို ဖန်ခွက်နှစ်လုံးထဲ မျှထည့်ပြီး နှစ်ယောက်သောက်လို့ရတယ်။ ဒီပေါက်တစ်ပွဲမှ ခြောက်ကျပ်၊ လက်ဖက်ရည်က တစ်ကျပ်၊ ဒူးယားက တစ်ကျပ်သုံးလိပ်။ အဲ...ထားပါတော့လေ၊ ထားပါတော့။)

ဝဇီရာရုံကို လာခဲ့ကြတယ်။ ပြဇာတ်လက်မှတ်က တစ်စောင်ကို လေးဆယ်။

(လေးဆယ်ဆိုရင် ဟိုတုန်းက လွန်းပျံတံဆိပ် ပုဆိုးတစ်ထည်ရတယ်လို့ တွေးမနေတော့ဘဲ ဇာတ်လမ်းကိုကြိတ်မှိတ်ပြီး ဆက်ကြည့်တယ်။)

ပြဇာတ်က တော်တော်ရယ်ရတယ်။

(ရယ်ရတယ်လို့ပဲ ပြောတတ်တယ်။တကယ်က ကျွန်တော်မှ မကြည့်ဖူးဘဲကိုး။ သတင်းစာထဲမှာ လူတွေ ရယ်နေတဲ့ပုံတွေလို့ ရယ်ရတယ်လို့ ပြောလိုက်တာ။ ရုံထဲမှာ မှောင်နေသလား။ မီးထွန်းထားသလားလဲ မသိလို့ လက်ကလေး ကိုင်ထားတာ။ ပခုံးလေးဖက်ထားတာ၊ လည်တိုင်ကလေးကိုနမ်းတာ စတဲ့ အခန်းတွေ ထည့်သင့် မထည့်သင့် မဆုံးဖြတ်နိုင်ဘူး။)



ဒီလိုနဲ့ ပြဇာတ်ပြီးသွားရော ဆိုပါတော့။ ရုံထဲက ပြန်အထွက်မှာ သစ်သီးဖျော်ရည်သောက်ကြသေးတယ်။ (ဘယ်လောက်ကျသလဲ မတွက်ချင်တော့။)

ဖျော်ရည်သောက်ရင်း သူက ပြောတယ်။

'နောက်တစ်ပတ်ကျရင် လော်ကားဥယျာဉ်သွားရအောင်နော်'

(ဒီနေရာမှာ ကျွန်တော့်စိတ်ကူးဇာတ်လမ်း တန့်ခနဲ ဖြစ်သွားပြီ။ ဒီနေ့တစ်ရက်သုံးတဲ့စရိတ်ကိုကြည့်။ ကားခက သုံးဆယ်။ ရှမ်းခေါက်ဆွဲနဲ့ အအေးက သုံးဆယ့်နှစ်ကျပ်။ ပြဇာတ်က နှစ်ယောက်အတွက် ရှစ်ဆယ်။ ပြဇာတ်အပြီး သစ်သီးဖျော်ရည်ဖိုးပါ ပေါင်းလိုက်တော့ တစ်ရာ့ငါးဆယ်ကျော်။ လော်ကားဥယျာဉ်ကို နောက်တစ်ပတ်သွားမယ်ဆိုရင် အသွားအပြန်ကားခနဲ့၊ ဝင်ကြေးနဲ့၊ စားတာ သောက်တာနဲ့ဆိုတော့ လူရွှင်တော်ဈေးသည်ကြီး ဆန်နီပြောသလို 'မြတ်ပါတယ် ဦးလေးရယ်' လို့တောင် မပြောနိုင်ဘူး။ နေစမ်းပါဦး။ ဒီဇာတ်လမ်းမှာ ကျွန်တော်က ဘာကောင်လဲ။ ကျွန်တော့်မိဘက ဘာလုပ်သလဲ။ တစ်နေ့မုန့်ဖိုး ဘယ်လောက်ရသလဲ။ ဟာ ... တော်ပြီ၊ တော်ပြီ။ ဒီဇာတ်ကို မသတ်တာဘဲကောင်းတယ်။ အိမ်က မိန်းမချက်ထားတဲ့ ဘူးသီးကို ဝက်သားတုံးယောင်ဆောင်ပြီး နှပ်ထားတဲ့ဟင်းနဲ့ ထမင်းစား၊ သုံးဆယ့်သုံးလမ်းသွားပြီး စာရေးဆရာ၊ ကဗျာဆရာတွေနဲ့ စာအတင်း ပေအတင်းလေးတွေ ပြောကြတာပဲ ကောင်းပါတယ်။ ခုခေတ်သမီးရည်းစားကောင်လေးတွေ ကောင်မလေးတွေ ဘယ်လိုနေထိုင် သုံးစွဲနေကြသလဲဆိုတာ သုတေသနပြုပြီးမှပဲ ဒီဇာတ်လမ်းကို ပြီးပြင်အောင် သရုပ်ဖော်နိုင်တော့မှာပဲ။)

(ရှင်မျှော်မျှော်၊ ၁၉၉၀၊ မတ်)

www.burmeseclassic.com

www.burmeseclassic.com




## ပုလင်းချစ်သူ

'ဒီအရက်ဟာ မကောင်းပါဘူးကွာ'ဟု သူက ရေရွတ်လိုက်သည်။ ထိုအခါ ဆိုင်ရှင်ကြားသွားပြီး...

'ဒီအရက်ဟာ ဆိုင်က ထုတ်ပေးတဲ့အတိုင်းပါပဲဗျာ၊ ကျွန်တော်က ဘယ်တော့မှ အကြံအဖန် မလုပ်တတ်ဘူးဆိုတာ အစ်ကိုကြီး သိပါတယ်၊ အမြဲသောက်နေကျပဲ မဟုတ်လား'

သူက ဟာ...ဟာ...ဆို လုပ်၍ လက်ကာပြသည်။ ခင်ဗျားဆိုင်အရက်ကို မကောင်းဘူးလို့ ပြောတာ မဟုတ်ပါဘူး။ အရက်ဟာ ကျုပ်ကို ကောင်းကျိုးမပေးဘူးလို့ ပြောတာပါ'

'ကောင်းကျိုးမပေးရင် မသောက်နဲ့ပေါ့ဗျာ' ဟူ၍တော့ ပိုင်ရှင်က ဖြင့် ပြောလို့မဖြစ်ချေ။ အရက်ရောင်းနေသူ တစ်ယောက်က အရက်ဆန့်ကျင်ရေး စကားကိုပြောနေလျှင် 'မိမိရောင်းကုန်ပစ္စည်း၏ ဂုဏ်သိက္ခာကို ထိခိုက်စေသောစကားမျိုး မပြောမိပါစေနှင့်' ဆိုသော ခေတ်သစ် ရောင်းဝယ်ရေးဗျူဟာသဘောတရားကို ဖောက်ဖျက်ရာကျမည် မဟုတ်လား။ ထို့ကြောင့် ဘာမှ ထပ်မပြောဘဲ ခပ်မဆိတ်နေလိုက်သည်။

သောက်သုံးသူပုဂ္ဂိုလ်ကတော့ ဆက်၍...

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဘာကြောင့် အရက်ကို စွဲစွဲမြဲမြဲ သောက်ဖြစ်နေသလဲ သိလား'ဟု မေးသည်။ ဆိုင်ရှင်၏စိတ်ထဲတွင် 'သွားပြီ၊ ဒီညတော့ ငါ ခံရပြီ' ဟုတွေးပြီး စိတ်ညစ်သွား၏။ လုပ်သက်ရင့်နေသော ဆိုင်ရှင်တစ်ယောက် အနေဖြင့် အရက်သမား အမျိုးမျိုးအကြောင်းကို ကောင်းကောင်း သိပြီးသား ဖြစ်၏။ မူးလာလျှင် ရစ်တတ်သူ၊ အပျော်လွန်ပြီး သီချင်းဟစ်တတ်သူ၊ ငိုတတ်သူ၊ စကားကြော ရှည်တတ်သူ။

ဒီပုဂ္ဂိုလ်လို သူ့ဆိုင်မှာ နှစ်ပေါင်းများစွာ သောက်သုံးလာသူဆိုလျှင် ပိုတောင်သိသေးသည်။ အသောက်နည်းနည်းများသွားသည့်နေ့မျိုးဆိုလျှင် အခုလိုပင် စကားစတတ်သည်။ ဒါဆိုလျှင် သူ၏ အသည်းကွဲဇာတ်လမ်းကြီးကို ရှည်လျားထွေပြားစွာ ပြောပြပေတော့မည်။ ဒီအကြောင်းကလည်း အကြိမ်ပေါင်းဘယ်လောက်တောင် ပြောခဲ့ပြီးပြီလဲ မသိ။ ကြားရဖန်များ၍ ရိုးအီနေပြီဖြစ်သော ဇာတ်လမ်းကြီးဖြစ်သော်လည်း ကြိတ်မှိတ်ပြီး နားထောင်ပေးရပေလိမ့်မည်။ နေ့စဉ်လာနေကျ ဖောက်သည် တစ်ယောက်ကို ကျေနပ်အောင် ဝန်ဆောင်မှုပေးဖို့ တာဝန်ကရှိသည်။

ဝယ်သူဘက်က အမြဲမှန်သည်ဟူသော စကားမှာ အရက်ဆိုင်များ အတွက် ပိုပြီး သင့်လျော်သည်။ အနည်းဆုံး တစ်စိတ်တစ်ပိုင်းလောက် သောက်ကြတာပဲဟာ မမှန်ဘဲ ဘယ်နေပါ့မလဲ၊ တချို့ဆို မှန်ရုံမက မှောက်တောင် မှောက်သွားကြသေးသည်။

အကြမ်းပန်းကန်လေးထက် ယောင်ယောင်လေးမျှကြီးသောဖန်ခွက်ထဲမှ တစ်ဝက်သာသာရှိနေသော အရက်ကို ရေမရောဘဲ တစ်ချက်တည်း မော့ချလိုက်သည်ကို မြင်သဖြင့် ဇာတ်လမ်းစတော့မည်ဖြစ်ကြောင်း သိလိုက်၏။

'မိန်းမတစ်ယောက်ရဲ့ သုံးလက်မလောက်သာ ရှည်တဲ့ လျှာက ခြောက်ပေလောက်မြင့်တဲ့ ယောကျ်ားကြီး တစ်ယောက်ကို ဗုန်းဗုန်းလဲ ကျသွားစေနိုင်တယ် ဆိုတဲ့စကားကို ခင်ဗျားကြားဖူးသလား'



'ကြားဖူးတာပေါ့၊ ခင်ဗျားပဲ ပြောပြောနေတာ အကြိမ်တစ်ရာလောက် ရှိနေပြီ'ဟု စိတ်ထဲက ပြန်ပြောမိသည်။ နှုတ်ကတော့...

'အင်း...ဆိုစမ်းပါဦး'

ဟု စကားထောက်ပေးလိုက်ရ၏။

'မိန်းမတစ်ယောက်ရဲ့ ပါးစပ်ကထွက်တဲ့ စကားတစ်ခွန်းဟာ သိပ်ကြောက်ဖို့ ကောင်းတယ်နော်။ အဲဒီစကားတစ်ခွန်းကြောင့်ပဲ ကျုပ်မှာ အခုလို အရက်ကို အဖော်ပြုနေရတဲ့ အသောက်သမားကြီးလုံးလုံး ဖြစ်ခဲ့ရတာပဲ'

စကားကို ခဏရပ်လိုက်ပြီး ဘေးပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်လိုက်သည်။ သူ့စကားကို စိတ်ဝင်စားသူ တခြား ရှိ မရှိ အကဲခတ်ခြင်း ဖြစ်၏။ ထိုင်ခုံ၏ရှေ့ဘက်ခြမ်းမှာ တန်းလျက် ထိုင်နေသော လူအုပ်စုက သူတို့ဘာသာ ငြင်းခုန်ပြောဆိုနေကြသည်။ သူ့ကို ရှိတယ်လို့တောင် မထင်။ လက်ဝဲဘက်ထောင့်စွန်းမှာ တစ်ယောက်တည်းထိုင်နေသူကတော့ နားစွင့်နေပုံရသည်။ သူ အားတက်သွားဟန်ဖြင့် ဆက်ပြောသည်။

'အစကတော့ ကျုပ်ကလွဲရင် တခြား ဘယ်သူကိုမှ စိတ်ကူးထဲတောင် မထည့်ပါဘူးတဲ့လေ။ သူနဲ့စတွေ့တဲ့အချိန်မှာ ကျုပ်ဟာ ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းက ထွက်ထားတဲ့အချိန်။ အလုပ်အကိုင်ကလဲ မည်မည်ရရ မရှိသေးဘူး။ ဒါပေမယ့် သူက ပညာတွေ၊ ရာထူးတွေ၊ ဂုဏ်တွေ ငွေတွေဆိုတာ ပကာသနတွေပါတဲ့။ ချစ်တာသာပမာနပါတဲ့၊ အချစ်စစ် အချစ်မှန်နဲ့ တည်ဆောက်တဲ့ဘဝသာလျှင် ကျောက်သားကျောက်ဆောင်လို ခိုင်မြဲပါတယ်တဲ့၊ ကောင်းလိုက်တဲ့စကားလေးတွေ'

ဆိုင်ရှင်၏ စိတ်ထဲက 'အင်း...ဒီနေရာမှာ မရယ်ချင်ဘဲနဲ့ ဖျစ်ညှစ်ပြီး ရယ်တော့မယ်' ဟု တွေးသည်။ ကြိမ်ဖန်များစွာ နားထောင်ခဲ့ရပြီးဖြစ်သဖြင့် ဘယ်နေရာမှာ ဘာစကားပြောပြီး ဘယ်အမူအရာ လုပ်တော့မယ် ဆိုတာကအစ မှတ်မိနေပြီ။ ဟုတ်လည်း ဟုတ်သည်။ ထိုပုဂ္ဂိုလ်က

www.burmeseclassic.com

www.burmeseclassic.com



'ဟား... ဟား...ဟား...ဟား' ဆိုပြီး အသံကို တစ်ဆင့်မြှင့်၍ ရယ်သည်။

ပြီးတော့...

'ဟား...ဟား...တညင်းသီးတစ်လုံးလောက် ပေးစမ်းပါ'

'ဗျာ'

ဆိုင်ရှင်သည် ရုတ်တရက်မို့ ကြောင်သွား၏။ ပြီးမှ 'သြော်... ဟုတ်ကဲ့' ဆိုပြီး တညင်းသီးပြုတ်တစ်လုံးကို သတ္တုပန်းကန်ပြား အသေးစားလေးထဲ ထည့်ပြီး ပေးလိုက်၏။ ထိုပုဂ္ဂိုလ်က တညင်းသီးကို တစ်ကိုက်ကိုက်သည်။ ဖန်ခွက်ထဲ အရက်ထည့်သည်။ ပလပ်စတစ်ခွက်ထဲက ရေကို ရောသည်ဆိုရုံမျှ ထည့်သည်။ တစ်ဝက်လောက် မော့ချလိုက်သည်။ ပြီးမှ...

'မိန်းမတွေရဲ့ စိတ်သဘောထားဟာ ဟောဒီ တညင်းသီးလိုပဲ စားခါစမှာတော့ ချိုသလိုလို ဆိမ့်သလိုလိုနဲ့၊ ဆီးသွားတော့မှ နံမှန်းသိရတယ်'

လက်ဝဲဘက်ထောင့်စွန်းမှာ ထိုင်နေသူက ထိုစကားကို သဘောကျပြီး ပြုံးလိုက်သည်။ အားပေးထောက်ခံသလို ဖြစ်သွားသဖြင့် ကျေနပ်ပြီး ဆက်ပြောမည်အပြု ဆိုင်ရှေ့ဘက်ခြမ်းအုပ်စု၏ အသံက ကျယ်လောင်လာသည်။ လူများ၏အာရုံက ထိုအုပ်စုဆီ ရောက်သွားသည်။ ထိုပုဂ္ဂိုလ်က ထိုအုပ်စုကို မကျေမနပ်ကြည့်လိုက်သည်။ တစ်ခုခုလှမ်းပြောမလိုလုပ်ပြီးမှ မပြောဖြစ်။ ဖန်ခွက်ထဲမှ လက်ကျန်အရက်ကိုသာ မော့သောက်လိုက်သည်။ အရက်ထပ်ငှဲ့ပြီးနောက် တစ်ငုံငုံပြန်သည်။ ရေမရောတော့။ ငြင်းသံခုန်သံတွေ လျော့ပါးသွားတော့မှ ဇာတ်လမ်းကို ဆက်နိုင်သည်။

'သူ့မိဘတွေက သူ့ကို ကျုပ်နဲ့ သဘောမတူဘူးလေ၊ ပညာလဲ တစ်ပိုင်းတစ်စ၊ အလုပ်အကိုင်လဲ အတည်တကျမရှိ၊ ငွေလဲမရှိ၊ ဘွဲ့ထူးဂုဏ်ထူးလဲ မရှိ၊ မိဘကျောထောက်နောက်ခံကလဲ မတောင့်တင်းတဲ့သူနဲ့ သူတို့ သမီးကို ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးတဲ့။ သူတို့ကလည်း ဒီ



လောက် ချမ်းချမ်းသာသာကြီး မဟုတ်ပါဘူးဗျာ၊ စားနိုင်သောက်နိုင်လောက်သာပါ၊ ဒါပေမယ့် အငြိမ်းစားအရာရှိကြီးဆိုတဲ့ ဂုဏ်ကလေးတော့ မောက်နိုင်သေးသပေါ့လေ၊ နောက်ပြီး သူတို့သမီးကလည်း လှသကိုး၊ သူ့ကို လိုချင်တဲ့သူတွေကလဲ သူဌေးသားတွေ၊ အရာရှိပေါက်စတွေ၊ ကျုပ်ကလွဲရင် အလားအလာကောင်းတဲ့ လူတွေချည်းပဲ၊ သူတို့မိဘတွေကလဲ သမီးချောရှိတဲ့ မိဘတွေရဲ့ထုံးစံအတိုင်း သူတို့သမီးကို အနိမ့်ဆုံး ရှေ့တက်လမ်းရှိတဲ့ အရာရှိကတော်ဖြစ်ဖို့ မှန်းတာပေါ့၊ ကျုပ်ကိုတော့ ကလေကချေ အဆင့်အတန်းမရှိတဲ့ကောင်၊ တစ်သက်လုံး လူမွဲလူတောင်ပြောင်မယ့်ကောင် မဟုတ်ဘူးဆိုတဲ့ စွပ်စွဲချက်တွေနဲ့ အမျိုးမျိုးရှုတ်ချခဲ့တာပေါ့'

ပုလင်းထဲမှာ အရက်ကုန်သွားပြီ။ အရက်သမားတို့ထုံးစံအတိုင်း ကုန်နေပြီမှန်းသိသိကြီးနှင့် ပုလင်းအဝကို ဖန်ခွက်မှာတေ့ပြီး မှောက်ချလိုက်သေးသည်။ လက်ကျန်လေးငါးစက် ကျလာ၏။

'တစ်ပိုင်းလောက် လုပ်စမ်းပါဦး'

ဆိုင်ရှင်က ပုလင်းကိုယူသည်။ ကတော့တပ်ပြီး ပလတ်စတစ် ပုံးထဲက အရက်ကို လောင်းထည့်လိုက်သည်။ လုပ်နေကျမို့ တစ်ပိုင်းထက် ပိုသွားခြင်း လျော့သွားခြင်းမရှိ။ ပုလင်းကိုလှမ်းပေးပြီး နောက်ဘက် ဝိုင်းတစ်ဝိုင်းမှ မှာသော ပုဇွန်ခြောက်သုပ်အတွက် ကြက်သွန်လှီးရင်း ဆက်ပြောသည့် ဇာတ်လမ်းကို ကြားနေရ၏။

'ဟိုကောင်မကလဲ သူ့မိဘတွေရဲ့ သံယောင်ကို လိုက်ပြောလာပြီလေ ကျောင်းပြန်တက်ပါလားတဲ့၊ ပညာတတ်ထားတော့ ဘာပဲဖြစ်ဖြစ် အောက်မကျဘူးပေါ့တဲ့။ ကျုပ်ကလဲ ပညာဆိုတာ ကျောင်းမှာ သင်ရတာ မဟုတ်ဘူး၊ လက်တွေ့ဘဝမှာ လူတွေကြားထဲမှာ သင်ယူရင်လဲ ရပါတယ်ကွ၊ အဲဒီတော့ တစ်မျိုးထပ်ပြောလာပြန်ရော'

ဆိုင်ရှေ့ခြမ်းမှာ ထိုင်သောအုပ်စုက ငွေရှင်းပြီး ထထွက်သွားကြသည်။ သူတို့က အရက်တစ်လုံးလောက်ကို လူ လေးငါးယောက်သောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး မူးတတ်ကြသူတွေ ဖြစ်၏။ အမြည်းတွေ တစ်မျိုးပြီးတစ်မျိုးမှာစားရင်း စကားပြောကြ၊ ငြင်းကြခုံကြသူတွေ ဖြစ်၏။ သူတို့မရှိတော့ အနှောင့်အယှက်ကင်းသွားသည်။

'အဲဒီတော့'

စကားပြန်ဆက်မည်ပြုစဉ် နောက်ဘက်ပိုင်းက ကြက်သွန်ဖြူ တောင်းသဖြင့် ဆိုင်ရှင်က လှမ်းပေးရသောကြောင့် ခဏစောင့်ရသေးသည်။

'ဘာပြောလာသလဲဆိုတော့ ဘာလဲဗျာ'

ပြောလက်စကို မေ့သွားဟန်တူသည်။ စကားထောက်ပေးမလား ဟု ဆိုင်ရှင်ကိုကြည့်သည်။ တကယ်တော့ ဆိုင်ရှင်သည်လည်း နားသာ ထောင်နေရသည်။ သူ့အလုပ်နှင့်သူ ရှုပ်နေသဖြင့် လုံးစေ့ပတ်စေ့ အာရုံ မစိုက်နိုင်။ နဂိုကတည်းကလည်း စိတ်ဝင်စားမှု နည်းသောကြောင့် ကြား တစ်ချက် မကြားတစ်ချက် ဖြစ်နေခဲ့၏။ ချက်ချင်း စကား မထောက်နိုင် သောကြောင့် သူပြောတာ ဂရုတစိုက် နားမထောင်ရကောင်းသလားဆို သော မျက်နှာထားဖြင့် ထိုပုဂ္ဂိုလ်က စိုက်ကြည့်သည်။ ပြီးတော့ အရက် ခွက်ကိုယူ၍ တစ်ရှိန်ထိုး မော့ချလိုက်သည်။ ဆိုင်ရှင်လည်း နားစွန်နားဖျား ကြားနေရသော စကားလုံးများကို အလောသုံးဆယ် ပြန်စဉ်းစားရလိုက် ရ၏။ တကယ်တော့ ဒီဇာတ်လမ်းကို အကြိမ်ပေါင်းများစွာ ကြားနာခဲ့ ရပြီး ဖြစ်သဖြင့် စကားလုံးတစ်လုံးချင်းကအစ မှတ်မိနေပြီ။ ဇာတ်လမ်း ၏ဘယ်အပိုင်းနား ရောက်နေပြီဆိုတာ မျက်ခြည်ပြတ်သွားလို့သာ စကား ထောက်ရ ခက်နေခြင်းဖြစ်၏။ ထို့ကြောင့် စိတ်မှန်းနှင့်...

'ဟိုလေ ငွေဆိုတာ တန်ဖိုးသတ်မှတ်ထားတဲ့ စက္ကူ တစ်မျိုးပဲဆို တာပေါ့'

ဟု ပြောလိုက်၏။ ထိုပုဂ္ဂိုလ်က 'အဲဒီနေရာ မရောက်သေးပါဘူး' ဆိုပြီးမှ သူပြောမည့်စကားကို ဆိုင်ရှင်က ကြိုပြီး မျက်မှောင်တစ်ချက်



ကုတ်လိုက်သည်။ ဆိုင်ရှင်ကလည်း ပြဿနာတော့ တက်ပြီထင်တယ်ဟု တွေးလိုက်ရ၏။ သို့ရာတွင် ထိုပုဂ္ဂိုလ်က ဇာတ်လမ်းဆက်ဖို့သာ ဇောန ဖြစ်နေသောကြောင့်...

'ဒီလို မဟုတ်လား သူ့ငွေစုစာအုပ်ထဲကငွေနဲ့ အရင်းအနှီးလုပ်ပြီး စီးပွားရှာပါလားလို့ တိုက်တွန်းတယ်လေ၊ ကျုပ်က ငြင်းလိုက်တယ်၊ ခါး ခါးသီးသီးကို ငြင်းလိုက်တယ်။ ကျုပ်က ငွေမမက်ဘူး၊ ငွေဆိုတာ အဲ— ခုနက ပြောသလိုပဲ တန်ဖိုးသတ်မှတ်ထားတဲ့ စက္ကူတစ်မျိုးပဲ ငွေထက် တန်ဖိုးရှိတာက သစ္စာတရား၊ ကောင်းပြီ မင်း ကိုယ်နဲ့လိုက်ခဲ့ ဘဝထဲကို ဆင်းခဲ့၊ ဘဝကို အခြေခံကစပြီး တည်ဆောက်မယ်၊ ဟား...ဒီလိုလဲ ပြော လိုက်ရော ငါးပိရည်နံ့ရတဲ့ အယ်လ်ဖေးရှင်းခွေးလို တွန့်ခနဲဖြစ်သွားတာ ပဲ၊ အဲဒီမှာ ပဋိပက္ခဖြစ်ကြတာပေါ့၊ လိုက်ရဲလား၊ လိုက်ခဲ့၊ မလိုက်ရဲ ဘူးလား၊ တွဲထားတဲ့လက်ကို ဖြုတ်လိုက် ဒါပဲ ဒါပဲ'

ဆိုင်မှာ လူရှင်းသွားပြီ။ အချိန်အကြာဆုံး ထိုင်နားထောင်ခဲ့သည့် လက်ဝဲဘက်ထောင့်စွန်းမှာ ထိုင်နေသူပင် ထသွားခဲ့ပြီ။ ဆိုင်ရှင်လည်း ပန်းကန်တွေကို တောင်းတွေထဲကို မသိမသာ ကဲ့ထည့်ပြီး သိမ်းဆည်းစပြု နေပြီ။ ဇာတ်ကြောင်းပြောသူ၏ရှေ့က ပုလင်းထဲမှာလည်း အရက်ကုန် နေပြီ။

'ငါးကျပ်ဖိုးလောက် လုပ်စမ်းပါဦး၊ လပ်စ်ကပ်ပေါ့' ဆိုင်ရှင်က တောင်းထဲရောက်နေသော ပုလင်းတစ်လုံးကို ပြန်ထုတ်၍ ဖန်ခွက်ထဲ ပိုပိုသာသာ ငှဲ့ထည့်ပေးသည်။ ထိုပုဂ္ဂိုလ်က ထရပ်ပြီး ဖန်ခွက်ကို ယူသည်။ တစ်ချက်တည်း မော့ချသည်။ ကျသင့်ငွေရှင်းပြီး နှုတ်ဆက်ထွက်ခွာသွား ၏။ ဆိုင်ရှင်လည်း သက်ပြင်းတစ်ချက်ချလိုက်ပြီး ပန်းကန်တွေ ဆက်သိမ်း နေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ခါတိုင်းထက် ပိုသောက်မိသည်။ တစ်ခါတစ်ခါတော့လဲ ဒီလိုပါပဲ။ ထမင်းစားတဲ့ လူတွေတောင်မှ စားလို့မြိန်သွားတဲ့အခါ ဗိုက်ပြည့်အင့်သွားအောင် စားတတ်ကြသေးတာပဲ မဟုတ်လား။ ထားပါတော့ ဒီနေ့သောက်လို့ မြိန်သွားတယ်လို့ပဲ။ ဒီလိုအခါမျိုးတိုင်းမှာ သတိရသည့်စိတ်က ပြန်လည် နိုးကြားလာတတ်သည်။ ကပ်လျက် လိုက်ပါလာတာကတော့ နာကြည်းခြင်း။

ကြာတော့လည်း ကြာခဲ့ပါပြီ။ သို့ရာတွင် လုံးလုံးလျားလျား မေ့ပစ်ဖို့တော့ မဖြစ်နိုင်သေး။ သတိရစရာအကြောင်းအချက်တွေက သူ့အလိုလို ပေါ်ပေါက်လာတတ်၏။ အထူးသဖြင့် အခုလို မိုးနှင်းတွေကျနေသည့် အခါမျိုး။

နောက်ဆုံးအကြိမ် တွေ့ဆုံပြီး တစ်သက်တာအဖို့ နှုတ်ဆက်လမ်းခွဲခဲ့တုန်းကလည်း ဒီလိုပင် မိုးနှင်းတွေ မှိုင်းမှုန်နေခဲ့သည်။ ကျောခိုင်းလမ်းလျှောက်လာရင်း ဟားတိုက် ရယ်မောပစ်လိုက်သောအခါ နှင်းမှုန်တွေ ကစဥ့်ကလျား လွင့်ထွက်သွားသည်ကို သတိတရရှိ၏။

ခုလည်း ဟိုတုန်းကလို ရယ်ပစ်လိုက်ချင်စိတ် ပေါက်လာသည်။ ထို့ကြောင့် ဟားတိုက်ရယ်ပစ်လိုက်၏။ သူ လျှောက်လာသည့်လမ်းသည် လူအတော် ရှင်းနေ၏။ ထို့ကြောင့် သူ့ရယ်သံကို ဘယ်သူမှ ဂရုစိုက်နားထောင်နေခြင်း မရှိ။ လမ်းဘေးရှိ အိမ်တွေထဲက အိပ်မပျော်သေးသူ တစ်ယောက်တလေကတော့ ကြားကောင်း ကြားနိုင်သည်။

ထိုသို့ တွေးလိုက်မိတော့မှ သူလျှောက်လာသည့်လမ်းကို သတိပြုမိသည်။ သူ့အိမ်သို့ ပြန်သောလမ်း မဟုတ်။ အလို...ဒီကုန်းတက်ကလေးဟာ...

ရုတ်တရက်ရပ်လိုက်သည်။ ညာဘက်ကို ကြည့်သည်။ ပုဏ္ဏရိတ်ပင်၊ ခြံစည်းရိုးပန်းခြံ ကွက်လပ်ငယ်၊ ပြီးတော့ ခံ့ညားထည်ဝါသော နှစ်ထပ်တိုက်ကြီးသည် မိုးနှင်းတွေကြားမှာ တိတ်ဆိတ်စွာ ရပ်တည်နေသည်။



ကြည့်စမ်း၊ ခြေလှမ်းတွေက ဒီနေရာရောက်အောင် အလိုအလျောက် သယ်ဆောင်ခဲ့တာပါကလား။ သူသည် တိုက်ကြီးကို ငေးစိုက်ကြည့်လိုက်သည်။ အင်းပေါ့လေ နှစ်ထပ်တိုက်ပေါ်ကလူဆိုတော့ မြေကြီးပေါ်ကို ခုန်ချဖို့ ပိုပြီးခက်တာပေါ့။

'တိုက်ပေါ်ကနေ မြေကြီးပေါ်ကို မဆင်းရဲတာက ဆင်းရဲမှာကြောက်လို့ ဟုတ်တယ်၊ ဆင်းရဲမှာ ကြောက်လို့ မဆင်းရဲတာ'

သူတွေးနေသည်ဟု ထင်သည်။ တကယ်က ပြောနေခြင်း ဖြစ်၏။ အတွေးတွေက စကားလုံးများအဖြစ် အသံထွက်လာခြင်း ဖြစ်၏။

'ဟား...ဟား'

သူ တစ်ချက် ရယ်လိုက်သည်။ ရယ်သံက အတော် ကျယ်လောင်သွား၏။ သို့ရာတွင် သူက ဂရုမစိုက်တော့။ ရင်ထဲမှာ ပြည့်ကျပ်မွန်းသိပ်နေသည့် ခံစားချက်တွေက ပွင့်အန်ထွက်လာပြီ။ သူသည် တိုက်အိမ်ကြီးကို စိုက်ကြည့်ရင်း အော်ပြောလိုက်သည်။

'ကျွန်ယုံတော့ တစ်ဖက်ကန်း သားသမီးယုံတော့ စုံလုံးကန်းတဲ့၊ ချစ်သူကို ယုံတော့ ဘဝပါကန်းတော့တာပေါ့၊ ဟုတ်စ ခင်ဗျားကြောင့် ကျုပ်ဘဝ ကမ်းမမြင် လမ်းမမြင်ဖြစ်နေပြီဗျ သိရဲ့လား၊ ဗျို့...မခင်မှီ'

❖ ❖ ❖

ညနေက လက်ဖက်ကလေး နှစ်ရိုးသုံးရိုးစားမိလိုက်သဖြင့် မျက်စိကြောင်ပြီး အိပ်လို့မရဘဲ ဖြစ်နေသည်။ အိပ်ရာပေါ်လှဲပြီး မျက်စိမှိတ်ထားလိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်သောကြောင့် အတန်ငယ် ညဥ့်နက်သည်နှင့် လူသံကားသံ မကြားရတော့။ ဘေးမှာ အိပ်မောကျနေသော အိမ်ကလူထံမှ အသက်ရှူသံပြင်းပြင်းကိုသာ မှန်မှန်ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ အပြင်ဘက်က စကားပြောသံသဲ့သဲ့ကြားရသည်။ နောက်တော့ အသံက ပိုကျယ်လာသည်။ စကားလုံးက မသဲကွဲ။ ဒီအသံကို ကြားဖူးသလိုလိုတော့ရှိသည်။ ရပ်ကွက်ထဲက တစ်ယောက်များလား။

'ဗျို့...မခင်မို'

ဆိုသောအသံကို ကြားသောအခါ ဆတ်ခနဲ ခေါင်းထောင်ထမိ၏။ နာမည်တပ်ပြီး ခေါ်လိုက်တာပါလား။ နားစွင့်လိုက်သောအခါ...

'ဒီမှာ၊ ဟိုအရင်တုန်းကပြောခဲ့ဖူးတဲ့ သစ္စာစကားလေးတွေ ပြန်ကြားချင်လို့ ဆင်းခဲ့ပါဦးဗျ'

'အလို...ဘုရား၊ ဘုရား။ သူပါလား။ သူ ခုထိ ဘာမှ မပြောင်းလဲသေးပါကလား။ အိမ်ကလူတွေ အအိပ်ဆတ်သူမဟုတ်လို့ တော်ပါသေးရဲ့။

'တိုက်ကြီးပေါ်က ဆင်းခဲ့ပါဗျ မခင်မိုရဲ့။ စကားလေးတစ်ခွန်းလောက် ပြောချင်လို့ပါ'

စိုးရိမ်စရာအခြေအနေဖြစ်လာပြီ။ ကြာလျှင် အိမ်ကလူ နိုးကောင်းနိုးလာနိုင်သည်။ ပိုဆိုးတာက မိမိ၏နာမည်ကို အော်ကြီးဟစ်ကျယ် ခေါ်ခေါ်နေခြင်းပင် ဖြစ်၏။ ရပ်ကွက်က လူကြီးလူကောင်းတွေချည်းနေသော နေရာ။ ဒီထဲမှာ အိမ်ကလူတွေက ပိုမိုမြင့်မားသော ဂုဏ်ဒြပ်ကို ပိုင်ဆိုင်ထားသူ။ အိမ်က လေးလေးစားစား ရှိကြသည်။ ခုလို မိမိနာမည် တပ်တပ်ပြီး အော်နေတာကို ဘေးအိမ်ကလူတွေ ကြားလျှင်...

'ဆင်းခဲ့ပါဗျ၊ မဆင်းရဲဘူးလား၊ အေးပေ့ါလေ...တိုက်ကြီးပေါ်မှာ နေနေရတော့ ဘယ်ဆင်းရဲပါ့မလဲ၊ ဗျို့...မခင်မို၊ ဒီမှာလေ မခင်မိုရဲ့'

တရားလွန်လာပြီ။ ဒီလောက် စော်ကားလာတာကိုတော့ သည်းမခံနိုင်တော့ဘူး။ ခုတင်ပေါ်မှ အသာဆင်းလိုက်သည်။ ညဲ့ခန်းဘက် ထွက်လာသည်။ တယ်လီဖုန်းကို ကောက်ကိုင်၍ နံပါတ်နှိပ်လိုက်သည်။

"ရဲစခန်းကပါလားရှင်၊ ဟုတ်ကဲ့...အကူအညီတစ်ခုတောင်းချင်လို့ပါ။ ကျွန်မ အိမ်ရှေ့မှာ အရက်မူးသမား တစ်ယောက်လာပြီး ရမ်းကားနေလို့ပါ၊ ရှင်...ကျွန်မလား...ဒေါ်ခင်မိုပါ လိပ်စာက...'

တယ်လီဖုန်းချပြီး နားပြန်စွင့်လိုက်သည်။ အပြင်မှာ သူရှိနေတုန်း ဟိုတစ်ချိန်ကပြောခဲ့ဖူးသည့်စကားတွေကို အော်ဟစ်ရေရွတ်နေသည်။ ခဏမျှ အသံတိတ်ဆိတ်သွားပြီးနောက် ကားတစ်စီး၏ စက်သံကို ကြားရသည်။ ခြံဝင်းရှေ့မှာ ရပ်သည်။ အပြန်အလှန် စကားပြောသံတွေ ကြားရသည်။ ပြတင်းပေါက်နားသို့ လျှောက်သွားပြီး လိုက်ကာကို အသာဖယ်၍ ကြည့်လိုက်သောအခါ...

အပြင်မှာ မိုးနှင်းတွေ ကျနေသည်။ မှုန်ဝါးဝါး မီးရောင်အောက်တွင် ရဲနှစ်ယောက်က လူတစ်ယောက်၏ လက်မောင်းတစ်ဖက်တစ်ချက်ကိုင်၍ လင်းရှိဗ်ကားပေါ် တွန်းတင်လိုက်သည်ကို တွေ့ရ၏။ နှစ်တွေကြာညောင်းလာသော်လည်း မှတ်မိနေသေးသည်။ သူမှ သူအစစ်။ သက်ပြင်းတစ်ချက် ချလိုက်မိ၏။ အိပ်ရာပေါ် ပြန်တက်ပြီး မျက်စိမှိတ်ထားလိုက်သည်။ အိမ်က လူက အိပ်မောကျနေဆဲ။ သူကတော့ ဒီညအိပ်လို့ ပျော်လိမ့်မည် မထင်တော့။

❖ ❖ ❖

'သူများအိမ်ရှေ့မှာ ဘာဖြစ်လို့သွားပြီး အနှောင့်အယှက်ပေးချင်ရတာလဲ၊ အရက်လဲ အရမ်းမူးနေသေးတယ်'

တာဝန်မှူးက ပြောလိုက်သည်။ သူက ဘာမှပြန်မပြောဘဲ နေသည်။ တာဝန်မှူးက ဆက်ပြောသည်။

'အင်းလေ...ဒီညတော့ စခန်းမှာပဲ နေရလိမ့်မယ်၊ မနက်ကျတော့ အာမခံပေးမယ့်လူကို အကြောင်းကြားပေ့ါ။ ကဲ...သူ့ကိုယ်ရေးရာဇဝင် မှတ်တမ်းယူထားလိုက်'

ရဲတပ်ဖွဲ့ဝင် တစ်ယောက်က သူ့ကို စားပွဲတစ်လုံးဆီ ခေါ်သွား ထိုင်ခိုင်းသည်။

'ကဲ ပြော၊ နာမည်ဘယ်သူလဲ' သူက မပြောဘဲနေလိုက်—



www.burmeseclassic.com

www.burmeseclassic.com



'ပြောလေဗျာ'

'ကြော့မောင်' အဖေနာမည်။ မှတ်ပုံတင်အမှတ်။

သူက တစ်ခုစီကို ခပ်လေးလေး ဖြေနေသည်။

'အသက်' သူ တစ်ချက်မော့ကြည့်ပြီး...

'ဒါက အရေးကြီးလို့လား'

'အရေးကြီးတာပေါ့၊ ကိုယ်ရေးရာဇဝင်ဆိုတာ အကုန်အပြည့်အစုံယူရတာပဲ၊ ကဲ...ပြောဗျာ၊ အသက် ဘယ်လောက်ရှိပြီလဲ'

သူက နံရံကိုငေးကြည့်နေပြီးမှ ခပ်ဆိုင်းဆိုင်းဖြေလိုက်သည်။

'ခြောက်ဆယ့်ငါးနှစ်'

(နှင်းဆီ၊ ၁၉၉၄၊ ဖေဖော်ဝါရီ)

BURMESE CLASSIC .com

www.burmeseclassic.com